www.burmeseclassic.com



# ရှင်မြတ်နိုး

ဓါကလောင်ခွဲ

# သင်မြတ်နိုး

သံ ဇေယာ စဉ် တွယ်တာ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ■ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ■ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ■ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ■ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ■ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ■ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ■ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်း

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ■ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေ
- ■ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ■ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ■ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ■ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ■ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ■ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ■ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ■ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- ■ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှော
- ■ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- ■ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၅၁၅၀၄၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၅၆၀၆၀၈ |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | အောင်မင်းလွင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |


၆

## အခန်း (၁)

"ကျွန်မက ဒေါက်တာမေတ္တာဘုံပါ၊ ဒေါ်မျိုးမြတ်မာလာဆီက အလုပ်ခန့်စာရောက်လာလို့ ကျွန်မ အလုပ်ဝင်ဖို့လာခဲ့တာပါ"

ကြီးမားခန့်ထည်ပြီး မြင့်မားလှွန်းသော အနက်ရောင်နှင့်ရွှေရောင်များ ရောထွေးနေသည့် သံပန်းတံခါးကြီးရှေ့မှာ ခြေစုံရပ်ပြီး လူခေါ်ဘဲလ်အား နှိပ်လိုက်သည်နှင့် လူမဲမဲဝဝ ဘီလူးကြီးတစ်ကောင် ထွက်လာလေသည်။ ဒေါက်တာမေတ္တာဘုံပင် လန့်သွားရ၏။ အနက်ရောင်စံအိမ်ကြီးကိုလာဖို့ သူမဆုံးဖြတ်မိသွားရသည့်အထိပင် လူဘီလူးကြီးသည် သူမအား ပြုံးကျယ်သောမျက်ဝန်းတွေနှင့် စူးစူးစိုက်စိုက်ကြည့်နေသေးသည်။ ဘုရားရေ အနက်ရောင်စံအိမ်ကြီးရဲ့ အရှင်သခင်မ ဒေါ်မြင့်မြတ်မာလာကိုယ်တိုင်

www.burmeseclassic.com



က ဘုံ့ဆီ အလုပ်ခန့်အပ်ကြောင်းနှင့် အလုပ်ဝင်ရမည့်ရက်ကို သတ်မှတ်ပေးကာ ကိုယ့်အစီအစဉ်နှင့်ကိုယ် လာရောက်ရမည်ဖြစ်ပြီး မိမိနာမည် ပြောပြလိုက်သည်နှင့် အလွယ်တကူ ဝင်ခွင့်ရမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့၏။ အခုတော့ ဒေါ်မြင့်မြတ်မာလာ နာမည်ပြောလိုက်ပေမယ့် အစောင့်ဖြစ်ဟန်တူသော လူ့ဘီလူးကြီးက မျက်လုံးပြူးကြီးတွေနှင့် စားတော့ဝါးတော့မတတ် ကြည့်နေလေသည်။

“ကျွန်မ ဒေါက်တာမေတ္တာဘုံပါ၊ ဒေါ်မြင့်မြတ်မာလာနဲ့ တွေ့ပါရစေ”

“အထောက်အထား”

“ရှင်”

လူကောင်ကြီးက ကြီးမားသလောက် အသံက သြောင်နာနာနှင့် ပြိတ္တာကြီးတစ်ကောင်ရဲ့ အသံမျိုး ဖြစ်နေတာ ကြားလိုက်ရ၍ ဘုံကျောထဲမှ စိမ့်ပြီး ကြောက်ရွံ့သွားရလေသည်။ ဘုံ ပြန်လှည့်သွားရင် ကောင်းမလား။ မဖြစ်သေးပါဘူး ဘုံ့မှာ ပြေးစရာ





မြေမရှိတာပဲ။ လာပြီးမှတော့ မထူးပါဘူးလေ ဘုံ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချပစ်လိုက်လေတော့သည်။ စိတ်တွေကို တင်းပစ်လိုက်၏။ ဖြစ်ချင်ရာဖြစ်စေပဲ။ ဘုံ အနက်ရောင်စံအိမ်ကြီးထဲမှာပဲ နေထိုင်သွားဖို့ ဆုံးဖြတ်ထားလိုက်သည်။

“ဒီမှာ ကျွန်မကို ဒေါ်မြင့်မြတ်မာလာက အလုပ်ခန့်ကြောင်း အကြောင်းကြားစာပါ”

သူမအိတ်ထဲမှ အကြောင်းကြားစာကို ထုတ်ယူပြီး အထောက်အထားအဖြစ် ပြလိုက်လေသည်။

“ကျုပ် စာမတတ်ဘူး၊ မဖတ်တတ်ဘူး”

“ရှင်”

“ခဏစောင့်၊ ကျုပ် ဒီဟာကို အစ်ကိုလေး လမင်းသာကို ပြမယ်၊ မင်း ဒီမှာပဲစောင့်နေပါ”

“ဟုတ်ကဲ့”

“ဂျိုင်း”

“အမေ့”



www.burmeseclassic.com

www.burmeseclassic.com



တံခါးကြီးကို ဂျိုင်းခနဲမြည်ဟီးသွားအောင် ပိတ်သွား၍ ဒေါက်တာမေတ္တာဘုံ အထိတ်တလန့် ဖြစ်သွားရလေသည်။ ဒုက္ခပါပဲ နော်၊ ဘယ်လိုလူတွေလဲ၊ ကြီးကျယ်ခမ်းနားနေလိုက်တာ။ မေတ္တာဘုံ ပြန်လှည့်ပြီး ထွက်ပြေးလိုက်ချင်ပေမယ့် ခြေလှမ်းတွေက တွန့်ဆုတ်လေတော့၏။ ဆန္ဒကဆန္ဒပါပဲ။ ဒေါက်တာမေတ္တာဘုံရဲ့ ဘဝက အနက်ရောင်စံအိမ်ကြီးထဲကို ခိုဝင်နေထိုင်ဖို့ တစ်ခုလွဲပြီး တခြားရွေး ချယ်စရာလမ်း မရှိတော့ပေ။ ဒေါ်မြင့်မြတ်မာလာ ဘယ်ရောက်နေလဲ။ အပြင်ဘက်မှာ နှင်းမှုန်တွေ တဖွားဖွားကျနေပြီး အလွန်ပင် ချမ်းစိမ့်အေးမြနေတော့၏။ မေတ္တာဘုံရဲ့ ခန္ဓာကိုယ်လေး ပင် အနွေးထည်အထပ်ထပ် ဝတ်ဆင်ထားပေမယ့် အသည်းခိုက် မတတ် ချမ်းတုန်နေလေသည်။

"အနက်ရောင်စံအိမ်ကြီးမှ မိသားစုဆရာဝန်တစ်ယောက် အလိုရှိသည်။ လစာငွေကောင်းကောင်းပေးမည်။ စားသောက်နေ ထိုင်ရေးအားလုံး တာဝန်ယူသည်။ စိတ်ချလုံခြုံမှုရှိသည်"

ဟူသော သတင်းစာပါ ကြော်ငြာကို ဖတ်မိသည်နှင့်





သူမဝမ်းသာအားရ အလုပ်လျှောက်မိခဲ့၏။ မေတ္တာဘုံ လိုအပ်နေတာက နားခိုရာ၊ လူတွေနှင့် အဝေးဆုံးနေရာလေးတစ်ခု အလိုရှိ၍ မေတ္တာဘုံ အလုပ်လျှောက်ရှုလိုက်၏။ အမြန်ဆုံးပဲ အလုပ်ခန့်ကြောင်း အနက်ရောင်စံအိမ်ကြီးမှ အကြောင်းကြားစာ ရောက်လာလေသည်။

"ကျွိ"

"ဟာင်"

ဒေါက်တာမေတ္တာဘုံ အတွေးလွန်နေစဉ်မှာပင် ပိတ်ထားသော တံခါးကြီးက ပြန်၍ပွင့်သွားလေ၏။ တံခါးဝမှ လူ့ဘီလူးကြီးကာ ဗင်လာခဲ့ပါပြောသဖြင့် သူမ ခြံဝင်းကြီးထဲ ဝင်လာတော့သည်။

"ဟာင်"

တောအုပ်တစ်အုပ်လို ကျယ်ဝန်းလွန်းသော ခြံကြီးထဲမှာ အနက်ရောင်စံအိမ်ကြီးက မားမားမတ်မတ်ကြီး တည်ရှိနေလေသည်။ အနားကွပ်တွေမှာ ရွှေရောင်တွေ သုတ်ထားပြီး ကျက်သရေမင်္ဂလာ မရှိလိုက်တာဟု စိတ်က တွေးမိနေပြီး ကြောက်လာမိသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘုံ မှားသွားပြီလား။ ခြေလှမ်းတွေက ဆက်လှမ်းလို့မရတော့အောင်ပင် တုန်ရီတွန့်ဆုတ်လေးလံသွားရ၏။

"ဂျိုင်း"

"ဟင်"

တံခါးကြီးက ပိတ်သွားလေသည်။ လူ့ဘီလူးကြီးက ဝင်သွားဟု ပြောလိုက်၏။ ဒုက္ခပါပဲ၊ ဘုံတော့ ဒုက္ခတွေ အကြီးအကျယ်ရောက်တော့မည်ထင်ပါရဲ့။ စိတ်ထဲမှာ တုန်လှုပ်ချောက်ချားနေပြီး ခန္ဓာကိုယ်လေးပင် တဆတ်ဆတ်တုန်ရီချင်လာရသည်။ အေးလိုက်တာ စိမ့်နေတာပဲ။ ဆောင်းလေကလည်း ခပ်ကြမ်းကြမ်းလေး တိုက်ခတ်နေ၏။ မေတ္တာဘုံ စိတ်တွေကို ထိန်းချုပ်နေသည့်ကြားမှပင် မေးက တဆတ်ဆတ် တုန်ပြီး သွားတွေချင်းပင် ထိခတ်သံ ကြားနေရ၏။

"ဝင်လေ"

"ရှင်"

"ဒီအနက်ရောင် စံအိမ်ကြီးထဲ ဝင်မိပြီးရင် ပြန်ထွက်ခွင့်





မရှိတော့ဘူး၊ ဝင်သွားလေ အစ်ကိုလေးစောင့်နေတယ်"

"ဟုတ် ဟုတ်ကဲ့"

မေတ္တာဘုံ နင်မဝင်လို့မှ မဖြစ်တော့တာပဲ။ နင့်ဘဝမှာ ရှေ့ဆက်တိုးဖို့ပဲ ရှိတော့တယ်လေ။ နောက်ပြန်ဆုတ်လို့မှ မရတော့တာ။ အရာအားလုံးကို သတ္တိရှိရှိ ရင်ဆိုင်ပစ်လိုက်စမ်းပါဟာ။ ဝင်သွားစမ်းပါ။ နင့်ဘဝက သန်းခေါင်ထက် ညဉ့်မနက်တော့ပါဘူး။ ဝင်လိုက်ပါ၊ ဘုံကိုယ်ဘုံ အားပေးပြီး အိမ်ကြီးထဲ ဝင်လိုက်လေသည်။

"ခေါက်တာမေတ္တာဘုံ ထင်တယ်"

"ဟုတ်"

"လာပါ"

အိမ်ကြီးထဲက အသုံးအဆောင် ပရိဘောဂတွေကတော့ တန်ဖိုးကြီးမားသော ခေတ်မီအသုံးအဆောင်ပစ္စည်းတွေ ဖြစ်နေသည်။ အံ့သြစရာပါပဲ၊ အပြင်နှင့် လုံးဝခြားနားစွာဖြင့် ခေတ်မီသားနားသော ဘုံဗိမာန်သစ်လေး တစ်ခုကဲ့သို့ ထင်မှတ်ရင်း စောစောက ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ နည်းနည်းလျှော့ပါးသွားရသည်။

"ထိုင်ပါ"

"ဟုတ်"

"မာမီမရှိဘူး"

"ရှင်"

"ညနေမှ ပြန်ရောက်မယ်၊ ဒေါက်တာလာမယ်ဆိုတာတော့ မှာသွားပါတယ်၊ အခန်းမှာသွားပြီး အနားယူလို့ရပါပြီ၊ မအိုစာ ဒေါက်တာ့အခန်းကို လိုက်ပို့လိုက်ပါ"

"ဟုတ်ကဲ့"

မအိုစာဆိုတဲ့ အိမ်ဖော်မကြီးကို ကြည့်ပြီး ဒေါက်တာမေတ္တာဘုံ အတော်လေး စိတ်ပျက်သွားရလေသည်။ ရှေးဟောင်းပုံပြင်တွေက စုန်းမကြီးတစ်ယောက်လိုပဲ။ အသားက မည်းနက်နေ၏။ သွားတွေကတော့ ညီညာဖြူဖွေးနေလေသည်။ ဒေါက်တာမေတ္တာဘုံရဲ့အိတ်ကို ကောက်ယူပြီး ရှေ့မှထွက်သွားတော့၏။

"လိုက်သွားပါ"





"ဟုတ်ကဲ့"

လမင်းပြာဆိုတဲ့လူကတော့ ဒေါက်တာမေတ္တာဘုံထက် နည်းနည်းပဲကြီးမည်ထင်ရပြီး ချောမောနုဖတ်ပြီး ယောက်ျားထဲမှာတော့ စွဲဆောင်မှုတွေ အရှိဆုံး ယောက်ျားတစ်ယောက်ဟု ထင်မိနေမိလေသည်။ မျက်ဝန်းအကြည့်တွေက အေးချမ်းပြီး ညို့မျက်ဝန်းတွေဟု စိတ်ကတွေးမိနေ၏။ မေတ္တာဘုံက. ယောက်ျားတွေကိုမုန်းသည်။ ရွံနေမိ၏။ ဘယ်တော့မှ အထင်မကြီးဘူး။ စိတ်မဝင်စားမိအောင် နေခဲ့သည်။ မပတ်သက်မဆက်ဆံခဲ့ပေ။

"ဒေါက်တာ"

"ရှင်"

"ဝင်ပါ"

"ဟုတ်"

ဒေါ်အိုစာကတော့ စောစောက ပြိတ္တာကြီးလိုမဟုတ် အသံအကျယ်ပြီး မာထန်နေလေသည်။ ဘုံအခန်းထဲ ဝင်လိုက်၏။ အရမ်းကိုလှပပြီး ခမ်းနားနေတဲ့ အိပ်ခန်းလေးပါပဲ။ အသုံးအဆောင်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို လိုလေသေးမရှိအောင် ပြင်ဆင်ပေးထားသည်။

"ဒါ ဒေါက်တာ့အခန်းပါပဲ၊ လိုအပ်တာရှိရင် ဟိုမှာရှိနေတဲ့ လက်ကိုင်ဖုန်းကတစ်ဆင့် ဆက်သွယ်ပါ၊ ဒီဖုန်းစာအုပ်ထဲမှာ တစ်အိမ်လုံးကိုဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ်တွေရှိပါတယ်"

"ဟုတ်"

"အနားယူပါ"

"ဟုတ်"

ဒေါ်အိစာ ထွက်သွားမှ သူမအခန်းထဲကို လှည့်ပတ်ကြည့်မိသည်။ အခန်းလေးကတော့ ခေတ်မီလှပပါတယ်။ အသုံးအဆောင်တွေကလည်း အပြည့်အစုံ ရှိနေ၏။ အပြင်ကနှင့် တခြားစီပါပဲလား။ စားပွဲပေါ်မှာ လက်ကိုင်ဖုန်းအနက်ရောင်လေး တစ်လုံးရှိနေသည်။ သူတို့တွေအားလုံးက အနက်ရောင်ကို နှစ်သက်ပုံပင်။ အိစက်ညက်ညောနေတဲ့ အိပ်ရာကြီးပေါ်မှာ ဘုံ ထိုင်လိုက်မိ၏။ ဘုံ့အတွက် ခိုနားရာ အခက်အခဲတွေကြုံနေလို့ ဘာပဲဖြစ်ဖြစ်ဆိုပြီး သတင်းစာကြော်ငြာမှာ တွေ့တဲ့အလုပ်တစ်ခုကို လျှောက်လိုက်မိ





လေသည်။ ဘုံ ရင်ဆိုင်ရတော့မှာပဲ နေထိုင်ရတော့မှာပဲ။ မေတ္တာဘုံ ရယ် နင့်မှာ ပြေးစရာမြေရှိလို့လားဟယ်။ အိပ်ရာကြီးပေါ် ပြစ်လှဲချလိုက်၏။ အနက်ရောင်စံအိမ်ကြီးကို လာရတာ ပုန်းလျှိုးကွယ်လျှိုးဖြတ်သန်းလာခဲ့ရသဖြင့် မောပန်းလာခဲ့သည်။ အိပ်ရာပေါ် လှဲမိသည်နှင့် မျက်ဝန်းတွေက မှေးစင်းသွားရပြီး အိပ်ပျော်သွားရလေသည်။

"ဘုံ ညည်းလေး ငါ့လက်ထဲက မလွတ်နိုင်ပါဘူး၊ ညည်းလေးဘဝမှာ ငါ့ကိုပဲ အားကိုးရာရှိတော့တာလေ၊ ညည်းလေး ဒီလိုဆရာဝန်မလေးတစ်ယောက်ဖြစ်အောင် ငါပဲ ထောက်ပံ့ပေးခဲ့တာပါ"

ဘုံ့အိပ်ခန်းထဲကို ဝင်လာသော ဒေါ်လေးမာယာဘုံရဲ့ ယောက်ျား ဦးအဂ္ဂကို တွေ့လိုက်ရသဖြင့် ဘုံ အထိတ်တလန့်နှင့် အသားလေးတွေပင် တဆတ်ဆတ် တုန်အောင် ကြောက်ရွံ့သွားရလေသည်။

"ညည်းလေး အဒေါ်မာယာ့ကိုယ်တိုင်က ညည်းလေး



www.burmeseclassic.com

ဆရာဝန်ဖြစ်အောင် ထောက်ပံ့ကူညီပေးပါ၊ ညည်းလေး ဆရာဝန်ဖြစ်ရင် မာယာက ငါ့ကို ကွာရှင်းပေးပါ့မယ်တဲ့၊ ပြီးတော့ ညည်းမွေးအပေါ် ငါ့ဆန္ဒတွေအတိုင်းပဲ ဆက်ဆံပြုမူပါတဲ့လေ''

''ဟင်''

မဖြစ်နိုင်တာပဲ။ ရှင်ဘာတွေလာပြောနေတာလဲ။ ဒေါ်လေးမာယာရော ဘာတွေလုပ်နေခဲ့တာလဲ။ ဘုံ့အား ဒေါ်လေးမာယာက သူ့ဆီလာဖို့ ခေါ်ခဲ့သည်။ ဘုံ ဆယ်တန်းမှာ ဂုဏ်ထူးတွေနှင့် အောင်မြင်သည့်နှစ်မှာပင် ဘုံ့မေမေ ဆုံးပါးသွား၏။ ဒေါ်လေးမာယာက သူမအား အဆောင်မှာထားပြီး ဆေးကျောင်းတက်စေသည်။ ဘုံ့ကို ထောက်ပံ့နေတဲ့ ဒေါ်လေးမာယာရဲ့ ယောကျ်ားဆိုပြီး ဦးလေးအဂ္ဂအား ခေါ်ဆောင်လာတတ်သည်။

''ဘုံ ညည်းလေး ဆရာဝန်ဖြစ်အောင် ကြိုးစားနော်၊ လေးလေး လိုလေသေးမရှိအောင် ထောက်ပံ့ပေးမယ်၊ ဘာမှအားမငယ်နဲ့နော်''

ဒေါ်လေးမာယာရဲ့ ယောကျ်ားကိုတော့ ဘုံ လုံးဝသဘော





တွေ့မိပေ။ မျက်လုံးအကြည့်တွေကို ရွံ့မုန်းခဲ့မိသည်။ ဒါပေမယ့် ဘုံ့ဘဝမှာက မိဘမဲ့ဖြစ်နေခဲ့ရ၏။ ထောက်ပံ့မည့်သူက ဒေါ်လေးမာယာပဲ ရှိခဲ့တာပါ။ ဘုံ ဆရာဝန်လေးဖြစ်တော့ နယ်မှာ တာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်အလာတွင် ဒေါ်လေးမာယာက သူနှင့်လာတွေ့မှ ခေါ်သဖြင့် ဘုံ လာခဲ့သည်။

''ဘုံ ဒေါ်လေးမာယာအနားမှာ ခဏနေပါဦး၊ ညည်းလေးက အဆောင်မှာပဲနေတော့ ဒေါ်လေး အရမ်းလွမ်းတယ်၊ တစ်ပတ်လောက်တော့နေပါဦး''

ဒေါ်လေးဆန္ဒတွေအတိုင်း ဘုံ နေခဲ့မိလေသည်။ ညဘက်တွင် ဒေါ်လေးမာယာယောကျ်ား ဦးလေးအဂ္ဂက ဘုံ့အိပ်ခန်းထဲဝင်လာတော့၏။ ဒေါ်လေးမရှိတော့ဘူးတဲ့။ သူနဲ့ကွာရှင်းလိုက်ပြီတဲ့။

''ညည်းလေး ချမ်းချမ်းသာသာ မနေချင်ဘူးလားကွာတုံ့ရယ်၊ လေးလေးအဂ္ဂ ပိုင်ဆိုင်သမျှ ညည်းလေးပဲ အားလုံးများလေ၊ ညည်းလေးနာမည်နဲ့ အားလုံးလွှဲပေးမှာပါ''

''ရှင် ရှင် ဘာတွေလာပြောနေတာလဲ၊ ဖယ်ပါ၊ ဒေါ်လေး

www.burmeseclassic.com



မာယာရော၊ ကျွန်မ အော်လိုက်မှာနော်''

''အော်လည်း ဘယ်သူမှကြားမှာမဟုတ်ဘူးလေ
မင်းလေး ငါ့လက်ခုပ်ထဲကရေ ဖြစ်နေပြီ၊ မင်းအခေါ်ကိုယ်တိုင်
ငါ့လက်ခုပ်ထဲကရေ ဖြစ်နေပြီပဲ၊ အဟွန်း ဟွန်း ဟွန်း''

ကြောက်စရာကောင်းတဲ့ ရယ်မောသံကြီးနှင့် ရမ္မက်ခိုးတွေ
ဝေနေတဲ့ မျက်လုံးတွေကို ဘုံ ကြောက်လန့်တကြား ရင်ဆိုင်လိုက်
ရလေသည်။

''ညည်းလေး မငြင်းဆန်ပါနဲ့၊ ဒီမှာ လူတစ်ယောက်
မရှိဘူး၊ ညည်းလေးကို ကယ်မယ့်သူလည်း မရှိဘူး၊ လေးလေး
ငြင်းဆန်နေမယ်ဆိုရင်တော့ ညည်းလေးကို သတ်ပစ်မှာနော်''

ဘုံ ဘာလုပ်ရမှန်းမသိတော့ အရှက်ကို အသက်နှင့်လဲ
ပဲ ဆုံးဖြတ်လိုက်လေသည်။ စိတ်ကို တည်ငြိမ်အောင်ထားလိုက်ပြီး
ဘုံ ခေါင်းရင်းမှာရှိနေတဲ့ ပန်းအိုးကို ကောက်ယူလိုက်ပြီး ဦးလေး
အဂ္ဂရဲ့ခေါင်းကို ရိုက်ချပစ်လိုက်လေသည်။

''အား''





ခေါင်းမှသွေးတွေ ထွက်လာပြီး ဦးလေးအဂ္ဂ လဲကျသွား
တော့သည်။ ဘုံလည်း နောက်ကြောင်းကို လှည့်မကြည့်ဘဲ ပြေး
ထွက်လာမိ၏။ လူယုတ်မာကြီး ဦးအဂ္ဂ သေပြီလား။ ကြောက်လိုက်
တာ၊ ဘုံ လမ်းမအထိ ပြေးထွက်လာခဲ့ပြီး သူမအဆောင်မှာ
ပုန်းအောင်းနေပြီး သတင်းစာကြော်ငြာပါ အလုပ်ကို လျှောက်ခဲ့လေ
သည်။

''ခေါက်''

''ခေါက်''

''ခေါက်''

''ဟင်''

အပြင်မှ တံခါးခေါက်သံကြောင့် ဘုံ အထိတ်တလန့်နှင့်
မျက်ဆိုးတွေ မက်နေရာမှ လန့်နိုးလာရလေသည်။ ဘုံကိုယ်လေး
မှာ ချွေးတွေနှင့် ရွဲနစ်နေ၏။ ရင်တွေ တဒိန်းဒိန်းတုန်ရီနေဆဲပင်ဖြစ်
သည်။

''ခေါက်''



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

"ဒေါက်တာ"

"ဒေါက်"

"အိပ်နေလား"

"ဒေါက်"

သူမ အိပ်ရာပေါ် အနိုင်နိုင်လူးလဲထပြီး တံခါးဖွင့်ပေး

လိုက်မိလေသည်။



## အခန်း (၂)

"ဟင်"

"ရှူး"

"ဒေါ်လေးမာယာ"

"ရှူး"

တံခါးအဖွင့်တွင် ဒေါ်လေးမာယာကို တွေ့လိုက်ရသဖြင့် ... အံ့သြတုန်လှုပ်သွားရလေသည်။ ဒေါ်လေးမာယာတို့ ခန္ဓာကိုယ် ...အား တွန်းပြီး အခန်းထဲဝင်လိုက်ကာ တံခါးကို ပိတ်ပစ်လိုက် ... ကျောက်ရုပ်လေးတစ်ရုပ်လို ရပ်ကာ ကြောင်ကြည့်နေသော ...အား တိုးကပ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ"

"ဟင်"

"ညည်းလေးကို တမင် ခေါ်လေးမာယာ ခေါ်လိုက်တာ ပါ"

ဘုံ အသိမဲ့သွားရာမှ အသိတွေ ပြန်ဝင်လာရလေသည်။ လုံးဝမထင်မှတ်ထားတဲ့ နေရာတွင် ခေါ်လေးမာယာကို တွေ့လိုက်ရ၏။ ဘုံ အရမ်းအံ့သြတုန်လှုပ်သွားရလေသည်။

"ခေါ်မြင့်မြတ်မာလာဆိုတာ ခေါ်လေးမာယာပါ"

"ဟို ဟို"

"ဟုတ်တယ် ဘုံ၊ နေတို့လတို့ရဲ့ မိထွေးပဲ"

"ရှင်"

ခေါ်လေးမာယာက ငယ်ငယ်လေးထဲက လုပ်ချင်တာတွေ လုပ်တတ်ပြီး နာမည်နှင့်လိုက်ဖက်စွာ မာယာများတတ်သူ ဖြစ်၍ မိဘအသိုင်းအဝိုင်းကပင် စွန့်ပစ်ထားခြင်း ခံရလေသည်။

"ဟိုလူယုတ်မာကြီးကို ခေါ်လေးမာယာ မပေါင်းချင်တာ





ကြာပြီပဲ၊ အခု နင်သတ်ပစ်လိုက်တာမဟုတ်လား"

"ဟင်"

"ခေါ်လေးမာယာရှိတယ်၊ ထွက်သွားချင်ယောင်ဆောင်ပြီး ဘုံ့ကိုကူညီမလို့"

"ခေါ်လေးကိုယ်တိုင်က ဘုံ့ကို ခေါ်လိုက်တာမဟုတ်လား၊ ဘယ့်တူမကို ဘာဖြစ်လို့ ဒီလူယုတ်မာကြီးလက်ထဲ အပ်ရတာလဲ၊ ခေါ်လေး ရက်စက်လိုက်တာ"

"ဘုံ ဆရာဝန်ဖြစ်ဖို့ ရင်းရတာလေ၊ ခေါ်လေးမာယာမှ ဆင်မပြေတာပဲ၊ ဒီလူယုတ်မာ... က လွတ်မြောက်ဖို့လေ၊ ဘုံ့ကိုရရင် ခေါ်လေးကို ကွာရှင်းပေးမယ်တဲ့"

"ဘုံ့ကိုတော့ ခေါ်လေးမာယာက အသုံးချသွားတယ်ပေါ့ ..."

"ငါရှိပါတယ်၊ နင်က အသက်နဲ့လဲမယ်ဆိုတာ ငါလည်း ...မသွားသေးပါဘူး၊ နင့်ကိုကူညီမှာပါ"

"ခေါ်လေးယောကျ်ားကို ခေါ်လေးကိုယ်တိုင် မသတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဘုံ့ကို ဒုက္ခရောက်အောင် လုပ်ရတာလဲလို့"

ဘုံ နင်က ငါ့တူမအရင်းမဟုတ်ဘူး။ ငါက မွေးစားသမီးပဲ။ ဒါကြောင့် ဘာမဟုတ်တဲ့ ပြစ်မှုလေးနဲ့ ငါ့ကို အမွေဖြတ်ကြတာလေ။ စွန့်ပစ်လိုက်ကြတာပဲ။ နင့်အမေ သူဇာဘုံက ငါ့ကို မျိုးရိုးမသန့်ဘူးဆိုပြီး ညီမတော်ရမှာ ရှက်တယ်။ ငါက လမ်းပေါ်မှာ ကိုယ်ရေပြားရောဂါသည် မိန်းမကြီး လာစွန့်ပစ်ခဲ့တဲ့ ကလေးပဲလေ။ ငါ့နောက်ကြောင်းရာဇဝင်ကို ငါ့မွေးစားမိဘတွေတောင် မသိကြဘူး။ ငါ့ကို ချစ်စရာလေးဆိုပြီး လမ်းပေါ်မှာတွေ့တော့ ချစ်စရာလေးဆိုပြီး ငါ့မွေးစားအဖေနဲ့ အမေက ခေါ်လာပြီး မွေးစားခဲ့တာပါ။ ဒါပေမယ့် ငါ့နောက်ကြောင်းရာဇဝင်ကို မှတ်တမ်းရေးတတ်တဲ့ ငါ့အကျင့်စရိုက်တွေကြောင့် နင့်အမေ သိသွားပြီး ငါ့ကို ရှက်တယ်တဲ့။ ငါ့မွေးစားမိဘတွေ စိတ်ထိခိုက်မှာစိုးလို့ ဖွင့်မပြောပေမယ့် ငါ့ကို ညီမတော်ရမှ နင့်အမေက ရှက်နေတယ်။ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ငါ့ကို အမွေပြတ်စွန့်ပစ်အောင် နင့်အမေက ကြိုးစားခဲ့တယ်လေ။





"ဒေါ်လေးမာယာ"

"ဟင်"

"ဒေါ်လေးမာယာ ဘာတွေဆက်လုပ်ဦးမလို့လဲ၊ ဒီဘဝကို ဘယ်လိုရအောင် ယူခဲ့တာလဲ၊ ဘုံ့ကိုရော ဘယ်လိုအယ်ပဲ၊ ဦးမလို့လဲ" နှောင့်ပဲ"

"ဘုံ နင့်ဒေါ်လေးကို ဘယ်လိုပြောလိုက်တာလဲ၊ နင့်ကြောက်လန့်ပြီး ခိုကိုးရာမဲ့ဘဝ ရောက်နေလို့ ဒေါ်လေး ခေါ်လိုက်တာပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ဒေါ်လေးမာယာက နင့်ကို ဆရာဝန်ဖြစ်အောင်လည်း လုပ်ပေးခဲ့တယ်၊ အခုလည်း နင့်ကို လုံခြုံစိတ်ချရတဲ့ နေရာလေးကို ခေါ်ထားတာပါဟယ်"

ဒေါ်လေးမာယာရဲ့ လုပ်ရပ်တွေကို ဘုံ စိတ်ပျက်မိလေသည်။ တူမကိုချစ်တာကလည်း ချောက်ထဲတွန်းချလိုက်ပြီးမှ ကောက်ရိုးတစ်မျှင် ကမ်းပေးသလို ဖြစ်နေ၏။ ဘုံ ရာဇဝတ်မှု ကျူးလွန်လိုက်မိသည်။ ဒေါ်လေးမာယာ ဘာတွေလုပ်နေတာလဲ။ ဘုံ အံ့သြတုန်လှုပ်နေဆဲပင် ဖြစ်၏။ ဒေါ်လေးမာယာကတော့



www.burmeseclassic.com

www.burmeseclassic.com



တကာယ့်ကို ချမ်းသာကြွယ်ဝတဲ့ သူဌေးမကြီးတစ်ယောက် ဖြစ်နေလေသည်။

ပဲ။ "ဘုံ"

တာ၊ "ဟင်"

"ဒေါ်လေးမာယာကို ဒေါ်မြင့်မြတ်မာလာအဖြစ်ပဲ သိထားပါ၊ သွေးသားတော်စပ်တယ်ဆိုတာ လုံးဝမသိစေပါနဲ့"

"ဦးလေးအဂ္ဂ သေသွားပြီလားဟင်"

"မသိဘူး၊ သေပြီထင်တာပဲ၊ နင် ထွက်ပြေးသွားတာနဲ့ ဒေါ်လေးမာယာလည်း ထွက်ပြေးလာခဲ့တာပဲ၊ သေပြီထင်တယ်၊ ငါထွက်လာတော့ သွေးအိုင်ထဲမှာလဲနေတယ်လေ"

သူမတွေးမိတိုင်း ထိတ်လန့်ကြောက်ရွံ့နေဆဲ ဖြစ်နေသည်။ ဒေါ်လေးမာယာကြောင့်ပါပဲ။ ကိုယ့်တူမကို ဒီလိုပဲလုပ်ရသလား မုန်းလိုက်တာ။ အခုရော ဒေါ်လေးမာယာ ဘုံ့ကို ဘာတွေအသုံးချဦးမှာလဲ။

"မထူးတော့ပါဘူး ဘုံရယ်၊ နင်ပုန်းနေတဲ့အချိန်မှာ





ဒေါ်လေးမာယာဘဝအတွက် ခိုနားရာရှာနေရင်း ကိုရန်နောင်နဲ့ တွေ့ရတာပဲ"

"ကိုရန်နောင်"

"အင်း…ညည်းလေးနဲ့ တွေ့ခဲ့တဲ့လက ညီအငယ်ပဲ၊ အကြီးက နေမင်းထင်၊ နေတဲ့၊ သူတို့ရဲ့အဖေက ဦးရန်နောင်ပဲ"

"ဒေါ်လေးနဲ့"

"အစောကြီးထဲက ခင်မင်နေကြတာလေ၊ ဒေါ်လေးမာယာကို အပျိုကြီးလို့ ထင်နေတယ်၊ ဒါကြောင့် ကိုအဂ္ဂကို ကွာရှင်းခဲ့လိုက်တာပဲ"

"ဒေါ်လေးရယ် ဘုံ့ကိုတော့ သေချင်သေ၊ အရှက်ကွဲချင်ကွဲပေါ့"

"ညည်းလေးကို ကျုပ် စောင့်ကြည့်နေတာပါ၊ ညည်းကိုဘစ်ခုခုစော်ကားရင် ကျုပ်က ဝင်ရိုက်ပစ်မှာပါ"

"ဒေါ်လေးရယ်"

ဘုံ တကာယ်ပဲ ဒေါ်လေးမာယာကို စိတ်ပျက်သွားရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘုံဘဂက သေဆုံးသွားရပါပြီ။ ဆရာဝန်မလေးဖြစ်ပြီး လူ့သတ်သမားတစ်ယောက် ဖြစ်နေရသည်။ ဘဝဆုံးသွားရပြီပဲ။ ဒေါ်လေးမာယာနှင့် ဘုံတို့ ကွဲကွာသွားတာ ကြာနေ၏။ မေမေက လည်း ဒေါ်လေးမာယာနှင့် ကင်းရှင်းအောင်နေပါတဲ့။ ဒါပေမယ့် မမျှော်လင့်ဘဲ မေမေသေဆုံးသွားတဲ့အချိန်တွင် ဒေါ်လေးမာယာ ရောက်လာပြီး ဘုံ့အား ထောက်ပံ့ကူညီခဲ့လေသည်။

"ဒေါ်လေးမာယာကို မမက ဘယ်လောက်ပဲ အသိ အမှတ်မပြုဘဲ နေပါစေ၊ ဒေါ်လေးမာယာကတော့ တူမလေးကို စောင့်ရှောက်ရမှာပဲ"

မေမေ ကွယ်လွန်ခါနီးတွင် စီးပွားဥစ္စာမရှိတော့ ဘဝရပ် တည်ဖို့ပင် ခက်နေသော ဘုံ့အတွက် အားကိုးမှီတွယ်ရာ ဖြစ်ခဲ့ သည်။ ဒေါ်လေးမာယာရဲ့ ယောကျ်ားကိုတော့ မုန်းတီးနေခဲ့မိ၏။ မျက်ဝန်းအကြည့်တွေက စူးရဲလွန်းနေသည်။ ဒေါ်လေးမာယာ ကြောင့်သာ ဘုံ့ ပတ်သက်ဆက်ဆံနေခဲ့ရ၏။ ဘုံ့ စိတ်ပျက်စွာဖြင့် ဒေါ်လေးမာယာကို ကြည့်မိနေသည်။





"မေတ္တာဘုံ"

"ရှင်"

"ဒေါ်လေးမာယာ ဒီကို ဘယ်လိုရောက်လာရတယ်၊ အနက်ရောင်စံအိမ်ရဲ့ အရှင်သခင်မ ဖြစ်လာရတယ်ဆိုတဲ့ အကြောင်း က သိပ်ပြီးအရေးမကြီးပါဘူးအေ၊ ရှင်းပြနေရင်လည်း အရှည်ကြီး ပဲ၊ ထားလိုက်တော့"

မေတ္တာဘုံ ညည်းလေးကို ဒေါ်လေးမာယာ ဘာပဲဖြစ်ဖြစ် သံယောဇဉ်တော့ ရှိပါတယ်အေ။ ကျုပ်က အတ္တကြီးတယ်။ ကမ္ဘာ မီးလောင်နေလို့ သားကောင်ချနင်းလိုက်ရတာပါ မေတ္တာဘုံရယ်။ ညည်းက ကျုပ်တူမအရင်း မဟုတ်ပေမယ့် ညည်းကိုလည်း ကြီးပွား ချမ်းသာစေချင်ပါတယ်။ ငါက ညည်းလေးအမေကို စိတ်နာတယ် မုန်းတယ် ဒါပေမယ့် တကယ်တမ်းတွေးကြည့်တော့ အရင်းနှီးဆုံး ဆွေးသွားဆိုလို့ ညည်းနဲ့ကျုပ်ပဲရှိတော့တာပါအေ။ ညည်းကို ကျုပ် ရက်စက်ချင်ပါဘူး။

"အရေးကြီးတာ ညည်းလေးကိုပြောမယ်ဘုံ"



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဘုံ့က ချောမောလှပ အိစက်နေတော့ ကောင်မ ချောချောလေး ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းက မွေးဖွားခဲ့ပေမယ့် မိခင်ရဲ့ ကျန်းမာရေးကြောင့် စီးပွားဉစ္စာတွေ မရှိတော့အောင် ဖြစ်သွားရှာပြီး ကံတော့မကောင်းပေ။

"ဘုံ"

"ရှင်"

"ကိုရန်နောင့်မှာ နေနဲ့လဆိုတဲ့ သားနှစ်ယောက်ရှိ တယ်လေ"

"အင်း"

"ညည်းလေးက အကြီးကောင်နေကို အရချိုင်ရမယ်"

"ဟင်"

"နေက ဒီအိမ်ဂေဟာကြီးမှာ သြဇာအာဏာအရှိဆုံး သားကြီး၊ ကိုရန်နောင် အချစ်ဆုံးသား"

"ဒေါ်လေးမာယာရယ် ဘုံကို ဘာဖြစ်လို့ အသုံးချချင်ရ တာလဲ၊ ဘုံ ယောကျ်ားတွေကိုမုန်းတယ် မပတ်သက်ချင်ပါဘူး





အခု ဘုံက လူ့သတ်သမား ရာဇဝတ်ဘေးဆိုတာ ပြေးလို့မလွတ်ဘူး ဆိုတာ ဒေါ်လေးမာယာသိထားပါ၊ ဘုံပြန်တော့မယ်"

"ဘုံ"

"ဘုံ အဖမ်းခံလိုက်တော့မယ်၊ ဘုံ့အပြစ်တွေ ဝန်ခံမယ် ဥပဒေကပေးတဲ့ အပြစ်တွေကိုခံမယ်"

"ဒေါ်လေးမာယာက ကြံရာပါလေ၊ ညည်း ဒေါ်လေးကို ဒါ အသက်ကြီးမှ ထောင်ထဲရောက်အောင် လုပ်တော့မလားဟင်"

ဒေါ်လေးမာယာက ဘုံ့ရဲ့ သွေးသားရင်း ဒေါ်လေး တစ်ယောက်ဖြစ်နေလည်း ဘုံ့အပေါ် ဘယ်လောက်ပဲ မကောင်း ပါစေ၊ ဘုံ သံယောဇဉ်တော့ တွယ်တာမိလေသည်။ မရက်စက်နိုင် တာတော့ အမှန်ပါပဲ။ ဘုံကိုယ်တိုင်လည်း ထောင်ထဲဝင်ရမှာ ကြောက်ရွံ့တုန်လှုပ်နေခဲ့၏။ ဒေါ်လေးမာယာကလည်း ဘုံကောင်း စားဖို့အတွက်ပဲ မဟုတ်လား။

"ဒေါ်လေးမာယာ တူမလေးက အရမ်းချောတယ်၊ အိစက် နေတာပဲ၊ ပြီးတော့ ပညာတတ် ဆရာဝန်မလေး၊ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို အသာလေး ဖမ်းစားထားနိုင်ပါတယ်''

ဘုံ ဒေါ်လေးမာယာကို စိတ်ပျက်တာ အဲဒီလို အတွေးအခေါ်တွေကြောင့်ပါပဲ။ ဒေါ်လေးမာယာဘုံကလည်း ချောမောလှပသော မိန်းမတစ်ယောက်ပါပဲ။ မေမေနှင့်တော့မတူပေ။ မျက်ဝန်းတွေက တောက်ပလွန်းပြီး လောဘရမ္မက်တွေနှင့် အတ္တတွေကြီးမားလွန်းနေသည်။

''ညည်းလေး ဘာလုပ်စရာလိုလဲ၊ နေ့ကိုအလိုက်အထိုက်နေ၊ အရာရာကို လိုက်လျောလိုက်၊ လကိုတော့ လုံးဝစိတ်မဝင်စားနဲ့နော်၊ သူက ကိုရန်နောင်ရဲ့ နောက်မိန်းမကမွေးတာ''

''ဟင် ဒေါ်လေးမာယာယောက်ျားက မိန်းမတွေအရမ်းများတာပဲလား''

''အင်း ကိုရန်နောင်က ရှုပ်တယ်၊ ပွေတယ်၊ မိန်းမများတယ်''

''ဟင်''

ဒါကြောင့်လည်း ဒေါ်လေးမာယာနဲ့ တွေ့ဆုံပြီး လက်ထပ်





ဖြစ်ကြတာပဲ။ ဒေါ်လေးမာယာက ပိုပြီးမာယာများလွန်းလေသည်။ ဘုံကတော့ အားမကျဘဲ စိတ်ပျက်နေရ၏။ ဒေါ်လေးမာယာရဲ့ လုပ်ရပ်တွေကို ဘုံ အားမပေးချင်ပေ။

''ညည်းလေး ထောင်ထဲမှာသွားနေမလား၊ ဒီမှာပဲ စိတ်မြဲပြီး သူဌေးကတော်လေး လုပ်စမ်းပါ၊ ဘုံရယ်''

တကယ်တမ်းကျတော့ ဘုံ ထောင်ထဲမှာသွားနေဖို့လည်း ဘုံဆုတ်နေမိလေသည်။ အမှုကို ရင်ဆိုင်ရမယ်။ ကိုယ့်အထုပ်ကိုယ်ဖြေပြရမှာပဲ။ ဘယ်လောက် ရက်စရာကောင်းလိုက်မလဲ။ ဘုံက ဂုဏ်သိက္ခာ ကြီးမားစွာဖြင့် ကိုယ်ကျင့်တရားကို တန်ဖိုးကြီးမားစေရန် ထိန်းသိမ်းနေထိုင်ခဲ့သည့် မိန်းကလေးဖြစ်၏။ ဘုံ့ရင်ထဲမှာ နာကျင်စူးရှနေရသည်။

''လကိုတော့ လုံးဝစိတ်မဝင်စားနဲ့နော်၊ ရုပ်ချောတာပဲရှိတာ ပြောမယ့်သာပြောရတာ လကတော့ ယောက်ျားပီသပြီး ချောမောခန့်ညားတယ်''

ဘုံ့စိတ်ထဲမှာလည်း လမင်းသာဆိုတဲ့လူကို ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ဦးအစ္စာ တည်ကြည်ခန့်ညားလွန်းသည်ဟု ထင်မှတ်နေမိသည် …ဘုံ့စိတ်တွေက ယောကျ်ားတွေကို အထင်မကြီးမိ။ ဘုံ စိတ်ည… မိ၏။ ဒေါ်လေးမာယာကြောင့် ဘုံ ဒုက္ခသောကတွေ တစီတတ… ကြီးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

"ညည်း မမိုက်မဲချင်စမ်းပါနဲ့ဘုံရယ်၊ ညည်း… ကောင်းစားရေးအတွက် ဒေါ်လေးမာယာက စီစဉ်ပေးတာပါ"

ကိုရန်နောင်ရဲ့သားကြီး နေက ဒေါ်မာယာ့ကို ဖခင်… သဘောမတူဘဲ ကန့်ကွက်ဆန့်ကျင်နေသည်။ အနက်ရောင်စံ… ကြီးထဲမှာ နေက အဓိကပဲ။ စီးပွားရေးအားလုံးကို နေမင်းထင်… ဦးစီးလုပ်ကိုင်နေ၏။ တွမချော့နဲ့ နေဆိုတဲ့ကောင်ကို ထိန်းချုပ်ရမ… လမင်းသာက အလကားကောင်လေ။ နောက်မိန်းမက … သားဆိုပြီး ဘေးဖယ်ထားခြင်း ခံနေရလေသည်။

"ညည်းလေး ထောင်ထဲမှာပဲ သွားနေမလား၊ သူ… နေမင်းထင်ကိုပဲ ရအောင်ယူမလား၊ ဒေါ်လေးမာယာစကားတွေ… နားထောင်စမ်းပါ မေတ္တာဘုံရယ်၊ ညည်းလေး ဘဝတစ်သက်…





အတွက်ပါ"

အခန်းအပြင်ဘက် မြန်ထွက်သွားတဲ့ ဒေါ်လေးမာယာဘုံရဲ့ နောက်ကျောကို ကြည့်ရင်း ဘုံ ကြေကွဲဝမ်းနည်းစွာ အော်ဟစ်ငိုကြွေးပစ်လိုက်ချင်မိလေသည်။

❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"သူလေးက ဒေါက်တာမေတ္တာဘုံတဲ့ အစ်ကိုကြီး၊ မာယ
အလုပ်ခန့်လိုက်တာပါ၊ မယ်မယ့်အတွက်လည်း လိုအပ်တယ်လေ
အနက်ရောင်ဂေဟာကြီးရဲ့ မိသားစုဝင်တွေအတွက်လေ၊ အစ်ကိုကြ
သဘောကျရဲ့လား၊ သားနေရော သဘောကျရဲ့လားကွယ်"

ဘုံ မနေတတ်မထိုင်တတ်အောင် ဖြစ်သွားရသည်
ဒေါ်လေးမာယာဘုံကတော့ နာမည်နှင့်လိုက်ဖက်အောင် အသံ
ပြစ်ပြစ် ပြောနေ၏။ ဘုံ မလိမ်တတ်ဘူး။ အပိုတွေလည်း မ
ဘူး။ မျက်နှာတွေပူလိုက်တာ၊ နေမင်းထင်ဆိုတဲ့ လူကတော့ ဘုံ
ခပ်စူးစူးစိုက်ကြည့်နေ၏။ ဒုက္ခပါပဲ၊ အလိမ်တွေပေါ်ကုန်ရင်





တော်ပြီပဲ။ ဘုံ မျက်နှာလေး ပျက်ယွင်းမသွားစေရန် အနိုင်နိုင်ထိန်း
ချုပ်နေရသည်။

"မာယာရွေးချယ်တာ တော်ပါတယ်၊ ဒေါက်တာမေတ္တာ
ဘုံက အေးချမ်းတဲ့မိန်းကလေးပဲ၊ လိုအပ်တာရှိရင် ပြောပါနော်၊
ဒီတို့မှာ မယ်မယ်ရှိသေးတယ်လေ၊ အိပ်ရာထဲက မထနိုင်ဘူး၊
အဖြတ်နေတာပါ"

"ဟုတ်ကဲ့"

"အနက်ရောင် စံအိမ်ကြီးဆိုပြီး စိတ်တွေချောက်ချားမသွား
စေချင်ပါဘူး၊ သားကြီးနေမင်းထင်က အနက်ရောင်ကို ချစ်မြတ်နိုး
လို့ပါ"

ဟွန်း ဘယ်လိုလူလဲ။ အနက်ရောင်ကိုမှ ချစ်မြတ်နိုးတယ်
ဆို လုံးဝ ကျက်သရေမရှိတာပဲ၊ အပြင်မှာ အနက်ရောင်ကြီး
သုတ်ထားတာ မင်္ဂလာမရှိလိုက်တာနော်။ နေမင်းထင်ဆိုတဲ့လူ ဝတ်
ထားတာလည်း အနက်ရောင်ပဲ။ ဒါပေမယ့် ဖြူနုနေတဲ့ သူ့အသား
အရည်နှင့် လိုက်ဖက်မှုတော့ ရှိနေလေသည်။ ကိုနေမင်းကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရတာ ဒေါ်လေးမာယာကို လက်ခံချင်ပုံ မပေါ်ပေ။

"အမိ"

"ရှင်"

"မင်းလို မိန်းမချောလေး တစ်ယောက်က ဘာဖြစ်လို့များ ဒီလို ဝေးသီခေါင်ဖျားပြီး စိတ္တဇဆန်နေတဲ့ အိမ်ကြီးထဲမှာ လာနေဖို့ ဆုံးဖြတ်တာ ငါ အရမ်းအံ့သြနေတယ်"

"ရှင်"

"နေ"

"လူဆိုတာ ဘယ်သူမှ ယုံကြည်လို့မရဘူး ဒက်ဒီ သေသေချာချာ စစ်သင့်တယ်"

"သားနေရယ် မာမီက အစ်ကိုကြီး အကူအညီတောင်းလို့ မိသားစုဆရာဝန်ရှာရတာပါ၊ ဒေါက်တာမေတ္တာဘုံက မိဘမဲ့လေးလေ၊ ပြီးတော့ ဒေါက်တာမေတ္တာဘုံကြောင့် လူတစ်ယောက် သေဆုံးသွားရပြီးထဲက စိတ်ညစ်ပြီး ဒီအလုပ်ကို လက်ခံလိုက်တာပါ"





"လူတစ်ယောက်သေသွားတယ် ဟုတ်လား၊ အမိသတ်လိုက်တာလား"

"ရှင်"

ကိုနေမင်းထင် အမေးကြောင့် ဘုံ အထိတ်တလန့်နှင့် န်လှုပ်ချောက်ချားစွာ ထိုင်နေရာမှ ထွက်ပြေးချင်တဲ့စိတ်တွေပင် ါလာရသည်။ ဘုံ မှားပြီပဲ။ ကိုယ့်အပြစ် ကိုယ်ဝန်ခံပြီး အဖမ်းလိုက်ရင် စိတ်ချမ်းသာဦးမည်။

"ဒေါက်တာမေတ္တာဘုံက လူသတ်တာမဟုတ်ပါဘူး ရယ်၊ ဆေးထိုးမှားသွားတာပါ၊ ဟိုလူကလည်း သေလုဆဲဆဲ ဂါဝေဒနာရှင်ပါပဲ"

"ဒေါ်မြင့်မြတ်မာယာက ဒေါက်တာမေတ္တာဘုံအကြောင်း ာ်တော်လေးသိနေတာပဲ၊ ဒေါက်တာပဲဖြေပါစေ"

"နေ မာယာက မင်းတို့မာမီပဲနော်၊ မရိုမသေမပြောနဲ့ ာ"

ကိုနေမင်းထင်က ဘာမှဆက်မပြောတော့ဘဲ ထိုင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



တနေ ထသွားလေသည်။

"ဒေါက်တာ"

"ရှင်"

"နေက ဒီလိုပဲ၊ ဦးကို မကျေနပ်နေတာပါ၊ နောက်အိမ်ထောင်ပြုလို့လေ၊ မေတ္တာဘုံ စိတ်ထဲမှာ ဘာမှမထားပါနဲ့၊ ဦးကတော့ မေတ္တာဘုံက ရိုးသားဖြူစင်မှုရှိတယ်လို့ လက်ခံတယ်"

လမင်းသာကတော့ ဘာမှဝင်ရောက်စွက်ဖက်ခြင်း မရှိဘဲ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေလေသည်။ မိန်းမများတဲ့ ဖခင်တစ်ယောက်ရဲ့ မိသားစုပြိုကွဲခြင်းတွေပဲ။ ဒေါ်လေးမာယာဝင်တော့ ပို၍ပင် စိတ်ဝမ်းကွဲစရာတွေနှင့် မိသားစုအတွင်း ပဋိပက္ခတွေ များပြားလာတော့မည်ဖြစ်သည်။

"ဒေါက်တာ ကူညီပါနော်၊ မယ်မယ့်ကိုလည်း စောင့်ရှောက်ပေးပါ၊ နေကတော့ ဆိုးတယ်၊ ဦးရဲ့ အချစ်ဆုံးသားပဲလေ"

လမင်းသာကတော့ ဘာမှမပြောဘဲ ငြိမ်သက်နေသည်။ နောက်မိန်းမက မွေးတဲ့သားဖြစ်နေလို့ အရေးမပါလိုပင်။ လထ



နေနဲ့တခြားစီပါပဲ။ ဘုံ့ကိုလည်း ညင်သာပျော့ပျောင်းစွာ ဆီးကြိုနှုတ်ဆက်လေသည်။ အိမ်တွင်းရေးကိစ္စတွေမှာလည်း ဝင်ရောက်စွက်ဖက်ခြင်း မပြုပေ။ နေမင်းထင် ရှင်က နာမည်နှင့်လိုက်ဖက်အောင် ထူပြင်းလောင်မြိုက်နေတယ်။ အနက်ရောင်ကိုမှ ရွေးပြီး နှစ်သက်မြတ်နိုးတယ်ဆိုတော့လည်း တကယ့်ကို လူ့ဌစာလူ့ကပ်သတ်ဖြစ်ရမယ်။ နဂိုကမှ ဘုံ့စိတ်တွေ မလုံရတဲ့အထဲ ဘုံ ဒီအလုပ်ကို ဆက်ခံလိုက်မိတာ နောင်တတွေ ရနေမိသည်။

"မာယာ"

"ရှင် အစ်ကိုကြီး"

"မာယာ့စေတနာမေတ္တာတွေကို အစ်ကိုကြီး နားလည်ပါတယ်ကွာ၊ သား နေကို ခွင့်လွှတ်ပါ၊ တဖြည်းဖြည်းတော့ မာယာ့ကို လက်ခံလာမှာပါ"

"ရပါတယ် အစ်ကိုကြီးရယ်၊ ဒီလိုပါပဲလေ မာယာက နောက်တရက်ကြီး ပေါ်လာတာကိုး၊ မာယာ နားလည်ပါတယ် အစ်ကိုကြီး၊ ဘာမှစိတ်မပူပါနဲ့နော်၊ သားကြီးနေက ချစ်စရာကောင်းပါ





www.burmeseclassic.com

www.burmeseclassic.com



တယ်''

''အင်း မာယာက စိတ်သဘောပြည့်ဝလို့ တော်သေးတာပေါ့လေ၊ သားလရဲ့အမေနဲ့တုန်းက ပြဿနာတွေ အကြီးအကျယ်တက်ကြတာ အစ်ကိုကြီး အရမ်းစိတ်ညစ်ရတယ်၊ လအမေက အတ္တနည်းနည်းကြီးတယ်လေ''

ဘုံ့စိတ်ထဲမှာ လူတစ်ယောက်ကို ရှေ့မှာထားပြီး နှိမ်ချပြောဆိုနေတာကို မနှစ်သက်မိပေ။ လမင်းသာဆိုတဲ့လူကို အားနာနေမိသည်။ ရင်ထဲမှာလည်း သနားကြင်နာသွားရ၏။ ဘုံယောကျာ်းတွေနဲ့ အကင်းရှင်းဆုံးနေပြီး အထင်သေးနေပေမယ့် လမင်းသာဆိုတဲ့ လူကိုတော့ အားပေးနှစ်သိမ့်စကားတွေ ပြောချင်လာရလေသည်။

''မာယာ''

''ရှင် အစ်ကိုကြီး''

''ဒေါက်တာမေတ္တာဘုံကို မယ်မယ့်ဆီ ခေါ်သွားလိုက်ပါ၊ အိမ်ကြီးရဲ့ အခန်းတွေကိုလည်း လိုက်ပြလိုက်ပါဦး၊ လိုအပ်တာရှိ





ရင်လည်း အားမနာပါနဲ့ ဒေါက်တာပြောပါ၊ ဒေါက်တာ့ကို အားကိုးပါရစေ''

''ဟုတ်ကဲ့''

''လာပါ ဒေါက်တာ၊ မယ်မယ့်ဆီ သွားရအောင်၊ အိမ်ကြီးထဲကိုလည်း လိုက်ပြပါ့မယ်''

''ဟုတ်ကဲ့ဒေါ်လေး၊ အဲ အန်တီ''

ဒေါ်လေးဟု ခေါ်နေကျ နှုတ်ကျိုးနေ၍ ဒေါ်လေးဟု ခေါ်မိသွားပြီးမှ အန်တီဟု အမြန်ဆုံးပြင်ခေါ်လိုက်ရသည်။ ဘုံတော့ တကယ့်ကို စိတ်မသက်မသာကြီး ဖြစ်နေရတော့၏။

''ဘုံ''

''ဟင်''

''ညည်း ဘာကြောက်နေတာလဲ၊ အန်တီလို့ နှုတ်ကျိုးအောင် အန်တီလို့ပဲ သုံးနှုန်းမယ်''

''ဘုံ မနေချင်တော့ဘူး၊ စိတ်တောင်ညစ်တယ် ဒေါ်လေးရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဒေါ်လေးလဲ၊ အန်တီလို့ခေါ်လေ၊ ညည်းလေး မအေစမ်းပါနဲ့ ဘုံရယ်၊ လောကကြီးမှာ အတွေ့ကြီးသင့်ရင် ကြီးရ တယ်တဲ့၊ ဘဝအတွက်လေ နင်ဘာဆက်လုပ်မှာလဲ၊ ထောင်ထဲသွား နေမလား၊ ဒေါ်လေး အဲ အန်တီ့စကားကို နားထောင်စမ်းပါ။ ငါနိုင်းတာပဲလုပ်"

ဘုံ ကြောက်တယ်။ ရင်တွေတုန်နေသည်။ ဘုံ မလိမ်ညာ ချင်ဘူး။ ဟန်လည်းမဆောင်တတ်ဘူး။ ဒေါ်လေးမာယာဘုံက ဘုံ ကို အသုံးချနေတာပဲ။ ကိုယ့်တူမကိုတောင် ချောက်ထဲတွန်းပို့ရက် တယ်။ ဒီအိမ်ကြီးထဲကိုလာတာ ကောင်းသောဝင်လာခြင်းမဟုတ် ကြောင်း ဘုံသိနေသည်။

"နေမင်းထင်ရဲ့ အချိုးကို ညည်းတွေ့လား ဘုံ၊ အန်တီ ကို မလိုလားနေတာလေ၊ ညည်းလေးနဲ့သာ လက်ထပ်လိုက်ရင် အန်တီတို့ အေးချမ်းသွားပြီလေ၊ အန်တီ့ကို ကူညီပါဘုံရယ်၊ တို့တူ အရီးနှစ်ယောက် ဒီအိမ်ကြီးထဲမှာပဲ အေးအေးချမ်းချမ်း နားခိုကြရ အောင်ပါ"





"အန်တီ"

"ပြော"

"ကိုနေမင်းထင်ဆိုတဲ့လူက ဘုံ့ကိုတောင် မယုံသင်္ကာ ဖြစ်နေတာလေ၊ ချစ်ပါ့မလား"

"မိန်းမမာယာ သဲကိုးဖြာတဲ့၊ ညည်းလေးက အရမ်းချော တာလေ၊ ဘယ်လိုယောကျ်ားက တောင့်ခံနိုင်မှာလဲလို့၊ အန်တီ ညွှန်ကြားပြသတဲ့အတိုင်း လိုက်လုပ်စမ်းပါ၊ မကြောက်ပါနဲ့၊ အန်တီ လေး သရုပ်ဆောင်တာ ဘယ်လောက်ပီပြင်လဲ၊ မိန်းမတွေ အရမ်း ရှုပ်ပွေတဲ့ ကိုရန်နောင်လိုလူတစ်ယောက်ကိုတောင် ထိန်းချုပ်ထားနိုင် တာလေ"

"ဘုံက"

"ဟန်ကိုယ့်ဖို့လေ ဘုံ၊ ညည်းကို အခုလောက်ဆိုရင် ဒါတွေက လိုက်ရှာနေတော့မှာပဲ၊ ကိုအဂ္ဂအလောင်းကို တွေ့လောက် ပြီ"

မေတ္တာဘုံရယ်။ ညည်းကိုတော့ ကျုပ် အသုံးချရတော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပါဘူးအေ။ တကယ်တော့ မေတ္တာဘုံက သေပြီထင်နေတဲ့ ကိုအဂ္ဂ မသေပေ။ ကြိတ်ပြီး ဆေးကုသပြီး အကောင်းပကတိဖြစ်နေတာ မေတ္တာဘုံက မသိပေ။ ငါကတော့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ မိန်းမတစ်ယောက်ပဲ။ ဒေါ်လေးမာယာဘဝမှာ အိမ်ထောင်ရေးကံ မကောင်းဘူး။ ယောကျ်ားတွေရဲ့ အနိုင်ကျင့်နှိပ်စက်တာ ခံရတယ်။ အခုမှ ဒေါ်လေးမာယာလင်ကောင်းသားကောင်း ရနေပြီပဲ။ ဒေါ်လေးမာယာ ချမ်းချမ်းသာသာနဲ့ ဩဇာအာဏာရှိပြီး သူဌေးမကြီးဘဝကို ရယူချင်သေးတယ်။

"အဓိပ္ပာယ်မရှိတာတွေ မလုပ်ချင်စမ်းပါနဲ့ ဘုံရယ်၊ ဒေါ်လေးမာယာက ဘုံလေးအတွက်ပါ"

"နေမင်းထင်ဆိုတဲ့လူက"

"ဒေါ်လေးမာယာရဲ့ တူမချောလေးကို ဘယ်လိုယောကျ်ားမျိုးက မနှစ်သက် မမြတ်နိုးဘဲ နေမှာလဲကွယ်၊ ဟွန်း ဟွန်း ဟွန်း၊ ဒေါ်လေးမာယာ ဇာတ်ကွက်အတိုင်းသာ ဝင်ကလိုက်စမ်းပါ၊ ဟွန်း ဟွန်း"





အနက်ရောင် စံအိမ်ကြီးသည် ဘုံ့အတွက်တော့ စိတ်ရှုပ်ချား ညစ်ညူးစရာတွေ ပြည့်နှက်နေတော့မှာ သေချာ နေ၏။ ဒေါ်လေးမာယာရဲ့ အကြံအစည်တွေကလည်း ကောင်းသောသက္ကဏာ မဟုတ်နိုင်ဘူးဆိုတာ ဘုံ သိနေ၍လည်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

“မယ်မယ်”

“မာယာလားကွယ်”

“ဟုတ်ပါတယ် မယ်မယ်၊ ညွှံ့သည်ပါလာလို့ပါ”

“ဟုတ်လား ဘယ်မှာလဲကွယ်၊ ဘယ်သူလဲ”

ဘုံ အံ့ဩသွားရတာက မယ်မယ်ဆိုတဲ့ အဘွားကြီးသည် မျက်မမြင် အဘွားကြီးဖြစ်နေခြင်းပင်။ ဖြူနုချောမောသော မိန်းမကြီး တစ်ယောက်ဖြစ်ပြီး လေဖြတ်ထား၍ လမ်းမလျှောက်နိုင်ပေ ဒေါ်လေးမာယာ ဘယ်လိုစည်းရုံး သိမ်းသွင်းထားမှန်းမသိ၊ ဒေါ်လေးမာယာဘုံနှင့် သင့်မြတ်ပုံပင်။





“မယ်မယ် နေကောင်းလား၊ မာယာနှိပ်ပေးရမလား ဟင်”

“ရပါတယ်ကွယ် မာယာက အရမ်းကို အလိုက်သိပြီး ဉာဉ်ကျေးသိမ်မွေ့တဲ့ ချွေးမလေးပဲ၊ မယ်မယ် မြင်ချင်လိုက်တာနော်၊ ဒါနဲ့ နေပါဦး ညွှံ့သည်က”

“မယ်မယ်ကိုရော အိမ်သားတွေရဲ့ ကျန်းမာရေးပါ စောင့်ရှောက်ဖို့ မိသားစု ဆရာဝန်မလေးပါ၊ ဒေါက်တာမေတ္တာဘုံတဲ့ လေ”

“ဟုတ်လား၊ နာမည်လေးက အေးချမ်းပြီး ချစ်စရာကောင်းလိုက်တာကွယ်၊ မေတ္တာဘုံတဲ့လား”

“ဒေါက်တာ ဒါက အစ်ကိုကြီးရဲ့မေမေ ဒေါ်မဟာဆန် သုံးနှစ်လောက်ရှိပြီလေ အာရုံကြောပိသွားတာပဲ”

ဒေါ်မဟာဆန်ဆိုတဲ့ အဘွားကြီးသည် နာမည်နှင့်လိုက်အောင် ချောမောခန့်ညား နုဖတ်နေသည်။ ဘုံ့လက်ကို စမ်းနေခြင်း ဘုံ လက်လေးထည့်ပေးလိုက်ရ၏။ လက်ဖဝါးလေးက



www.burmeseclassic.com

www.burmeseclassic.com



လည်း နူးညံ့နေသည်။

"အမယ်လေး ဒေါက်တာ့လက်လေးက ဖောင်းဖော အိအိလေးပဲ၊ အရမ်းလှနေမှာပါ၊ အဘွားမဟာတော့ အရမ်း သဘောကျသွားပြီကွယ်"

ဘုံကတော့ စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ် သည်။ စကားတွေပင် ပြောလို့မရအောင် နှုတ်ခမ်းသားလေး တဆတ်ဆတ် တုန်ရီချင်လာရ၏။ ဒေါ်မဟာဆန်က စိတ်သ ထား ပြည့်ဝပြီး ဖြူစင်လွန်းနေတာပဲ။ ဘုံလက်လေးကို အားကိုး ကြီး ဆုပ်ကိုင်ထားလေသည်။

"ကောင်းတယ် မာယာ၊ မယ်မယ်လည်း အရင်ကနဲ့ တော့ ဘူးကွယ်၊ သိပ်နေမကောင်းချင်တော့ဘူးလေ"

"မယ်မယ်"

"ဟင်"

"ဒေါက်တာက မယ်မယ်ထင်ထားသလိုပဲ သဘော လည်း ပြည့်ဝတယ်၊ မယ်မယ်လက်ခံလိုက်လို့ မာယာက ဝမ်း





သိုက်တာ မယ်မယ်ရယ်"

ဒေါ်လေးမာယာဘုံက ဒေါ်မဟာဆန်ရဲ့ ခြေသလုံးကို ဆုပ်နယ်ပေးရင်း ပြောနေသည်။ ဒေါ်လေးမာယာ ဟန်ဆောင် ပြုံးညာနေတာပါ။ ဘုံ့မေမေ မသေဆုံးခင်က ပြောပြထားတာ တော့ မာယာဘုံဟာ နာမည်နဲ့လိုက်ဖက်အောင် မာယာများလွန်းပြီး ဟုတ်ဟာတွေပဲ လုပ်ခဲ့တာတဲ့။ ဘုံ သိရသလောက်လည်း ဒေါ်လေးမာယာဘုံက အရက်သောက်သည်။ လောင်းကစားလည်း သနာပါ၏။ ပေါ့ပေါ့ပျက်ပျက်နှင့် လိမ်ညာကောက်ကျစ်တဲ့ ကြံအစည်တွေပဲ ကြံစည်နေသည်။ မေမေနဲ့တော့ လုံးဝဆန့်ကျင် ဘက်ပဲ။ ညီအစ်မဟုပင် မထင်ရ။ ဒေါ်လေးမာယာ့ အထောက်အပံ့ တွေကို ရယူရပေမယ့် ဘုံ့စိတ်တွေ တကယ့်ကိုပဲ မသက်မသာ ဖြစ်ရလေသည်။

"မေတ္တာဘုံ"

"ရှင်"

"သမီးကိုတော့ မယ်မယ် ဒေါက်တာလို့ မခေါ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ချော တရင်းတနှီးနဲ့ မေတ္တာဘုံလို့ပဲ ခေါ်မယ်''

''ဘုံလို့လည်း ခေါ်လို့ရပါတယ် မယ်မယ်၊ ဘုံ့မှာလည်း မိဘတွေမရှိကြတော့ အခုလို နွေးထွေးတဲ့ ဆီးကြိုမှုအတွက် အရမ်းပဲ ကျေးဇူးတင်ဝမ်းသာရပါတယ်''

''မယ်မယ်က ချွေးမခပ်ဆိုးဆိုးတွေနဲ့ပဲ တွေ့ကြုံခဲ့ရ လေ၊ အခု နူးညံ့သိမ်မွေ့ပြီး လူကြီးမိဘကို သိတတ်တဲ့ ချွေးမ နဲ့ တွေ့ရတာရယ်၊ ချွေးမလေး စီစဉ်ပေးတာဆိုတော့ သမီးလေး နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးဖြစ်မယ်ဆိုတာ ယုံကြည်ပြီးသား ကွယ်''

ဒေါ်လေးမာယာက ဘုံအား မျက်စပစ်ပြသည်။ ဘုံ စိတ်မလုံမလဲနှင့် မျက်နှာပျက်ချင်နေ၍ ဖြစ်၏။ ဒေါ်မဟာဆန် သနားလိုက်တာ။ ဦးရန်နောင်ဆိုတဲ့လူလည်း ဒေါ်လေးမာယာ တွေ့ဆုံရတာ ဝဋ်လည်ပြီထင်တယ်။ ဒေါ်လေးမာယာရဲ့ လှည့်ကွက် ထဲမှာ တိုးဝင်နေလေသည်။

''ဘုံလေး စိတ်ချမ်းသာသလို နေပါကွယ်၊ လိုအပ်တာ





ရင်း ပြောပါ၊ မာယာကလည်း ဘုံလေး လိုအပ်တာတွေအားလုံး ပေးနော်''

''ဟုတ်ကဲ့ပါ မယ်မယ်ရယ်၊ ဒေါက်တာမေတ္တာဘုံ နေချင် အောင် မာယာ စီစဉ်ပေးရမှာပဲမဟုတ်လား''

''အေး အေး''

ဘုံ စကားစပြတ်သွားအောင် ဒေါ်မဟာဆန်အား သွေး ခင်ချိန်တာတွေ ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ပေးနေမိလေ သည်။

''ဒေါက်တာ မယ်မယ့်ကို သေသေချာချာ စစ်ဆေးပေး နော်၊ မယ်မယ်က အသက်ကြီးပြီ၊ အနှီးအရမ်းပဲ စိတ်ပူတယ်၊ ဒေါက်တာ့ကို ခေါ်ရတာလည်း မယ်မယ့်ကို အနီးကပ် ပြုစုစောင့် ရှောက်ဖို့ပါ''

''ဟုတ်ကဲ့ ဘုံ ဂရုစိုက်ပါ့မယ်၊ လောလောဆယ်တော့ မယ်မယ် ကျန်းမာရေးကောင်းပါတယ်၊ စိတ်မပူရတော့ပါဘူး''

ဘုံ စိတ်ညစ်လာ၍ ဒေါ်မဟာဆန်အား ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



စမ်းဆေးမှုတွေ ပြုလုပ်ပေးပြီး ထွက်လာခဲ့သည်။ ဒေါ်လေးမာယာ က နောက်မှ အပြေးအလွှားလိုက်လာ၏။

"ဟဲ့ ဘုံ ဘာဖြစ်ရတာလဲ၊ ငါ ဒီလိုမလုပ်လို့မဖြစ်ဘူးလို့ ပြောထားပြီးပြီပဲ၊ နင်ရော ငါ့လိုပဲ လိုက်လုပ်စမ်း၊ မေတ္တာဘုံနော် နင့်ဘဝရှေ့ရေးအတွက် ငါကလုပ်ပေးတာ၊ ဒါမှလက်မခံချင်ရင် သွား ထောင်ထဲပဲသွားလေ၊ သွား"

ဘုံ ဘာမှပြောမနေတော့ဘဲ ဒေါ်လေးမာယာအနားကနေ ထွက်လာခဲ့လေတော့သည်။



## အခန်း (၅)

"နေ"

ဒက်ဒီအသံတွေက နေ့နားထဲသို့ မာထန်စွာ တိုးဝင်လာ သည်ဟု ထင်မိလေသည်။ ဒက်ဒီက မိန်းမများစွာနှင့် ရှုပ်ထွေးပတ် သက်ခဲ့သူဖြစ်ပြီး အားလုံး ဒက်ဒီ့အမိန့်အာဏာ သြဇာအောက်မှာ ပြားပြားဝပ် နေထိုင်လာခဲ့ကြရသည်။ ဒေါ်မြင့်မြတ်မာလာနှင့်တွေ့မှ ဒက်ဒီ ဝဋ်လည်နေရပြီလား။ ဒေါ်မြင့်မြတ်မာလာရဲ့ သြဇာအောက် ဒက်ဒီ ပြားပြားဝပ်နေရလေသည်။

"သားကြီးနေကို ဒက်ဒီ ဘယ်လောက်ချစ်တယ်ဆိုတာ သိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ"

"မာလာက အရမ်းကို နူးညံ့သိမ်မွေ့ပြီး စိတ်သဘောထားပြည့်ဝတယ်၊ ဒက်ဒီ့အတွက် အလိုအပ်ဆုံးမိန်းမပဲ၊ သား လုံးဝ မဆန့်ကျင်ပါနဲ့"

"နေကတော့ ဒေါ်မြင့်မြတ်မာလာကို လက်မခံနိုင်ဘူး ဒက်ဒီ၊ မယုံဘူး၊ နေ လုံးဝလက်မခံဘူး"

"နေ့ကို ဒက်ဒီပြောထားပြီးပြီနော်၊ မာလာ့ကို လက်ခံပါ၊ မင်းအမေပဲ"

"ဒက်ဒီ"

"အမေတစ်ယောက်လို ရှိသေလေးစားရမယ်၊ မင်းကို လုပ်ငန်းတွေအားလုံး ဒက်ဒီလွှဲထားတာပဲ"

နေ ဘာမှမပြောချင်တော့လောက်အောင် ဒက်ဒီ့ကို စိတ်ပျက်သွားမိသည်။ ဒေါ်မြင့်မြတ်မာလာကိုတော့ နေ လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေ၏။ နေ့စိတ်ထဲမှာ ဒေါ်မြင့်မြတ်မာလာက ကောက်ကျစ်ယုတ်မာမှုတွေနှင့် ပြည့်နှက်နေသည်ဟု ထင်မိသည်။ ဒေါ်မြင့်





မြတ်မာလာရဲ့ မျက်ဝန်းတွေကို နေ လုံးဝမနှစ်သက်မိပေ။ ဒက်ဒီနှင့်အသွားကို လိုအပ်တာထက်ပို၍ ချွဲနွဲ့လွန်းနေသည်။ အယုံသွင်းနေတာပဲ။

"မင်းမျက်လုံးတွေက သံသယတွေနဲ့ ပြည့်နေတယ်သားနေ၊ မိထွေးဆိုတဲ့စိတ်ကို မင်း ဘာဖြစ်လို့ ဖယ်ရှားမပစ်ချင်ရတာလဲ၊ လတောင် လက်ခံတယ်၊ သားနေကို ဒက်ဒီက အခွင့်အရေးတွေ ပိုပေးထားလို့ မလေးမစားလုပ်နေတာလားကွာ"

ဒက်ဒီက နေ့ကို သားကြီးဆိုပြီး အလွန်အမင်း ချစ်ပေမယ့် မိထွေးဒေါ်မြင့်မြတ်မာလာကိုတော့ အထိမခံပေ။ နေ အေးစက်ငြိမ်သက်စွာဖြင့် ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသည်။ နေ့စိတ်တွေကို ဘာ ကြမ်းတမ်းခက်ထန်နေတတ်တာလားတော့ မသိဘူး။ နေ ဘယ်လောက်ပဲ အခွင့်အရေးတွေ ရနေပါစေ၊ နေ့မာမီအပေါ် ဒက်ဒီ ဥပေက္ခာပြုခဲ့ပြီး စိတ်သောကဝေဒနာတွေ ရစေခဲ့တာကို မေ့ဖျောက်၍မရနိုင်ဘဲ ဖြစ်ခဲ့ရလေသည်။

"သားနေ စဉ်းစားကြည့်စမ်း၊ မာလာရှာပေးတဲ့ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



လေးတော ဘယ်လောက်ရှိးသားပြီး အေးချမ်းလဲ၊ ဘွားအတွက်လည်း လိုအပ်နေတယ်လေ၊ မာလာက ဒက်ဒီကိုချစ်တယ်၊ ကူညီတယ်၊ ပြုစုတယ်"

"တော်ပါတော့ ဒက်ဒီ"

"နေ"

"ဒက်ဒီဆန္ဒအတိုင်းပဲ စီမံပါ၊ ဒါပေမယ့် နေကတော့ ဒေါ်မြင့်မြတ်မာလာကို မုန်းတယ်"

"မင်းအမေကြောင့်လား နေ၊ ဒက်ဒီ ဝဋ်လည်တာလား မသိဘူး၊ ဘယ်မိန်းမကိုမှ မချစ်ခဲ့ဖူးဘူး၊ မာလာ့ကိုမှ ဒက်ဒီ ချစ်မြတ်နိုးနေမိတယ်"

"တော်ပါတော့ ဒက်ဒီရယ်၊ နေ ဆက်ပြီးမကြားချင်တော့လို့ပါ"

"နေ"

"နေ့ကို ဘာမှဆက်မပြောပါနဲ့တော့ ဒက်ဒီ၊ နေ့အခန်းထဲကနေ ဒက်ဒီထွက်သွားပါတော့"





"ဒက်ဒီ့အချစ်ဆုံးသားကလည်း နေပါပဲ၊ မင်း ဒက်ဒီ့
မ မာလာ့ကို အမေတစ်ယောက်လိုပဲ လက်ခံပါ၊ ရှိသေပါ"

"နေ လက်မခံနိုင်ဘူး၊ နေ ဒီကနေပဲ ထွက်သွားတော့
ယ်၊ ဒက်ဒီ့စည်းစိမ်ဥစ္စာတွေကိုလည်း နေ မမက်မောတော့ဘူး၊
ါမြင့်မြတ်မာလာက မရိုးသားဘူး၊ မကောင်းတဲ့အကြံအစည်တွေ
"

"ခွပ်"

"ဟင်"

"ခွပ်"

"မင်း မင်း အလိုလိုက်ထားလို့ အမိုက်စော်ကားတာလား
င်းထင်၊ မင်း နောက်တစ်ခါ ဒါမျိုးထပ်ပြောရင် အနက်ရောင်
ကြီးက မင်းနဲ့ ဘာမှမဆိုင်တော့ဘူး၊ မင်း အမွေဖြတ်ခံရမယ်၊
ိုပဲ လုပ်ငန်းတွေ လွှဲပေးလိုက်မယ်၊ မာလာ့ကို အမေ
ယောက်အဖြစ် လက်ခံနိုင်အောင် မင်းကြိုးစားပါ"

ဒက်ဒီ့စကားတွေက နေ့ရင်ထဲသို့ မီးစတစ်စပမာ လောင်



www.burmeseclassic.com

www.burmeseclassic.com



မြိုက်သွားရလေသည်။ ဒက်ဒီ မတရားဘူး။ ဒက်ဒီ လုံးဝမတရားဘူးဟု ရှုံးသွပ်စွာ အော်ဟစ်ပစ်ချင်လာရ၏။ ဒက်ဒီက နေ့မာမီဒေါ်နှင်းဆီနက်ကို ရက်စက်ခဲ့တယ်။ ဥပေက္ခာပြုခဲ့တယ်။ မာမီ့ရှေ့မှာတင် တခြားမိန်းမတွေနဲ့ ဖောက်ပြန်ခဲ့တယ်။ ဒက်ဒီက သူ့အနားကနေ ထွက်သွားလေသည်။

"ကိုရန်နောင်ရယ် နက်ကို ထားမသွားပါနဲ့နော်၊ ကိုရန်နောင် ချစ်မြတ်နိုးတဲ့ မိန်းမကိုတွေ့ရင် အိမ်ပဲခေါ်လာပါ၊ နက်နှစ်ယောက်အတူတူပေါင်းနိုင်ပါတယ်လေ"

နေမင်းထင် အသက်ဆယ်နှစ်သားလောက်ထဲက ဒက်ဒီကြောင့် မာမီ ကြေကွဲထိခိုက်နေရတာတွေ နေ မေ့ပစ်လို့မရခဲ့ပေ။ ဒက်ဒီက ရက်စက်သည်။ လုပ်ချင်တာတွေ လုပ်ခဲ့၏။ မာမီ့ရှေ့မှာပင် မိန်းမတွေနှင့် ဖောက်ပြန်နေခဲ့သည်။

"နက်သားလေးမှာ အဖေမဲ့မှာကို အရမ်းစိတ်ပူတာပဲ ကိုရန်နောင်ရယ်၊ ရှင်ဘယ်လိုပဲနေနေ သားရဲ့အဖေအဖြစ်တော့ ရပ်တည်ပေးပါနော်"





နေတို့အိမ်ကို အိမ်ဖော်မချောချောလေး တစ်ယောက်ရောက်လာချိန်တွင် မာမီ ပိုပြီး သွေးပျက်မတတ် ခံစားခဲ့ရလေသည်။ အိမ်ဖော်မလေးနှင့် ဒက်ဒီ ငြိစွန်းသွားလေရာ မာမီကိုပင်လေးမခန့်နှင့် မောက်မာစော်ကားနေတော့၏။

"သွယ်က မမကြီးနဲ့ မယားပြိုင်ဖြစ်သွားပြီနော်၊ အရင်လို အိမ်ဖော်မထင်နေနဲ့"

ဒက်ဒီက မြှောက်စားတော့ ပို၍ပင် ဆိုးနေလေသည်။ မာမီ့ကိုလည်း ဥပေက္ခာပြုထားတော့၏။ အိမ်ဖော်မသွယ်သွယ်နှင့် သားတစ်ယောက်မွေးတော့ မာမီ ပို၍ပင် စိတ်သောကဝေဒနာတွေရလာခဲ့ရသည်။ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေခဲ့၏။ အဘွားကလည်း ဒက်ဒီ့ကို အပြစ်တင်သည်။ ဆုံးမ၏။ မရပေ။ ဘယ်လိုမှ တားဆီး၍မရသည့်အဆုံး အဘွားက တရားရိပ်သာမှာပဲ သွားနေတော့သည်။

"နေ သားဘာမှအားမငယ်နဲ့နော်၊ ဒက်ဒီက သားနေကိုတော့ ချစ်ပါတယ်၊ လဆိုတဲ့ကောင်လေးက မျိုးမစစ်ပါဘူး၊ သား



www.burmeseclassic.com

www.burmeseclassic.com



နေကမှ မျိုးစစ်တာ၊ သားနေ ဘာမှအားမငယ်ပါနဲ့ကွယ်နော်"

နောက်ဆုံးတော့ မာမီ စိတ်ရောဂါဝေဒနာရှင်မကြီးအဖြစ်ဘဝကို အဆုံးသတ်သွားရလေသည်။ အနက်ရောင်စံအိမ်ကြီးကမာမို့မိဘတွေဆီက အမွေရခဲ့တာဖြစ်ပေမယ့် သူနာမည်နှင့် လွှဲခဲ့ပြီးမာမီ ကြံစည်နေခဲ့ပေမယ့် အထမြောက်အောင်မြင်ခြင်း မရှိခဲ့ပေ။

"နေ သား ဒီအိမ်ကြီးက မာမို့မိဘတွေဆီက အမွေရခဲ့တာပဲ၊ သားနေပဲ ရသင့်တယ်၊ မာမီ လွှဲပေးခဲ့ရမယ်၊ ရှေ့နေတွေနဲ့မာမီစီစဉ်ထားခဲ့ရမယ်"

ဒက်ဒီရဲ့ ညှင်းပန်းနှိပ်စက်မှု ဒဏ်တွေကြောင့် မာမီသွက်သွက်ခါအောင် ရူးသွပ်သွားခဲ့ရပြီး ကားအက်စီးဒင့်ဖြစ်ကာလူ့လောကကြီးထဲမှာ အရှုံးတွေ တပွေ့တပိုက်ဖြင့် ထွက်ခွာသွားခဲ့ရရှာသည်။ မာမီကွယ်လွန်ချိန်တွင် သူ့အသက်က ဆယ့်ငါးနှစ်သားပဲ ရှိသေး၏။ လအမေက အိမ်ကြီးသခင်မ ဖြစ်လာရသည်။ ဒက်ဒီကတော့ နေ့ကိုပဲ ဦးစားပေးချစ်ခဲ့သည်။ မာမီဆုံးသွားမှ နေ့ကိုအတော်လေး ဂရုတစိုက်ရှိခဲ့သည်။ လအမေလည်း မာမို့ဝဋ်လည်ရ၏။ မာမို့လိုပဲ စိတ်သောကတွေရောက်ပြီး သေဆုံးသွားရတော့သည်။





"သားနေပဲ လုပ်ငန်းတွေကို ဦးစီးပါ၊ ဒက်ဒီအချစ်ဆုံးသားကြီးပါပဲကွာ"

ဒက်ဒီ နောက်ထပ် မိန်းမတစ်ယောက်ကို လက်ထပ်ယူလိုက်မှာ နေ အစိုးရိမ်ကြီး စိုးရိမ်ခဲ့လေသည်။ ဒက်ဒီ နှစ်ပေါင်းများစွာ ငြိမ်သက်လာပြီးမှ ဒေါ်မြင့်မြတ်မာလာဆိုတဲ့ မိန်းမတစ်ယောက်အား ရုတ်တရက်ကြီး လက်ထပ်ခဲ့ပြီး အနက်ရောင်စံအိမ်ကြီးဆီသို့ခေါ်ဆောင်လာခဲ့တော့သည်။

"မာလာက မင်းတို့အမေပဲ၊ မင်းတို့ ရိုသေလေးစားရမယ်၊ နေရောလရော အမေတစ်ယောက်လိုပဲ သဘောထားပါ၊ မာလာက ဒက်ဒီ အချစ်မြတ်နိုးဆုံး မိန်းမတစ်ယောက်ပဲ"

ဒေါ်မြင့်မြတ်မာလာရဲ့ မျက်လုံးတွေကို နေ သဘောမကျနိုင်ပေ။ အလိုရမ္မက်ကြီးမားသော ကောက်ကျစ်စဉ်းလဲသူဟု အင်မှတ်နေမိလေသည်။ နေကတော့ လက်မခံနိုင်ဘူးဟု ပြတ်သား



www.burmeseclassic.com

www.burmeseclassic.com



စွာ ပြောဆိုပစ်ခဲ့မိ၏။ ဒက်ဒီက နေ့ကို ချစ်သဖြင့် နေ့စိတ်တွေ ပြေလျော့စေရန် အခွင့်အရေးတွေ အမျိုးမျိုးပေးခဲ့ပြီး ချော့မော့ရှာ သည်။

"သားနေ တဖြည်းဖြည်း စောင့်ကြည့်ပြီးမှ လက်ခံပါကွာ။ စီးပွားရေးလုပ်ငန်းတွေရော အိမ်ကြီးရဲ့ စီမံခန့်ခွဲမှုအားလုံး သားနေ့ သဘောဆန္ဒအတိုင်းပဲ စီမံပါ၊ သားနေက ဒက်ဒီရဲ့ အချစ်ဆုံးသား ကြီးတစ်ယောက် ဖြစ်နေလို့ပဲလေ"

အချိန်ကြာလာသည်နှင့်အမျှ ဒက်ဒီက ဒေါ်မြင့်မြတ် မာလာကိုပဲ စွဲလမ်းနှစ်သက်ကာ သားတွေကိုပင် သေးဖယ်ထား ချင်လာရ၏။ ဒေါသတွေ ပေါက်ကွဲထွက်လာခဲ့သည်။ အိမ်တွင်းရေး ကိစ္စတွေ စီမံခန့်ခွဲတဲ့နေရာမှာ ဒေါ်မြင့်မြတ်မာလာရဲ့ သဘောထား တွေပဲ ဖြစ်လာခဲ့ရ၏။ အဘွားကလည်း မျက်စိကွယ်သွားသဖြင့် ရိပ်သာမှာ မနေတော့ဘဲ အနက်ရောင်စံအိမ်ကြီးမှာပဲ လာနေတော့ သည်။

"မြေးနေ မင်းဒက်ဒီရဲ့ဆန္ဒတွေအတိုင်းပဲ အလိုက်အထိုက်





...ပြီး စီးပွားရေးလုပ်ငန်းတွေ သီးခြားထူထောင်နိုင်ဖို့ ကြိုးစားစမ်း ...ကွယ်၊ မြင့်မြတ်မာလာဆိုတဲ့ မင်းဒက်ဒီရဲ့မိန်းမကိုလည်း အလိုက် ...ထိုက် ဆက်ဆံပါ၊ ဘွားကတော့ အသက်ကြီးပြီ၊ မျက်စိမမြင်ဒုက္ခ ...လည်း ဖြစ်နေပြီ၊ အားလုံးနဲ့ လိုက်လျောညီထွေနေသင့်နေပြီလေ၊ ...စိတ်ကို လျှော့ပါ၊ အမုန်းတရားတွေကို ရင်ထဲမှာ မွေးမြူမထား ...ပါနဲ့၊ ဘဝတိုးတက်ရာလမ်းကိုပဲ ရှာဖွေပါ"

ဒက်ဒီ ရက်စက်တယ်။ သူ့ကိုထိုးတယ်။ သူ့ပါးစပ်မှ ...စတွေပင် စီးကျလာရလေသည်။ နေ ဒေါသတွေ ပေါက်ကွဲ ...ခဲ့ရ၏။ သူ ဘွားနဲ့ ဒက်ဒီကိုတော့ ထားခဲ့ပြီး ပြစ်ခွာမသွားရက် ...က်နေရလေသည်။ အံသွားတွေကို တင်းကြပ်စွာ ဖိကိုက်ထားမိ ... ဒေါ်မြင့်မြတ်မာလာ ခင်ဗျားကို ကျုပ် ဘယ်တော့မှ လက်မခံ ... အမုန်တရားတွေကို ဖော်ထုတ်ရမယ်။ သူ့ရင်ထဲမှာ ဒေါသတွေ ...က်ကွဲနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဘုံ ခြေလှမ်းလေးတွေက တုန့်ခနဲ ရပ်သွားရလေသည်။ မထင်မှတ်ဘဲနှင့် အခန်းတစ်ခုထဲမှ ဒေါ်လေးမာယာ့အသံကို ကြား- လိုက်ရ၍ပဲ ဖြစ်၏။ လမင်းသာရဲ့ အခန်းပဲ။ ဒေါ်လေးမာယာ ဘာဝင်လုပ်နေပါလိမ့်။ ဒေါ်လေးမာယာအကြောင်း ဘုံက သိထား ပြီးသား ဖြစ်နေသည်။

"လ ထတော့လေ၊ မာမီက လကို စိတ်ပူပြီး လာကြည့် တာပါ၊ လလေးက ဒီအိမ်မှာ အနှိမ်ခံမဟုတ်လား၊ မာမီ ဂရုစိုက် ရမယ်လေ"

"ဟုတ်ကဲ့မာမီ၊ ကျေးဇူးပါပဲ"





"ထ မာမီ မနက်စာစီစဉ်ထားတယ်၊ ကြည့်ပါဦးကွယ် န်းတစ်ခုလုံးလည်း ပွရှုပ်နေတာပဲ၊ လလေးကို ပြစ်ထားကြတယ်၊ ိမ်ကကောင်မလေးတွေက လလေးအခန်းကို မရှင်းပေးကြဘူး ား ဘာပဲဖြစ်ဖြစ် လလေးက သူဌေးသားပဲ ဂရုစိုက်ရမှာပေါ့"

"လက အဝင်မခံတာပါမာမီ၊ ရပါတယ် လ နေတတ်ပါ ယ်"

"ဘယ်ဟုတ်မလဲ လလေးကို မာမီ အရမ်းသနားတယ်၊ ယ်နေမလားလို့ အမြဲတမ်း စိတ်ပူနေရတယ်၊ လလေးမှာ ချင်တာရှိရင် မာမီ့ကိုပြောနော်"

"ဟုတ်ကဲ့"

"ကဲ ထပါ၊ မျက်နှာသစ်၊ မာမီ အခန်းသန့်ရှင်းရေး ပေးမယ်၊ လလေးကို ပြစ်ထားလို့မဖြစ်ပါဘူး"

"ရပါတယ် မာမီ၊ ဟို နေပါစေ"

ဒေါ်လေးမာယာက လမင်းသာကို တွဲထူနေပုံပင်။ သာက်သား လဲပြိုကျသံတွေ ကြားရလေသည်။ ဘုရားရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးမာယာက ကြောက်စရာကောင်းလွန်းသော မိန်း
တစ်ယောက်ဆိုတာ ဘုံ အသိဆုံးဖြစ်နေရ၏။

"မာယာဘုံဟာ ကိုယ်ကျင့်တရား ပျက်ပြားတဲ့ မိန်း
ပဲသမီး၊ မေမေတို့ သေခန်းဖြတ်ထားတာ၊ သမီးလည်း လုံးဝမထ
သက်မိစေနဲ့နော်"

မေမေက အသေအချာမှာသွားခဲ့ပေမယ့် ဘုံ ကျော
တစ်ဝက်တပြက်နှင့် ဒုက္ခရောက်နေသောအချိန်မှာ ဒေါ်လေးမာ
က လာရောက်ဆက်သွယ်ပြီး ဘုံ ဆရာဝန်ဖြစ်စေရန် ထောက်
ကူညီခဲ့ခြင်းဖြစ်သည်။ ကိုယ့်တူမအရင်းခေါက်ခေါက်ကိုတော
အသုံးချတာတတ်တဲ့သူပါပဲ။ ဘုံ အတွားအခန်းမှ ပြန်လာခြင်းဖြစ်သည

"လနဲ့မာမီ အတူတူပဲသွားကြမယ်"

"ရပါတယ် မာမီ၊ အရင်သွားနှင့်ပါ၊ လ နောက်က
လိုက်ခဲ့ပါ့မယ်"

"လာပါကွယ် လလေးကို အားမငယ်စေချင်တာပါ၊
အတူတူပဲသွားမယ်၊ လလေးကို မာမီက အရေးတယူရှိမှ လ





ာလည်း အရေးတယူရှိလာမှာလေ"

"ဟုတ်ကဲ့"

ဒေါ်လေးမာယာနှင့် လမင်းသာတို့ ထွက်လာတော့မည်
ဖြစ်၍ ဘုံ အသိဝင်လာကာ အလောတကြီး ပြေးထွက်လာခဲ့မိလေ
တော့သည်။

"အွန့်"

"အမေ့"

"ဟင်"

အလောတကြီး ပြေးထွက်လာတဲ့ ဘုံနှင့် တစ်စုံ
တစ်ယောက် ဝင်၍တိုက်သွားလေတော့သည်။ နဂိုကမှ
ကြောက်လန့်တကြားဖြစ်၍ စိုးထိတ်နေသဖြင့် ခြေမခိုင် လက်မခိုင်
ဖြစ်ရှိနေသော ဘုံကိုယ်ခန္ဓာလေးသည် ဝင်တိုက်မိသွားသောလူရဲ့
ရင်ခွင်ထဲသို့ ပြိုလဲယိုင်ခွေကျသွားရလေတော့သည်။

"အမလေး"

"အို"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သူ့လက်ရှေ့က ဘုံကိုယ်လေးကို ထိန်းမတ်ဖက်တွယ်
မိလျက်သား ဖြစ်သွားရသည်။ ဘုံခြေထောက်တွေက ရပ်တည်
စွမ်း ကင်းမဲ့စွာ သူ့ရင်ခွင်ထဲ အိခွေကျသွားတော့၏။ တဒင်္ဂ
ဘုံ မျက်လုံးတွေပြာသွားရပြီး အသိကင်းမဲ့သလို ဖြစ်သွားရသ
အသိဝင်လာသောအချိန်တွင် ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွ
တာ သတိထားမိသွားပြီး ကြောက်လန့်တကြား ရုန်းဖယ်ထွ
ကြိုးစားမိလေသည်။

"ဟင်"

"အို"

"မင်း မင်း"

သူ့ရင်ခွင်ထဲသို့ အိခွေလဲပြိုလာတဲ့ ခန္ဓာကိုယ်လေ
သူ့လက်တွေနှင့် အလိုက်သင့် သိုင်းဖက်ကာ ထိန်းမတ်ထား
ရလေသည်။ အရှိန်နှင့် ဝင်တိုးမိသည်ဖြစ်၍ သူ့လက်တွေက
ခပ်တင်းတင်းလေး ပွေ့ဖက်မိလျက်သား ဖြစ်သွားရ၏။ သနု





နဲ့ သင်းသင်းလေးက သူ့ရင်ထဲအထိ တိုးဝင်သွားရပြီး ရင်ခုန်
လိုက်မောစွာ မူးမေ့သွားရတော့သည်။ တဒင်္ဂနှစ်မျောသွားပြီးမှ အသိ
ဝင်လာ၍ ငုံ့ကြည့်မိသောအချိန်တွင် သူ့ရင်ခွင်ထဲရောက်နေသော
မိန်းကလေးသည် ဒေါက်တာမေတ္တာဘုံ ဖြစ်နေလေသည်။

"ဟင် အမိ"

"ဟို ဟို ရှင်"

သူ့ရင်ခွင်ထဲမှ ဒေါက်တာမေတ္တာဘုံကို ကမန်းကတန်း
လွှတ်ပေးလိုက်မိလေသည်။ မိန်းမတွေနှင့် အကင်းရှင်းဆုံး နေခဲ့
သော နေ့အတွက် ပထမဆုံး မိန်းကလေးတစ်ယောက်ဖြစ်၏။
မျက်ဝန်းတွေက ရုတ်ချည်း တင်းမာခက်ထန်သွားရတော့သည်။

"မင်း မင်း ဘာဖြစ်လို့ ဒီလောက်အထိ အလောတကြီး
ပြေးလာရတာလဲ၊ မင်းဘာဖြစ်လာတာလဲ ပြောစမ်း"

"ဟို ဟို ကျွန်မ"

ဘုံ ဘာပြောရမှန်းမသိအောင်ပင် နှုတ်ခမ်းသားလေးတွေ
က တဆတ်ဆတ်တုန်ရီနေလေသည်။ ဒုက္ခပါပဲ၊ နေဆိုတဲ့လူနှင့်မှ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုးမိရ၏။ ရှက်လိုက်တာ။ ကြောက်တာရော ထိတ်လန့်တုန်လှု

နေလွန်း၍ ဘုံ စကားပင် ပြောလို့မထွက်ပေ။

"ဒေါက်တာ"

"ရှင်"

"ဘာဖြစ်လာတာလဲ၊ ဘာတွေတွေ့လာလို့လဲ၊ ဒေါက်တာ

အရမ်းကြောက်နေတယ်၊ အမှန်အတိုင်းပြောပါ"

"ဟို ဟို ဘာမှ ဘာမှမဖြစ်ပါဘူး၊ ဟို အဘွားအခန်းထ

ပြန်လာတာပါ၊ ရှင် ရှင်နဲ့တိုက်မိလို့"

"မဖြစ်နိုင်ဘူး၊ ဒေါက်တာ တစ်ခုခုတော့ ကြုံတွေ့လာ

မယ်၊ အမိက ဂုဏ်ရွေသိက္ခာ စောင့်ထိန်းရမယ့် အပျိုစင်ဆရာ

လေးတစ်ယောက်ပဲ"

နေ့အကြည့်တွေက မာထန်စွာ ဘုံ မျက်ဝန်းတွေ

ထိုးဖောက်ဝင်တော့မတတ် စူးစိုက်နေလေသည်။ ဘုံ့ နှလုံးသားတွေ

တဆတ်ဆတ်တုန်ပြီး အသိမဲ့ချင်သလိုပင် ဖြစ်နေရ၏။ စိတ်တွေ

ထိန်းချုပ်ဖို့ ကြိုးစားရင်း နှလုံးခုန်သံတွေက အထိန်းအကွပ်မဲ့





တဒိန်းဒိန်း ခုန်နေသည်။ မယုံသင်္ကာသည့် အရိပ်တွေ ပြည့်နှက်နေ

သော ကိုနေမင်းထင်ရဲ့ အကြည့်တွေကြောင့် ဘုံ နေရာမှ လဲပြိုကျ

မသွားအောင်ပင် အနိုင်နိုင်ဖြစ်နေရ၏။ ဘုံ မဟုတ်တာမှမလုပ်တာ

ပဲ။ ဘုံ ရိုးသားဖြူစင်စွာ အနက်ရောင်စံအိမ်ကြီးထဲ ရောက်လာခဲ့ရ

တာပဲ။ ကိုယ့်ကိုယ်ကို အားပေးနှစ်သိမ့်ပြီး စိတ်တွေကို တည်ငြိမ်

အောင် ကြိုးစားရလေသည်။

"ဒေါက်တာ"

"ရှင်"

"ဒေါက်တာ ဘာတွေဖြစ်လာလဲ၊ တစ်စုံတစ်ခုကြောင့်

ဒေါက်တာ တုန်လှုပ်ချောက်ချားလာတယ်ဆိုတာ ကျုပ်သိတယ်၊

ပြောပါ၊ ပြီးတော့ ဒေါ်မြင့်မြတ်မာလာနဲ့ ဒေါက်တာ ဘယ်လို

အပေးအယူ လုပ်လာကြလဲ၊ ကျုပ်တို့ အနက်ရောင်စံအိမ်ကြီးထဲကို

မရိုးမသားလာတာမဟုတ်လား"

"ရှင်"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"မ မဟုတ်ပါဘူး၊ ကျွန်မ ဆေးကုဖို့ ရောက်လာတာပါ ပဲ"

"မဖြစ်နိုင်ဘူး"

"ရှင်"

"မင်း မရိုးသားဘူး၊ မင်းလို ချောမောလှပပြီး နုနုထွတ် ထွတ် ဆရာဝန်မလေးတစ်ယောက်က ကျုပ်တို့ အနက်ရောင်စံအိမ် ထဲ ရောက်လာစရာအကြောင်း မရှိဘူး၊ ဒီလောက် ချောင်ကျတဲ့ နေရာအစွန်အဖျား ရိုးရိုးသားသား ဖြူဖြူစင်စင် ခြောက်ပြစ်ကင်း သဲလဲစင်တော့မဖြစ်နိုင်ဘူး"

နေမင်းထင်ဆိုတဲ့လူကို ဘုံ မုန်းသွားမိလေသည်။ ဘုံ့မှာ လည်း အပြစ်အနာအဆာတွေ ရှိနေ၍ ကိုနေမင်းထင်နှင့် ရင်ဆိုင် နိုင်စွမ်း မရှိဘဲ ဖြစ်နေရ၏။ ဒေါ်လေးမာယာရဲ့ အကောက်ကြံမှု တွေကိုလည်း ဘုံ သိထားနေခဲ့၏။ ဘုံ ဘာဆက်လုပ်ရမလဲ။ အနက်ရောင်စံအိမ်ကြီးထဲကနေပဲ ထွက်သွားရတော့မလား။ ကိုနေ မင်းထင်ရဲ့ ရှေ့မှာ လဲကျသေပစ်ချင်လောက်အောင်ပင် စိတ်ညစ်





သွားမိလေသည်။

"ဒေါက်တာ"

"ဟင်"

"ပြောလေ"

"ကျွန်မ ရိုးရိုးသားသား ဆေးလာကုတာလို့ပြောထား ပြီးပြီပဲ၊ ရှင်မယုံလည်း မတတ်နိုင်တော့ဘူး"

ကိုနေမင်းထင်ရဲ့ ရှေ့ကနေ ရှောင်ထွက်လာခဲ့လေသည်။ ဘုံ့အခန်းလေးထဲ ရောက်သည်အထိ ကြောက်လန့်စိတ်တွေက မပြေ သေးဘဲ တုန်ရီလှိုက်မောနေဆဲပင် ဖြစ်နေ၏။ သက်ပြင်းမောကြီးကို ပြင်းပြစွာ မှုတ်ထုတ်လိုက်ပြီး ခုတင်တိုင်ကိုမှီတွယ်ကာ ခုတင်ပေါ် မှာ ထိုင်လိုက်ရသည်။

"အမိ ဒီကိုရောက်လာတာ မရိုးသားနိုင်ဘူး၊ ဒေါ်မြင့် မြတ်မာလာနဲ့ ပေါင်းပြီး ဘယ်လိုအကောက်ကြံတွေနဲ့ ရောက်လာ တာလဲ ပြောစမ်း"

ကိုနေမင်းထင်ရဲ့ မာထန်တဲ့ အကြည့်တွေနှင့် မသင်္ကာနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မျက်ဝန်းအကြည့်တွေကို ဘုံ မေ့ဖျောက်ပစ်၍မရပေ။ ဒေါ်လေးမာယာ ဘာတွေလုပ်နေတာလဲ။ ဘုံ ထွက်သွားချင်တယ်။ ပြေးစရာလည်း မြေမရှိပါဘူး။ ရှုပ်ထွေးပွေလီနေတဲ့ အနက်ရောင်စံအိမ်ကြီးထဲကိုမှ ဘုံ အားကိုးမှီတွယ်ရာအဖြစ် ရွေးချယ်လာရောက်ခဲ့မိနေလေသည်။ ဘုံ ဘယ်ကိုထွက်ပြေးနားခိုရမလဲ။ ဘုံ ရန်ကုန်ပြန်ပြီး အပြစ်တွေကို ဝန်ချပြောဆိုပြီး အပြစ်တွေကိုပဲ ခံယူလိုက်ရမလား။ ဘုံ့မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ပြည့်နှက်လာရလေသည်။ ကြေကွဲစွာ တသိမ့်သိမ့် ရှိုက်ငိုပစ်ချင်လာရ၏။

"ဒေါ်လေးမာယာရယ် ဘုံ့ကို ဘာဖြစ်လို့များ အသုံးချခဲ့ရတာလဲ၊ ဘုံ့ရဲ့ ရိုးသားဖြူစင်တဲ့ဘဝလေးကို ဖျက်စီးပစ်ရက်တယ်"

ဒေါ်လေးမာယာက ဘုံ့ကို ကူညီထောက်ပံ့ဖို့ ရောက်လာစဉ်ထဲက ဘုံ လက်မခံလိုပေ။ ငြင်းဆန်ခဲ့မိသည်။ ဘုံ့ဘဝနဲ့ ဘုံကြိုးစားရုန်းကန် တည်ဆောက်နေလိုပေမယ့် ဒေါ်လေးမာယာက တူမလေး အားကိုးရာမဲ့နေသည်ဟုဆိုကာ ဘုံ့ကို အတင်းအကြပ်ထောက်ပံ့ခဲ့သည်။ ဘုံကလည်း အခက်အခဲတွေနှင့် ရင်ဆိုင်နေတဲ့





အချိန် ဖြစ်၍ လက်ခံခဲ့ရလေသည်။ ဘုံ ထွက်ပြေးချင်ပါတယ်။ ဘုံ ရှင်သန်ဖြတ်သန်းချင်တာက ရိုးသားဖြူစင်ပြီး ဂုဏ်သိက္ခာရှိတဲ့ ဘဝလေးပါပဲ။

"အဟင့် အဟင့်"

"အဟင့်"

သူမ တသိမ့်သိမ့် ရှိုက်ငိုပစ်လိုက်မိလေသည်။ ကိုနေမင်းသင်ကို ဘုံ ရအောင်ယူမယ်တဲ့။ ဟွန်း ကြောက်စရာကောင်းလွန်းတဲ့ အကြည့်တွေနဲ့ ဘုံ့ကို အထင်သေးနေသလိုကြီး ကြည့်နေလေသည်။ ဒေါ်လေးမာယာ ဘာတွေလုပ်နေတာလဲ။ လမင်းသာအခန်းထဲဝင်ပြီး ဂုဏ်သိက္ခာမဲ့စေမယ့် အပြုအမူတွေ လုပ်နေခဲ့၏။ ဒေါ်လေးမာယာ မရိုးသားတော့ဘူးဆိုတာ ဘုံ သိနေသည်။

"မင်း ဘာတွေဖြစ်လာရတာလဲ ဒေါက်တာရေမွှေးဘုံ၊ ပြဿနာ မင်းတစ်ခုခုနဲ့ ရင်ဆိုင်ကြုံတွေ့လာရတယ် မဟုတ်လား"

သူ့ရင်ခွင်ထဲကို ဘုံ ဘာဖြစ်လို့များ ရောက်သွားရတာလဲ။ ... ခင်းကြပ်စွာ ပွေ့ဖက်ထားတဲ့ သူ့လက်တွေ။ အို ဘုံ မတွေးချင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူက ဘုံ့ကို ချစ်မြတ်နိုးလို့ ပွေ့ဖက်ထားတာမှ မဟုတ်တာပဲ။ ဒေါ်မြင့်မြတ်မာလာ ရွေးချယ်ထားတဲ့သူဆိုပြီး ဘုံ့ကို မုန်းတီးနေတာပါ။ ဘုံ တစ်ယောက်တည်း ကြေကွဲဝမ်းနည်းအားငယ်စွာ ငိုကြွေးနေမိလေသည်။



●

အခန်း (၇)

"ဒေါက်တာ"

"ဟင် ကိုလမင်းသာ"

"ကိုယ့်ကို ရင်းရင်းနှီးနှီးပဲ ဆက်ဆံပေးပါလား ဘုံ"

"ရှင်"

"လလို့ပဲခေါ်ပါ"

"ရှင်"

"ကိုယ်က အနက်ရောင်စံအိမ်ကြီးထဲမှာ အပယ်ခံပါဘုံ
ယ်၊ အိမ်ဖော်မက မွေးလာတာလေ၊ ကိုယ့်ဒက်ဒီကရော ဘွားက
ာ ကိုကိုကရော မျိုးမစစ်ဘူးလို့ ယူဆထားကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ပါပဲ။ လရဲ့ မျက်ဝန်းတွေက ရီဝေညှိုးငယ်နေလေသည်။ အမြဲတမ်း အပယ်ခံ တစ်ယောက်အဖြစ် လ နေထိုင်ခဲ့ရ၍ ဘုံလည်း ကိုယ်ချင်းစာမိကာ သနားကြင်နာသွားရ၏။ ဒေါ်လေးမာယာရဲ့ မာယာထောင်ချောက်ထဲ ကိုတော့ လမင်းသာဆိုတဲ့ ရှင့်ကို တိုးဝင်မသွားမိစေချင်ပါဘူးလေ။ ဘုံ ဘွားမဟာဆန်ရဲ့ အခန်းကိုသွားတိုင်း နေ သို့မဟုတ် လဆိုတဲ့ လူတွေနှင့် ဆုံတွေ့နေရသည်။ တကယ်တော့ ဘုံ ယောကျ်ားတွေ နှင့် မပတ်သက်ချင်ပေ။ ယောကျ်ားတွေကို ဘုံ မုန်းတယ်။ ဦးလေး အဂ္ဂလို ယောကျ်ားတစ်ယောက်က ဘုံ့အပေါ် ကြဲစည်ရက်လိုက် တာ။ ဘုံ အတိတ်တွေကို ကြောက်ရွံ့တုန်လှုပ်စွာ တွေးမိနေဆဲပင် ဖြစ်လေသည်။

"ဘုံ့ကို ခွင့်ပြုပါဦး"

"ဘုံ"

"ရှင်"

"ကိုယ့်ကို ဘုံကရော မျိုးမစစ်တဲ့ လူတစ်ယောက်လို့





တော်မှတ်မလား"

"အို ဘုံ့ဘာဆိုင်လို့လဲရှင်၊ ဘုံက တာဝန်တစ်ခုကိုပဲ ထမ်းဆောင်ချင်တာပါ"

"နေပါဦး ဘုံ"

"ရှင်"

"အမှတ်တရပါ"

"ရှင်"

"ဒါလေးကို ဘုံလက်ခံပေးပါလား"

အနီရောင်ဖူးလေးနှင့် ထည့်ထားသော စိန်လော့ကက်လေး သော ဆွဲကြိုးလေး ဖြစ်နေသည်။ ဘုံ အထိတ်တလန့်နှင့် လကို ကြည့်မိသွားရတော့၏။ ဘုံ့ကို ဘာသဘောနှင့် ဘာပေးနေရ တာလဲလို့။

"ဒါက ကိုယ့်မာမီရဲ့အမွေပါ၊ ကိုယ့်ကို ပေးထားတာ ကိုယ့်ဒက်ဒီက ကိုယ့်မာမီကို အပျော်ပဲ ကြံစည်ခဲ့တာပါ၊ လင်မှတ်ဘဲ ကလေးရလာလို့ ကိုယ့်မာမီ မောင်းထုတ်မခံရတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲလေ''

''ဟို ဟို ဘုံ ဘာမှလက်မခံပါရစေနဲ့နော်၊ ဘုံ တာ
တစ်ခုကိုပဲ ကျေပြွန်စွာ ထမ်းဆောင်ချင်ပါတယ်၊ ကျန်းမာ
စောင့်ရှောက်ပေးဖို့ကလွဲပြီး ဘယ်လိုအကြောင်းမျိုးနဲ့မှ အိမ်ရှင်
နဲ့ မပတ်သက်ပါရစေနဲ့နော်''

''ဒေါက်တာ''

သူ့ ဒေါက်တာရှေ့ကနေ ပိတ်ကာရပ်ပစ်လိုက်မိ
သည်။ စူးရှနာကျင်တဲ့ မျက်ဝန်းတွေနှင့် လှပချောမော အိစက်
လွန်းသော ဒေါက်တာမေတ္တာဘုံကို ကြည့်မိနေတော့၏။

''ဘုံ့အနေနဲ့ ကိုယ့်ကို မပတ်သက်ချင်လည်း နေ
ပါပေမယ့် ဒီအမှတ်တရပစ္စည်းလေးကိုတော့ လက်ခံပေးပါလ
ဒါက ကိုယ့်မာမီပိုင်ဆိုင်ခဲ့တဲ့ တစ်ခုတည်းသော အဖိုးတန်ပစ္စ
လေး ဖြစ်နေလို့ပါ၊ ကိုယ်အမြတ်နိုးဆုံးဖြစ်သလို ကိုယ်အမြတ်
ဆုံး မိန်းကလေးတစ်ယောက်ရဲ့လက်ထဲ ပေးအပ်ချင်နေခဲ့တာ ကို
ရဲ့ အကြီးမားဆုံးဆန္ဒပါပဲလေ''





''ရှင်''

''ဘုံက ကိုယ်အမြတ်နိုးဆုံး မိန်းကလေးဖြစ်နေတယ်၊
ဒီပစ္စည်းလေးကို လက်ခံပေးပါလား၊ ကိုယ် တခြားအခွင့်အရေး
ဘာမှမတောင်းဆိုပါဘူး၊ ကိုယ်အမြတ်နိုးဆုံး ပစ္စည်းလေးတစ်ခုကို
ကိုယ်အမြတ်နိုးဆုံး မိန်းကလေးလက်ထဲ ပေးအပ်ပါရစေ၊ ဒီအခွင့်
အရေးလေးတစ်ခုပဲ ပေးပါဒေါက်တာ''

သူ့အကြည့်တွေက အလွန်အမင်း ခယတောင်းပန်နေ
သော ညှိုးရော်အားငယ်နေလေသည်။ ဘုံ လက်မခံချင်ပါဘူး။
ဘုံ့ကိုယ်ကျင့်သိက္ခာတွေကို ဘယ်လိုအရာတွေနဲ့မှ အထိပါးအပွန်း
အပဲ့ မခံနိုင်ပါဘူး။ ဘုံ ကိုယ်ကျင့်တရားတွေက ဘုံ့ဘဝမှာ
အန်ဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးမားပါတယ် လမင်းသာ
ရယ်။

''ကိုယ် ရိုးသားဖြူစင်စွာ ပေးအပ်တာပါ၊ ဘုံ လက်ခံ
ပေးပါဗျာ''

''ဟင့်အင်း''



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ"

"ကိုလမင်းသာက အိမ်ထဲမှာပဲနေပြီး ကျွန်မတစ်ယောက်တည်းကိုပဲ တွေ့ခွင့်ရလို့ပါ၊ နောက်ထပ် ကျွန်မထက် ချစ်ခင်မြတ်နိုးစရာကောင်းတဲ့ မိန်းကလေးတွေ့ရဦးမယ်လေ၊ အဲဒီအခါမှာ ရှင်နောင်တရလိမ့်မယ်၊ နှမြောတမ်းတရင်ထုမနာ ဖြစ်ရမယ်၊ ဒီပစ္စည်းလေးက ရှင့်မာမီပစ္စည်းလေးပဲ၊ ရှင်လည်း အမြတ်နိုးဆုံးမဟုတ်လား၊ ရှင့်လက်ထဲမှာပဲ သိမ်းထားပါလား လရယ်၊ ရှင့်ကိုခင်မင်တဲ့ အထိမ်းအမှတ်လေးတစ်ခုအဖြစ် လလို့ပဲခေါ်ပါ့မယ်လေ အဲဒီလောက်နဲ့ပဲ ကျေနပ်ပါ"

ဘုံ ပြောပြီး လမင်းသာအနားမှ လှည့်ထွက်လာခဲ့လေသည်။ ဘုံ အားလုံးနဲ့ ခပ်ပြတ်ပြတ်နေတာ အကောင်းဆုံးပါပဲ။ ပြီးတော့ ဘုံ့နှလုံးသားတွေထဲမှာ တလှပ်လှပ်ရင်ခုန်လိုက်မောသော ဝေဒနာ စူးစူးရှရှလေးတစ်ခု မသိမသာ တိုးဝင်ခိုနေရလေသည်။ မုန်းလိုက်တာ။ ဘုံ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ပထမဦးစွာ ဖက်တွယ်ခိုမိသွားရတယ်။ အဲဒီယောကျ်ားကိုပဲ ဘုံ





ခေါ့ဖျောက်ပစ်လို့မရနိုင်ဘူး ဖြစ်နေရတယ်လေ။ မုန်းလိုက်တာ၊ အဲဒါဘုံ မဖြစ်ချင်ဆုံးပဲ။ နေ ရှင့်ကို ကျွန်မ အရမ်းမုန်းတာပဲ။ ရှင့်မျက်ဝန်းတွေက ကျွန်မကို အထင်သေးနေတယ်။ ကျွန်မ အမုန်းဆုံးက ကျွန်မကို အထင်သေးတဲ့သူကိုပဲ။

"မေတ္တာဘုံ"

"ဟင်"

"လာခဲ့စမ်း"

"ဟင်"

ဒေါ်လေးမာယာက သူမလက်လေးကို ခပ်ကြမ်းကြမ်းဆွဲကိုင်ပြီး အခန်းတစ်ခုထဲသို့ ဆွဲခေါ်သွင်းပစ်လိုက်လေသည်။ အခန်းက ဒေါ်မာယာဘုံနှင့် ဦးရန်နောင်တို့ရဲ့ အိပ်ခန်းကြီး ဖြစ်နေလေသည်။

"ဒေါ်လေးမာယာ ဘာလုပ်တာလဲ၊ ဘုံ့ကို ဘာဖြစ်လို့ဒီအထဲခေါ်လာရတာလဲ"

"ဘာ ဒေါ်လေးမာယာလဲ၊ ခေါ်စမ်း အန်တီမာလာလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး"

"အန်တီပါဆို၊ ပြန်ခေါ်စမ်း ဘုံ၊ အန်တီလို့"

"အန်တီ"

"အေး"

"ဟို ဟို"

"နင် ဟိုအဘွားကြီး ဒေါ်မဟာဆန်ဆီ သွားမလို့မဟုတ်လား"

"အန်တီ"

"ဒါတွေအသာထားစမ်းပါ မေတ္တာဘုံ၊ နင်စောစော ဘယ်သူနဲ့ စကားပြောနေတာလဲ"

"ဟို လမင်းသာနဲ့လေ"

"ဘာ"

"ဘာဖြစ်လို့လဲ အန်တီရဲ့"

ဒေါ်လေးမာယာရဲ့ မျက်နှာပြင်က ရုတ်ချည်းတင်းမာ ခက်ထန်သွားရပြီး ဘုံ့အား မျက်ထောက်နီကြီးနှင့် စူးစူးရဲရဲ ကြည့်





တော့သည်။ ဘုံပင် လန့်သွားရတော့၏။ အမြဲတမ်း မျက်နှာ ပြီး လူတွေကို အချိုသတ် အကောက်ကြံစည်တတ်လေ့ရှိသော ဒေါ်လေးမာယာရဲ့ မျက်ဝန်းတွေက ဟန်ဆောင်သဘောကောင်းချင် ဆောင်တောင် မဆောင်နိုင်ဘဲ ဖြစ်သွားရသည်။

"နင့်ကို ငါဘာပြောထားလဲ မေတ္တာဘုံ၊ လနဲ့ မပတ် တ်ပါနဲ့လို့၊ နင်စကားရပ်ပြောနေစရာလားဟဲ့"

"သူ သူက"

"သူကလာပြောလည်း နင်ရှောင်နေရမယ်၊ လုံးဝမပတ် ာ်နဲ့နော် မေတ္တာဘုံ၊ နင် ပတ်သက်ဆက်ဆံရမှာက နေပဲ၊ င်းထင်ဆိုတဲ့ ယောက်ျားတစ်ယောက်ဟဲ့၊ နင် မာယာတွေသုံး ယ်၊ ဖြားယောင်းမြူဆွယ်မှုတွေ အစွမ်းကုန်လုပ်ပြရမယ်"

ဒေါ်လေးမာယာက အရူးတစ်ယောက်ကဲ့သို့ လောဘ က်တွေ တလျှံလျှံတကြီးကြီး တောက်လောင်နေတဲ့ မျက်ဝန်း နှင့် ကြည့်နေလေသည်။ ဘုံ စိတ်ပျက်မိ၏။ အခုလည်း လေးမာယာက စည်းစိမ်ဥစ္စာတွေနှင့် ပြည့်စုံနေပြီပဲ။ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ ချစ်ခင်မြတ်နိုးမှုတွေ ရနေခဲ့ပြီပဲ။ ဘာတွေလိုအေ
နေသေးလို့လဲ။ ယောက္ခမကြီး ဒေါ်မဟာဆန်ကိုလည်း ကွယ်ေ
နှင့် အဘွားကြီးတဲ့။ ဒေါ်မဟာဆန်ရှေ့မှာတော့ တယုတယ ရိုက်
ပြနေလိုက်တာ။ စိတ်ပျက်နေမိသည်။

"နင် နင် လကို လုံးဝစိတ်ဝင်စားဖို့ မကြိုးစားနဲ့ေ
မေတ္တာဘုံ၊ လနဲ့လည်း ဘယ်လိုနည်းနဲ့မှ ပတ်သက်ဖို့မကြိုးစားနဲ့"

"ဘုံ ဘယ်လိုယောကျ်ားမျိုးကိုမှ မပတ်သက်ချင်ဘူ
အန်တီ၊ ဘုံ ငယ်စဉ်လေးထဲက ကိုယ်ကျင့်တရားတွေကို ထိန်းသိ
ပြီး တန်ဖိုးထားလာခဲ့တာပါ"

"လမှာ ဘာမှအထင်ကြီးစရာ မရှိဘူး၊ ရုပ်ရည်ချောေ
တာပဲရှိတာပါအေ့၊ လက အနိမ့်ခံဘဝ၊ နေကမှ"

"ဘုံ သွားတော့မယ်"

"မေတ္တာဘုံ"

"ရှင်"

"ညည်း နေ့ကို အစွမ်းကုန်မြှူဆွယ်ဖြားယောင်းပါ၊ ညည်း





နေ့ကို လက်ထပ်ဖို့ကြိုးစားရမယ် ကြားလား"

"ဒေါ်လေးမာယာ ဘုံ့ကို ဘာဖြစ်လို့ စိတ်သောကတွေ
ရောက်အောင် လုပ်ချင်နေရတာလဲ၊ ဘုံက ဒေါ်လေးမာယာ့တူမပါ"

နင်က ငါ့တူမအရင်းမဟုတ်ဘူး မေတ္တာဘုံ။ နင့်အမေကိုယ်
တိုင်က ငါ့ကို မွေးစားထားတဲ့ မိန်းမဆိုပြီး အထင်သေးနှိမ်ချပြီး
အဖက်မတန်သလို လုပ်ခဲ့တယ်။ နင့်အပေါ် ငါ သံယောဇဉ်ရှိပေ
မယ့်လည်း ငါက အတ္တကြီးတယ်။ တစ်ကိုယ်ကောင်းဆန်တယ်။
ငါ ဆင်းရဲမှာကြောက်တယ်။ အရမ်းချမ်းသာချင်တယ် မေတ္တာဘုံ။
ငါ့ဆန္ဒတွေ ငါဖြစ်ချင်နေတာတွေ ငါလိုချင်တာတွေအားလုံး ရအောင်
လုပ်ရမယ်။ ယောကျ်ားတွေ စွဲမက်စရာ ညှို့ယူဖမ်းစားနိုင်တဲ့ အချော
အလှတွေ ရှိနေတယ်လေ။

"မေတ္တာဘုံ"

"ရှင်"

"နေ့ကို ရင်းနှီးအောင် နင်အစွမ်းကုန် မြှူဆွယ်ဖြားယောင်း
ပါ၊ နင် နေ့ကိုလက်ထပ်ဖြစ်အောင် ကြိုးစားရမယ် ကြားလား၊



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုတော့ မထိနဲ့၊ နင် စိတ်ဝင်စားရမယ့် ယောကျ်ားမဟုတ်ဘူးနော်၊ နင်ရွေးချယ်နော် မေတ္တာဘုံ၊ နင့်ကောင်းစားရေးအတွက် ငါက စီစဉ်ပေးတာပါအေ၊ နင် ကိုအဂ္ဂကိုသတ်ခဲ့တဲ့ လူသတ်သမားအဖြစ် ထောင်ထဲမှာနေမလား၊ အခေါ်နဲ့ကွဲနေတဲ့ ကိုယ့်ဦးလေးအရင်းမဟုတ်တဲ့အိမ်မှာ နင်ဘာဖြစ်လို့ ရောက်နေရတာလဲ၊ နင် ဖြေရှင်းချက်တွေ အများကြီးပေးရမှာနော်''

ဒေါ်လေးမာယာ အနားတနေ ဘုံ ထွက်လာခဲ့လေသည်။ ရင်ထဲမှာ နာကျင်ကြေကွဲနေရ၏။ ဒေါ်လေး ရက်စက်တယ်။ ကိုထိုက်တူမအရင်းအပေါ် ဒီလောက်အထိ ယုတ်မာကောက်ကျစ်တဲ့ အကြံအစည်တွေ ကြံစည်ရလား။ လက်ကိုလည်း စိတ်မဝင်စားဘူး။ နေ့ထိုလည်း စိတ်မဝင်စားပါဘူး။ အေးချမ်းတည်ငြိမ်တဲ့ ဘဝလေးတစ်ခုကို ဘုံ ဘယ်လိုရှာဖွေရမလဲဟင်။ မေမေရယ် ဘုံ့ကို ဘာဖြစ်လို့များ တစ်ယောက်တည်း ထားခဲ့ရတာလဲ။ ဘုံ့မှာ အရမ်းခက်ခဲကြမ်းတမ်းတဲ့ လမ်းပေါ်မှာ လျှောက်နေရပါပြီ။ ဘုံ့မှာ လွတ်မြောက်ရာ အရပ်ဒေသရော တွေ့ရှိနိုင်ပါတော့မလား။ ဘုံ့ရင်တွေ ဆောက်တည်ရာမရအောင် ပူပြင်းလောင်မြိုက်နေရလေသည်။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဒေါက်တာမေတ္တာဘုံ"

"ရှင် ဘွား"

"ညည်းလေး တိတ်ဆိတ်နေပါလားကွယ်၊ ဘွားတို့ဒီ မှာနေရတာ ပျော်ရဲ့လား၊ ဘာအခက်အခဲတွေ ရှိနေလဲ"

"မရှိပါဘူးဘွားရယ်၊ ပျော်ပါတယ်၊ ဘုံ တစ်ခါတ အတိတ်ကအကြောင်းတွေ စဉ်းစားမိတဲ့အခါ နာကျင်ခံစားသွား လို့ပါ"

ဒေါ်မဟာဆန်ရဲ့ စိတ်ထဲမှာ ဒေါက်တာမေတ္တာဘုံ အရမ်းချောမောလှပလွန်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေမ





သား ရန်နောင်က မိန်းမတွေနဲ့ ရှုပ်ပွေချင်တယ်။ မြေးတွေကို ာ်မပူရပါဘူး။ လူပျိုတွေမဟုတ်လား။ သားရန်နောင် အမြဲတမ်း ်းကလေးတွေနဲ့ ရှုပ်ပွေပြီး လက်ထပ်ယူထားရတဲ့ မိန်းမတွေ ာ်သောကတွေ ရောက်ကြရတယ်။ မြေးကြီးအမေဆိုရင် ရူးတောင် ွားရှာတယ်လေ။ ဒေါ်မဟာဆန် စိတ်မကောင်းပါဘူး။ ကိုယ်ချင်း ပါတယ်လေ။

"ဘွား မမြင်ရပေမယ့် ဒေါက်တာမေတ္တာဘုံလေးကို ်နေမိပါတယ်ကွယ်၊ ညည်းလေး ဒုက္ခရောက်မှာ စိုးမိတယ်၊ ယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် သမီးမာလာနဲ့ ဘွားကို ပြောပြတိုင် ်နော်"

"ဟုတ်ကဲ့"

"ဘွား မိန်းမချင်း ကိုယ်ချင်းစာပါတယ်ကွယ်၊ ချွေးမ ာကိုလည်း သနားတယ်၊ ဘွားသားက ရှုပ်ပွေတယ်၊ အခုတော့ ေးမာလာကို ချစ်မြတ်နိုးပုံပဲ၊ ဘွား ဝမ်းသာပါတယ်"

ဘွားမဟာဆန်ရဲ့ နာမည်နှင့်လိုက်ဖက်အောင် မဟာဆန်



www.burmeseclassic.com

www.burmeseclassic.com



ဆန် ချောမောပြီး စိတ်သဘောထား ဖြူစင်သည်။ ဒေါ်လေးမာယာ
က ဟန်ဆောင်နေတာပါ။ အဘွားကြီးတဲ့။ အချိုသတ်ပြီး အကောင်
ကြံတော့မှာပဲ ဖြစ်လေသည်။ ဘွားရယ် ဘုံတို့က အနက်ရောင်
စံအိမ်ကြီးထဲကို အကောက်ကြံဖို့ရောက်လာကြတာပါ။

"မြေးကြီးနေကတော့ စိတ်ထက်တယ်၊ ဒေါသကြီးတတ်
တယ်၊ တည်ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ပါ၊ မဟုတ်
တာလည်းမလုပ်ဘူး၊ ဘွား အချစ်ဆုံးမြေးပါပဲ"

လကိုရော ဘွား စကားထဲပင် ထည့်မပြောပေ။ လ
အပြစ်ပယ်ခံလား။ ဘုံ့စိတ်တွေကလည်း ထူးဆန်းစွာ လအပေ
ခံစားရျမရပေ။ ဘုံ့ဘဝလေးကို ပွုပြင်းလောင်မြိုက်သွားစေမယ့်
နေမင်းထင်ကိုပဲ မမေ့နိုင်သလို တမ်းတမ်းတတလေးနှင့် ဘုံရင်ထဲ
မှာ စွဲထင်နေလေသည်။

"မိထွေးကို နေက လက်မခံဘူးလေ၊ သင်းလေးအမေက
မိထွေးကြောင့် ရူးခဲ့ရတာပဲလေ၊ မြေးကြီးနေ့ဘက်က တွေးကြည့်





တော့လည်း ရင်နာစရာတွေပဲ မဟုတ်လားကွယ်"

ဘွားမဟာဆန်ရဲ့ လက်တွေက သူမလက်လေးကို
အားကိုးတကြီး ဆုပ်ကိုင်ထားလေသည်။ မျက်မမြင်ဒုက္ခိတဘဝ
ရောက်နေရှာတဲ့ ယောက္ခမကြီးကိုပင် ဒေါ်လေးမာယာက ရှေ့တင်
တစ်မျိုး ကွယ်ရာတစ်မျိုး မကောင်းကြံစည်နေ၏။ ဘုံ စိတ်မ
ကောင်းလိုက်တာ။ ဘွားမဟာဆန်ရဲ့ လက်တွေကို ဘုံ တင်းကြပ်
စွာ ပြန်၍ဆုပ်ကိုင်ဖျစ်ညှစ်ထားမိလေသည်။

"မေတ္တာဘုံရယ် သမီးလေးဟာ ရိုးသားဖြူစင်တဲ့ ဆရာ
မလေးတစ်ယောက်ဆိုတာ ဘွား ခံစားမိနေပါတယ်၊ ချွေးမလေး
ကလာကလည်း အကောင်းဆုံး ရွေးချယ်လာမယ်ဆိုတာ ဘွား
သိတယ်၊ မေတ္တာဘုံလေးကို အားကိုးပါတယ်နော်၊ အနက်ရောင်
စံအိမ်ကြီးရဲ့ မိသားစုဝင်တွေကို ကျန်းမာရေး စောင့်ရှောက်ပေးပါ"

"ဟုတ်ကဲ့ပါ ဘွားရယ်၊ ဘုံ အတတ်နိုင်ဆုံး အနက်
ရောင်စံအိမ်ကြီးထဲမှာနေပြီး တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်
သွားမှာပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဘွားမဟာဆန်သာ မျက်မမြင်ဒုက္ခိတတစ်ယောက် မဟုတ်ဘူးဆိုရင် ဘုံ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံနေတာတွေ့ရမှာပဲဖြစ်သည်။ တဆတ်ဆတ်တုန်ရီချင်နေတဲ့ နှုတ်ခမ်းလေးတွေကို တင်းကြပ်စွာ ဖိကိုက်ထိန်းချုပ်ထားရ၏။ တကယ်တော့ ဒေါ်လေးမာယာဘုံက ယုတ်မာကောက်ကျစ်တဲ့ အကြံအစည်တွေနဲ့ အနက်ရောင်စံအိမ်ကြီးထဲ ရောက်လာတာပါ။ ဘုံရောပဲ ဒေါ်လေးမာယာဘုံရဲ့ ရုပ်သေးရုပ်လေးတစ်ရုပ် ဖြစ်နေရသည်။

"မေတ္တာဘုံ လိုအပ်တာတွေပြောနော်၊ မအိုစာက အားလုံးလုပ်ပေးတယ်မဟုတ်လား"

"ဟုတ်ကဲ့"

ဒေါ်အိုစာကလည်း ဘုံအား လိုအပ်တာဝဲလုပ်ပေးပြီးခပ်ရှောင်ရှောင်နေလေသည်။ ဒေါ်အိုစာရဲ့သမီး ညိုပြာက ပိုဆိုးသေး၏။ မျက်နှာထားတွေက တင်းမာနေတတ်လေသည်။ ဒေါ်လေးမာယာဘုံကတော့ ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူးတဲ့လေ။

"အားလုံး လိုအပ်တာတွေ ကူညီကြပါတယ်ဘွားရယ်





ဲ့ ပျော်ပါတယ်၊ ဘွားရဲ့ကျန်းမာရေး အခြေအနေလည်း အားလုံးကောင်းပါတယ်နော်"

ဘွားမဟာဆန် အခန်းထဲသို့ ဒေါ်အိုစာရဲ့သမီး ညိုပြာ သောက်စရာဗန်းလေးကိုင်ပြီး ဝင်လာလေသည်။ ဘုံ့ကိုတွေ့တော့ ညိုပြာ့မျက်ဝန်းတွေက တင်းသွားရ၏။ ဘုံ့ကို မလိုလားပုံ ။ အနက်ရောင်စံအိမ်ကြီးထဲမှာ နေရတာ ဘုံ့စိတ်တွေ ကျဉ်းကြပ်ရသည်။

"ညိုပြာလား"

"ဟုတ်ပါတယ်ဘွား"

"ညည်းလေးကို ပြောထားရဦးမယ်၊ ဒေါက်တာအပေါ် ဲ့တသေ ဆက်ဆံနော်၊ ပြီးတော့ လိုလေသေးမရှိစေနဲ့၊ တို့ ်ကျ်ရောင်စံအိမ်ကြီးထဲကို ဘယ်လိုဆရာဝန်ကမှ ကြာရှည်လာ ိုင်မှာမဟုတ်ဘူးဆိုတာ မှတ်ထား"

"ဟုတ်ကဲ့"

"မအိုစာကိုလည်း မှာရမယ်၊ ဒေါက်တာကို စိတ်ငြိုငြင်



www.burmeseclassic.com

www.burmeseclassic.com



အောင်လှပ်တဲ့သူ ဒီကနေထွက်သွားရမယ်''

ညိုပြာနှုတ်ခမ်းတွေ တွန့်မဲ့သွားတာကို ဘုံ တွေ့လိုက်

လေသည်။ ညိုပြာကလည်း ညိုညိုစိမ့်စိမ့်လေးနဲ့ ရုပ်ရည်ပြေပြ

၏။ ဘုံ့ထက် နည်းနည်းပဲငယ်မည်။ လူပို့တွေရှိတဲ့အိမ်မှာ မိန်းခွေး

ဘုံ့ကို မနာလိုဖြစ်နေတာလား။ ဘွားကို နှုတ်ဆက်ပြီး ထွက်လ

သည်။

''ဒေါက်တာ''

''ရှင်''

''မယ်မယ့်အခန်းထဲကနေ ပြန်လာတာလား''

''ဟုတ်ကဲ့''

ဒေါ်လေးမာယာရဲ့ ခင်ပွန်း ဦးရန်နောင်နှင့် ဆုံမိလေသ

ဦးရန်နောင်ကလည်း နှာမည်တစ်လုံးနှင့် မိန်းမတွေအကြား သော

တွေကို ဖန်တီးပေးတဲ့သူပင်။ ဘုံကတော့ အရောမဝင်လိုတဲ့သ

နှင့် ခပ်ရှောင်ရှောင်ပဲနေခဲ့သည်။

''မယ်မယ့်ကျန်းမာရေးရော အိုကေရဲ့လားဗျာ''





''ဟုတ်ကဲ့၊ ဘုံ စစ်ဆေးပြီးပါပြီ၊ အားလုံးကောင်းပါ

ယ်''

''ဒေါက်တာ''

''ရှင်''

''လိုအပ်တာရှိရင် ပြောပါနော်၊ အားမနာပါနဲ့၊ အန်ကယ်

ကြီးနေက နည်းနည်းကြမ်းတယ်၊ ဒီကောင်က အမြဲတမ်း

မကျ ဖြစ်နေတာလေ၊ စိတ်ရင်းကတော့ ကောင်းပါတယ်၊

တ်တာ့ အပေါ် မချေမငံဆက်ဆံမိတာရှိရင် ကြိုတင်တောင်းပန်

ပါရစေ''

''ရပါတယ်၊ ဘုံက မိသားစုဆရာဝန်ပဲ၊ ဘုံ့တာဝန်

ရားတွေကိုပဲ အာရုံစိုက်မှာပါ''

''ကျေးဇူးပါပဲဒေါက်တာ''

ဘုံ လှည့်ထွက်လာခဲ့မိလေသည်။ ဒေါ်လေးမာယာ

င့် ဘုံ ရှုပ်ထွေးပွေလီနေတဲ့ အသိုင်းအဝိုင်းတစ်ခုထဲ ဝင်ရောက်

နေလေသည်။ လူယုတ်မာကြီး ဦးအဂ္ဂ သေဆုံးသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



သေမှာပါပဲ၊ သွေးအိုင်ထဲမှာ လှုပ်တောင်မလှုပ်နိုင်ဘူး။ ရာဇ
သေးဆိုတာ ပြေးလို့လွတ်ပါ့မလားဘုံရယ်။ နင် ရင်ဆိုင်လိုက်
တော့။ ဘုံက ဥပဒေကပေးတဲ့ အပြစ်ကို ခံယူရဲပေမယ့် အ
အရင်းခေါက်ခေါက်ရဲ့ လှည့်ကွက်ကြောင့် အဒေါ်ယောက်
အစော်ကားခံခဲ့ရတာကိုတော့ ထုတ်ဖော်ပြောပြရမှာ အရှက်ကြီး
မိနေ၍ ဥပဒေကို ရင်မဆိုင်ရဲဘဲ ဖြစ်နေရလေသည်။ မေ
ဘုံ့ဘဝတွေက ခက်ခဲကြမ်းတမ်းလွန်းလိုက်တာ။ ဘုံ ဘ
ရင်ဆိုင်ဖြတ်သန်းရမှန်းတောင် မသိတော့ပါဘူး။ ဘုံ့အခန်းအ
တွင် ပန်းသီးတစ်လုံးကို ကိုင်ထားသော ဒေါ်အိုစာက အ
တွင် ရပ်စောင့်နေလေသည်။

“ဒေါက်တာမေတ္တာဘုံ”

“ရှင်”

“ရော့”

“ရှင်”

“ပန်းသီးလေ၊ ဒေါက်တာကိုတော့ ကျုပ် သတိနည်း





ရာ ရှိနေပါတယ်”

“ရှင်”

“အိမ်တော်ရိုးကြီးဆိုတော့ တစ်အိမ်လုံးရဲ့ကိစ္စတွေကို စီစဉ်
င်ရွက်ပေးရတယ်လေ၊ ကျုပ်မှာ တာဝန်ရှိနေလို့ပါ”

“ရှင်ပြောပါ၊ အားမနာပါနဲ့၊ ဘုံ့ကို ပြောစရာရှိတာသာ
ပါ”

“အကောင်းဆုံးကတော့ ဒေါက်တာ့လိုမိန်းမချောလေးက
က်ရောင်စံအိမ်ကြီးထဲ အကြာကြီးမနေသင့်ဘူးလို့ ပြောချင်တာ
”

“ရှင်”

“တကယ်တော့ အနက်ရောင်စံအိမ်ကြီးဟာ သပ္ပတ်အရှု
ကြီးပါပဲ၊ ဒေါက်တာ့ကို စားစာခံအဖြစ် မရောက်စေချင်လို့
မောင်ရန်နောင် မျက်စိကျသွားရင်”

“ရှင်”

“ပွင့်ပွင့်လင်းလင်း သတိပေးတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကျွန်မ"

"အလုပ်ကနေ အမြန်ဆုံးထွက်လိုက်ပါ၊ ကျုပ်က စေတနာ အပြည့်နဲ့ သတိပေးတာနော်၊ ကျုပ်က ဒေါက်တာလို ဖြူစင်ချော လှပတဲ့ မိန်းကလေးတစ်ယောက် ရေတိမ်မှာနစ်မသွားစေချင်လို့"

ဒေါ်အိုစာရဲ့မျက်ဝန်းတွေက ကြောက်စရာကောင်းနေ သည်။ ရန်လိုမာထန်နေ၏။ အိမ်တော်စိုးကြီးက ဒီလောက်အ ပြောဆိုဝင်စွက်ဖက်ရဲနေတာ အံ့သြစရာကောင်းနေသည်။

"ညည်းအိမ်ရှင်တွေကို ပြန်မပြောနဲ့နော်၊ ကျုပ်က စေတနာနဲ့ သတိပေးတာပါ၊ ပြီးတော့ မောင်ရန်နောင့်ကို လုံး အရောမဝင်စေချင်ဘူး"

"ကျွန်မက ဒေါ်အိုစာထင်သလို အညာလွယ်တဲ့ မိန်း လေးတစ်ယောက် မဟုတ်ပါဘူး၊ ကျွန်မတာဝန်က ကျန်းမာ စောင့်ရှောက်ဖို့ပါပဲ၊ ကျွန်မ နဂိုထဲက ယောကျ်ားတွေကို စိတ် စားပါဘူး"

"ဒေါက်တာ"

"ဒေါ်အိုစာ သွားပါတော့၊ ကျွန်မ ဒေါ်မြင့်မြတ်မာလာ တစ်နှစ်တာဝန်ထမ်းဆောင်ဖို့ စာချုပ်ချုပ်ထားပါတယ်"

"ညည်း ညည်းကိုမယုံဘူး၊ ညည်းလို မိန်းကလေး တစ်ယောက်က အနက်ရောင်စံအိမ်ကြီးမှာ လာနေစရာအကြောင်း ရှိပါဘူးအေ"

ဘုံ ဘာမှဆက်မပြောတော့ဘဲ အခန်းထဲဝင်လာကာ တွင်းမှတံခါးကို ပိတ်ထားပစ်လိုက်မိလေသည်။ အနက်ရောင် အိမ်ကြီးထဲကနေ ပြေးထွက်သွားချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာဖြစ် ပေါ်နေမိလေသည်။



ဖြိုးဖြိုး - တာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဒေါက်တာ တံခါးဖွင့်ပါဦး၊ အိပ်နေပြီလား"

"ဒေါက်"

"ဒေါက်"

"ဟင်"

အပြင်မှ ဒေါ်လေးမာယာဘုံရဲ့ အသံကြောင့် ဘုံ ထိုင်နေ ရာမှ ဆတ်ခနဲ ထရပ်လိုက်မိလေသည်။ ဒေါ်လေးမာယာဘုံနဲ့ ရင်ဆိုင်ရမှာပင် ဘုံ ကြောက်ရွံ့တုန်လှုပ်နေမိ၏။ ဘုံ့ကို ဘာ လုပ်ခိုင်းတော့မလဲ။ စိစဉ်ညွှန်ကြားမှုတွေ ပေးတော့မယ်ဆို သိနေ၍ ဘုံ့စိတ်တွေ တုန်လှုပ်ချောက်ချားနေမိလေသည်။





"ဒေါက်တာ တံခါးဖွင့်ပါဦး၊ ဒေါက်တာ"

"ဒေါက်"

"ဒေါက် ဒေါက်"

ဘုံ မနေသာတော့ဘဲ အခန်းတံခါးကို ဖွင့်ပေးလိုက်ရလေ သည်။ အခန်းထဲသို့ ဒေါ်လေးမာယာ ဝင်လာ၏။ တုန်ရီချိနဲ့နေတဲ့ ဘုံ့ကို ဒေါ်လေးမာယာဘုံ အားမလိုအားမရစွာဖြင့် မာမာထန်ထန် ကြည့်နေလေသည်။

"မေတ္တာဘုံ"

"ရှင်"

"နင်ဘာဖြစ်နေတာလဲ၊ အားမရလိုက်တာဟယ်၊ နင့်အမူ အရာပျက်နေတာနဲ့ ငါပါ ဒုက္ခရောက်တော့မယ်ဟဲ့"

ဒေါ်လေးမာယာဘုံရဲ့ အကြည့်တွေကို ဘုံ အရှမ်းကြောက် ရွံ့နေမိလေသည်။

ဘာကိုမှ ငုံ့ညွှာထောက်ထားမှုမရှိတော့ဘဲ ထင်ရာစိုင်း တော့မည်ဖြစ်၏။ အဲဒါ ဒေါ်လေးမာယာဘုံရဲ့ အကျင့်စရိုက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘဝရှေ့ရေးအတွက်လည်း ပါတယ်ဟဲ့၊ နင့်ဘဝအတွက် အလုံခြုံဆုံးလေ၊ ရန်ကုန်မှာ နင့်ကို လူသတ်မှုနဲ့ ရဲတွေက အပူတပြင်းလိုက်ရှာနေကြတယ်၊ နင်ဘာကိုရွေးချယ်မှာလဲ မေတ္တာဘုံကဲ ထ နင်က ရဲကိုအဖမ်းခံချင်တာမဟုတ်လား၊ ထ ငါလိုက်ပို့မယ်"

ဒေါ်လေးမာယာဘုံက သူမလက်တွေကို ဆွဲယူပြီး အတင်းအကြပ် ထခိုင်းနေလေသည်။ ဘုံ့ဆန္ဒတွေက ဥပဒေဘောင်ထဲ ပြေးဝင်လိုက်ချင်ပေမယ့် ခန္ဓာကိုယ်က ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်နေတော့၏။ အရှက်တရားတွေက ဘုံ တရားဥပဒေနှင့် ရင်မဆိုင်ရဲဘဲ ဖြစ်နေတော့၏။

"အနက်ရောင်စံအိမ်ကြီးကို ပိုင်စိုးဖို့ ညည်း ကြိုးစားစမ်းပါ၊ နေရဲ့ ချစ်ဇနီးနေရာကို အရယူစမ်းပါ တူမလေးရယ်"

ဘုံ စိတ်တွေကို ပြေလျှော့ပစ်လိုက်မိလေသည်။ ဒေါ်လေးမာယာဘုံရဲ့ စီမံရာနောက်ကိုသာ ဘုံ လိုက်လျောဖို့ပဲ ရှိတော့၏။ ဘုံ့မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေနှင့် ကြေကွဲနာကျင်နေရ





မယ့် ဒေါ်လေးမာယာဘုံကတော့ သနားငဲ့ညှာထောက်ထားမှာ မဟုတ်ပေ။

"ညည်းလေး ဘာဖြစ်နေတာလဲမေတ္တာဘုံ၊ အခုမှ သူတော်ကောင်းလုပ်မနေချင်ပါနဲ့အေး ညည်းလေးဘဝ ရပ်တည်ရေးအတွက်ပါ"

ဒေါ်လေးမာယာဘုံရဲ့ အသံတွေက ဘယ်လောက်ချိုသာနေပါစေ နောက်ကွယ်မှာတော့ ကြောက်စရာကောင်းလွန်းတဲ့ အန္တရာယ်တွေက ရှိနေတတ်လေသည်။ ဘုံ့အသိဆုံးဖြစ်နေရပေမယ့် ရှောင်လွှဲဖို့ မဖြစ်နိုင်ဘူးမဟုတ်လား။

"ဒီနေ့ကစပြီး ညည်းလေး စစ်ဆင်ရေးစရမယ် မေတ္တာဘုံ"

"ရှင်"

"ဘာရှင်လဲ"

"ဘုံ ဘုံ ဘာလုပ်ရမှာလဲဟင်"

"နေမင်းထင်ကို ညည်း ဖမ်းစားနိုင်ဖို့ ကြိုးစားရမယ်



www.burmeseclassic.com

www.burmeseclassic.com



လေ”

“ဟင်”

“ဘာကြောက်နေရပြန်တာလဲ၊ ညည်းကို ဘယ်လို ယောကျ်ားမှ မချစ်မနှစ်သက်ဘဲ မနေနိုင်ပါဘူးနော်”

“ကိုနေမင်းထင်က ဘုံ့ကို အရမ်းမုန်းတီးနေတာပါ၊ ဘုံ အနားတောင်ကပ်လို့မရနိုင်ဘူးထင်တယ် ဒေါ်လေးရယ်”

“စမ်းကြည့်ရမယ်လေ”

ဒေါ်လေးမာယာဘုံက ဘုံ့ကို စူးစူးရဲရဲ စိုက်ကြည့်ပြီး အမိန့်ပေးသူလို မာထန်စွာပြောလိုက်လေသည်။

“လောလောဆယ် နေမင်းထင် ဖျားနေတယ်၊ အဖျားတွေ အရမ်းတက်နေတယ်၊ အခန်းထဲမှာ တစ်ယောက်ထဲ”

“ရှင်”

“သူ့အခန်းပွင့်နေတယ်၊ ညည်းသံကြားလို့ ငါချောင်း ကြည့်ခဲ့တာ၊ ဒါအကွက်ပဲ မေတ္တာဘုံ၊ ညည်းဝင်သွားလိုက်”

“ရှင်”





“ဘာရှင်လဲ၊ အဖျားတွေ အရမ်းကြီးပြီး သတိတောင် လစ်နေပြီလားပဲ၊ ညည်းသွားပြီး ကြည့်လုပ်လိုက်၊ ငါပြောတဲ့အတိုင်း သာလုပ်စမ်းပါ၊ နေမင်းထင်က ဘာသားနဲ့ထုထားလို့လဲ၊ ငါ့တူမ လေးက အရမ်းကို ချောမောအိစက်နုထွတ်နေတာပဲ အိုကေမှာပါ”

နေ အဖျားတွေကြီး သတိလစ်မတတ် ဖြစ်နေတယ်ဆို၍ ဘုံ စိတ်တော့ပူပင်ကြောင့်ကြသွားမိလေသည်။ သူ ဘုံ့ကို ခေါ်မှာ မဟုတ်ပါဘူး။ အနက်ရောင်စံအိမ်ကြီးက မြို့အစွန်အဖျား ကျလွန်း ၏။ ဆရာဝန်ပြဖို့ ခက်ခဲသည်။ ဘုံ့ကို သူက မပတ်သက်ချင်ဘူး ဆိုရင်လည်း ဆေးရုံကို အချိန်မီပို့နိုင်အောင် ဘုံ နိုးဆော်ပေးရမှာပဲ။

“ညည်းသွားလိုက်၊ မိန်းမမာယာ သဲကိုးဖြာနော် တူမ လေး၊ ဒေါ်လေးညွှန်ပြတဲ့လမ်းကိုပဲ လျှောက်လိုက်စမ်းပါအေ၊ သန်းခေါင် ထက်တော့ ညဥ့်မနက်တော့ပါဘူး”

ဒေါ်လေးမာယာဘုံက ညည်း မဖြစ်မနေလုပ်ရမယ်ဆိုတဲ့ အကြည့်တွေနှင့် စိုက်ကြည့်ပြီး ပြန်ထွက်သွားလေသည်။ ဒေါ်လေး မာယာကြောင့် မဟုတ်ဘဲ ဘုံ စိတ်တွေကိုက သူ့အတွက် ပူပင်



www.burmeseclassic.com

www.burmeseclassic.com



စိုးထိတ်စွာ အမြန်ဆုံး သွားချင်နေရ၏။ ဆေးအိတ်ကို ကပျာက ယာယူပြီး သူရှိနေတဲ့အခန်းဆီသို့ အပြေးအလွှား အရောက်လာခဲ့မိ လေသည်။

"ဟီး ဟီး ဟင်း ဟင်း"

"ဟီး"

"ဟင်း"

ကိုနေမင်းထင်ရဲ့ ညည်းညူသံတွေက ဘုံ့အား ဆီးကြို လိုက်လေသည်။ ဘုံ စိတ်အလောတကြီးနှင့် ဘာမှတွေဝေတုန့်ဆိုင်း မနေတော့ဘဲ သူ့အနားသို့ ရောက်သွားတော့၏။ သူ အသိမဲ့စွာ ညည်းညူနေလေသည်။

"ဒေါက်တာ ဒေါက်တာ ဘယ်မှာလဲ၊ ဟီး ဟီး"

သူ သူ့နှုတ်ခမ်းတွေက ဘုံ့ကို တမ်းတနေတာပဲ။ ဘုံ ရင်ခုန်လှိုက်တက်သွားရလေသည်။ ရှင့်မသိစိတ်တွေထဲမှာ ဘုံရှိနေ တာပဲ။ ဒေါက်တာရောလို့ အားကိုးတကြီး ရေရွတ်နေ၏။ ဘုံ သူ့နဖူးကို စမ်းလိုက်တော့ ကိုယ်ကခြစ်ခြစ်တောက် ပူနေသည်။





အဖျားကို ကပျာကယာ တိုင်းလိုက်၏။ ဘုရားရေ အပူချိန်က အရမ်းကို မြင့်တက်နေတာပါလား။

"ဟီး ဟီး ဒေါက်တာ၊ ဟင်း ဟင်း ဒေါက်တာရော ကိုယ့်ရင်တွေ အရမ်းပူနေတယ်၊ ဟီး ဟီး ချမ်းလိုက်တာ၊ ကိုယ် အရမ်းချမ်းနေတယ်ဒေါက်တာ"

သူအသိမဲ့နေတယ်ဆိုတာ ဘုံ သိနေလေသည်။ မသိစိတ် က ဘုံ့ကို တမ်းတနေတာပါ။ တကယ်လို့ အသိစိတ်တွေဝင်လာရင် တော့ ဘုံ့ကို ဒေါသတကြီး မောင်းထုတ်ပစ်မှာပါပဲ။ ဒေါ်လေး ယာဘုံခေါ်လာတဲ့သူဆိုပြီး မုန်းနေတာမဟုတ်လား။

ရှင်က မိထွေးဆို အရမ်းမုန်းတယ်တဲ့။ ရှင့်မာမီ အရှုံးမ ပြီဘဝနဲ့ အဆုံးသတ်သွားလို့လေ။ ဘုံ အသံမပေးရဲပေ။ အဖျားကျ ဆေးကိုပဲ ထိုးပေးလိုက်သည်။ သွေးပေါင်ချိန်ဖို့ သူ့လက်တွေကို ကိုင်လိုက်စဉ် သူ့လက်တွေက ပုံ့ခန္ဓာကိုယ်လေးအား ကယောင် ကတမ်းနှင့် သိုင်းဖက်လေသည်။

"ဒေါက်တာလား၊ ကိုယ့်ကိုဖက်ထားစမ်းပါ၊ ကိုယ်အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းနေလို့ပါ ဒေါက်တာ၊ ဟီး ဟီး''

''အို ကိုနေမင်းထင် သတိထားပါဦး''

သူ့လက်တွေကို ဆွဲယူဖယ်ရှားနေပေမယ့် သူ အသိမဲ့စွာ ပွေ့ဖက်နေလေသည်။

''ကိုယ်အရမ်းချမ်းနေတယ် ဖက်ထားပေးစမ်းပါ၊ ဟီး ဟီး ဟင်း ဟင်း''

သူ့လက်တွေကို အတင်းအကြပ် ဖယ်ရှားပစ်လိုက်မှ အင်အားတွေ ကင်းမဲ့သွားသလို သူ့ဆန္ဒတွေအတိုင်းပဲ ဘုံ့လက်ဖဝါး တွေက သူ့ခန္ဓာကိုယ်အား ပြန်၍ သိုင်းဖက်ထားမိသွားလေသည်။ ဒေါ်လေးမာယာဘုံ့ရဲ့ ညွှန်ကြားချက်အတိုင်း သူ့ကို ဖြားယောင်း သွေးဆောင်နေခြင်းမဟုတ်ဘဲ ဘုံ့ဆန္ဒအရ သူ့ကို ယုယထွေးပွေ့ ချင်၍ပဲ ဖြစ်နေခဲ့၏။ ကိုနေမင်းထင်ရဲ့ ရင်က ဘုံ့ဘဝကို ပြောင်း သွားအောင် လော်မြိုက်စေမယ့် နေတစ်စင်းပါပဲ။ ပြီးတော့ ရွှင်း စေ့ပိတ်ထားတဲ့ နှလုံးသားတံခါးချပ်တွေကို ဘုံ့ရဲ့ ဖြားယောင်းသွေး ဆောင်မှုတွေနဲ့ မဖွင့်ချင်ပါဘူး။ ဘုံလေ ယောကျ်ားတွေနဲ့ အထင်





ရှင်းဆုံး နေခဲ့တယ်။ တကယ်လို့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင် ထဲကို ကျွန်မ တိုးဝင်ဖက်မိရင်လည်း အဲဒီယောကျ်ားက ကျွန်မရဲ့ အချစ်ဦး။ ကျွန်မလက်ထပ်ယူမယ့် ယောကျ်ားတစ်ယောက်ပါပဲ လေ။

ကိုနေမင်းထင်ရဲ့ တောင်းဆိုမှုတွေအတိုင်း ဘုံ့လက်တွေ က သူ့ခန္ဓာကိုယ်အား သိုင်းဖက်ထားမိနေလေသည်။ သူ့လက်မောင်း တွေကလည်း ဘုံ့ ခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ပွေ့ဖက်ပွတ် သပ်နေလေ၏။ ပူခြစ်နေတဲ့ သူ့အသားတွေက တဖြည်းဖြည်း အေးစက်လာသည်။ သူ အဖျားကျသွားပြီပဲ။ သူအသိတွေ မကြာ ခင်ဝင်လာတော့မယ်။ သူ့ကို ပွေ့ဖက်ထားတာ ဘုံဆိုတာသာ သိသွားရင်တော့

''ညည်း နေမင်းထင်ကို ဖြားယောင်းသွေးဆောင်ရမယ်၊ နေမင်းထင်က ဘာသားနဲ့ ထုထားလို့လဲ တူမလေးရယ်၊ ညည်းလေး က အရမ်းချောမောအိစက်နုထွတ်နေတာပါအေ''

ဒေါ်လေးမာယာဘုံ့ရဲ့ စကားတွေကို ကြားယောင်မိပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘုံ ရှက်ရွံ့စွာဖြင့် သူ့ရင်ခွင်ထဲမှ ရုန်းထွက်ရန် ကြိုးစားမိလေသည်။ ဟင့်အင်း ဘုံ အဲဒီလိုမလုပ်နိုင်ပါဘူး။ ယောကျ်ားတစ်ယောက်ရဲ့ လက်မထပ်နိုင်ဘူး။ ဘယ်လိုဖြားယောင်းသွေးဆောင်မှုမျိုးမှ ဘုံ မလုပ်နိုင်ပါဘူး။ မိန်းမတစ်ယောက်ရဲ့ မာန၊ ကိုယ်ကျင့်တရားတွေ ပြီးတော့ တန်ဖိုး။ ဘုံ သူ့လက်တွေကို အသာအယာဖယ်ရှားလိုက် လေသည်။ သူ အသိတွေဝင်လာပြီး သူ့မျက်ဝန်းတွေက ဖျတ်ခနဲ ပွင့်လာ၏။ သူ့ရင်ခွင်ထဲမှာ ဘုံ့ကို တွေ့သောအခါ ဘုံ့ခန္ဓာကို လေးအား ခပ်ကြမ်းကြမ်း ဖယ်ရှားပစ်လိုက်ပြီး အိပ်ရာမှ လူးလဲ လိုက်တော့လေသည်။

"ဟင် မင်း မင်း ဘာဖြစ်လို့ ငါ့အခန်းထဲရောက်လာ တာလဲ၊ မင်းဘာလုပ်တာလဲ၊ မင်း အကျင့်မကောင်းတဲ့မိန်းမ ငါ့အခန်းထဲက ထွက်သွားစမ်း"

ကိုနေမင်းထင်ရဲ့အသံက မိုးချုန်းသံအလား ကျယ်လောင် ခက်ထန်စွာ ထွက်ပေါ်လာလေသည်။

"ရှင် ရှင် အရမ်းအဖျားတွေတက်ပြီး သတိလစ်နေ





ဘုံ လာကြည့်တာပါ၊ ဘုံ ဆေးထိုးပြီး ဘုံ့ကို ရှင် ရှင် အတင်း ဆွဲခဲ့ကြပ်"

ဘုံ ဆက်မပြောတော့ဘဲ သူ့အနားမှ ထွက်လာခဲ့မိလေ သည်။ လမ်းတွင် ညိုပြာနှင့် တိုးတော့၏။ မယုံသင်္ကာတဲ့အကြည့် တွေနှင့် ကြည့်ပြီး ကိုနေမင်းထင်အခန်းထဲ ဝင်သွားသည်။ ဘုံ အခန်းထဲပြန်ရောက်လာသည်အထိ စိတ်တွေ မငြိမ်သက်သေးဘဲ လုံးခုန်သံတွေ တဒိန်းဒိန်း မြန်နေဆဲပင် ဖြစ်နေ၏။ ရှက်လိုက်တာ ညိုပြာ့အကြည့်တွေက ယောကျ်ားတစ်ယောက် အခန်းထဲကနေ ထွက်လာတဲ့ ဘုံ့ကို အထင်သေးသလို တင်းမာတဲ့အကြည့်တွေ ဖြစ်နေသည်။ အနက်ရောင်စံအိမ်ကြီးရဲ့ ရှုပ်ထွေးပွေလီမှုတွေကြား မှာ ဘုံ့ဘဝလေး လောင်မြိုက်ခြေဖျက်ခံရတော့မည် ဖြစ်၏။ ဒါလေးမာယာဘုံကို ဘုံဘယ်လို အစီရင်ခံရမလဲ။ ရင်ခုန်လှိုက် စွာ ဘုံ နှလုံးသားတွေ တဆတ်ဆတ်ခုန်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒေါက်တာမေတ္တာဘုံက နေ့အိပ်ခန်းထဲ ဘာဖြစ်လို့ ရော
နေရတာလဲ။ နေ အဖျားတွေတက်နေတာတော့ သတိရလာသည်
နေ အပြင်းဖျားနေတာကို ဘယ်သူမှ အသိမပေးဘဲ ဒေါက်တာ
မေတ္တာဘုံနှင့် မျက်နှာချင်းမဆိုင်လို၍ ကြိတ်မှိတ်ခံနေလိုက်
အဖျားတွေက အပြင်းတက်လာပြီး အာခေါင်တွေ ပူခြစ်ကာ အ
လာရသည်။ သူ့အဖျားကျပြီး အသိဝင်လာတဲ့အချိန်တွင် ဒေါက်
မေတ္တာဘုံက သူ့အိပ်ခန်းထဲ ရောက်နေ၏။ သူ့ရင်ခွင်ထဲမှာ
မိန်းမတစ်ယောက်ကို ပွေ့ဖက်နမ်းရှုံ့နေသည်ကို အိပ်မက်
ထိတွေ့ခံစားနေခဲ့ရသည်။ ဒေါက်တာမေတ္တာဘုံကိုများ သူ





သွားချင်တော့။ မင်း ငါ့ကိုအကောက်ကြံတာပဲ မေတ္တာဘုံ။ ဘာပဲ
ဖြစ် ယောကျ်ားလေးတစ်ယောက်တည်း ရှိနေတဲ့ အခန်းထဲကို
ဝင်လာရဲတာ အရှက်သိက္ခာမဲ့တာပဲ။ မင်းကို ငါမုန်းတယ်။
း ဒေါ်မြင့်မြတ်မာလာနှင့် ပတ်သက်ပြီး ရောက်လာတာ ငါတို့
က်ရောင်စံအိမ်ကြီးကို ဖျက်ဆီးပစ်ဖို့ပဲ။ မရိုးသားဘူး။ လုံးဝ
ရိုးသားနိုင်ဘူး။

"ဝုန်း"

"ဒိုင်း"

"ဂျလွမ်"

သူ ဒေါသတကြီးနှင့် စားပွဲပေါ်မှ ပန်းအိုးအား ကောက်
ပြီး နံရံအား ပစ်ပေါက်လိုက်သည်။ ဒေါသတွေပေါက်ကွဲနေရ
။ သူ့လက်တွေက ဒီမိန်းမကိုမှ ဘာဖြစ်လို့ ပွေ့ဖက်မိရတာလဲ။
ထောင်ချောက်တစ်ခုပဲ။ မင်းရဲ့ယုတ်မာကောက်ကျစ်မှုပဲ။

"ဝုန်း"

"ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး"

"ဟင်"

"ဟိုဒေါက်တာမ ကိုကြီးအခန်းထဲက ပြေးထွက်လာတာ တွေ့တယ်၊ ဘာလာလုပ်တာလဲဟင်၊ ကိုကြီးဒေါသထွက်အောင် ဘာလာလုပ်တာလဲလို့"

ညိုပြာပါ မြင်တွေ့သွား၍ နေ အတော်လေး ရှက်သွားပြီး ခံပြင်းဒေါသတွေ ပို၍ပင်ဖြစ်သွားရသည်။ သူ့ကို ငယ်စဉ်ထဲက ထိန်းကျောင်းလာပြီး ကြင်နာယုယစွာ အားပေးနှစ်သိမ့်ခဲ့တဲ့ အိမ်တော်စိုးကြီး ဒေါ်အိုစာရဲ့သမီး ညိုပြာကိုတော့ နေ အရေးတယူ ဆက်ဆံခဲ့လေသည်။

"ကိုကြီး အဖျားတွေတက်နေတယ်ထင်တယ်၊ သူက ဆေးလာကုတာလေ၊ ကိုကြီးဆီ ခွင့်မတောင်းဘဲ ဝင်လာလို့ ဒေါသတွေ ပေါက်ကွဲနေတာလေ"

"ဟုတ်တယ်နော်၊ အရမ်းအရှက်မဲ့တာပဲ၊ မိန်းကလေးဖြစ်ပြီးတော့များ၊ ကိုကြီး နေမကောင်းဘူးလားဟင်၊ ပြစမ်း ကိုယ်





တော့ အေးနေပါပြီ၊ ညိုပြာကို ပြောရောပေါ့၊ ညိုပြာ ဘာလုပ်ပေးရလဲဟင်"

"ရပြီ ညိုပြာ၊ အစ်ကိုကြီး အဖျားကျသွားပါပြီ၊ ထမင်းစားချင်ဘူး၊ ကိုကြီး ကော်ဖီတစ်ခွက်ပဲ သောက်မယ်"

"ကော်ဖီတစ်ခွက်လောက်နဲ့တော့ အားရှိမှာမဟုတ်ပါဘူး၊ ညိုပြာ ဆန်ပြုတ်ပြုတ်လိုက်မယ်၊ ခဏလေးစောင့်နော်"

"ညိုပြာ"

"ရှင်"

"သွားတော့"

"ဘာဖြစ်လို့လဲ ကိုကြီးရဲ့၊ အမေက မှာထားတယ် ကိုကြီး ကို ဂရုတစိုက် ပြုစုပေးရမယ်တဲ့"

"ရပြီ၊ ကိုကြီးဘာမှမဖြစ်တော့ဘူး၊ တစ်ယောက်တည်းပဲ နေချင်တယ်"

"ဒီအခန်းကို ညိုပြာ သန့်ရှင်းရေးလုပ်ပေးဦးမယ်နော်"

"မလုပ်နဲ့ထားခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ညှိုပြာထွက်သွားမှ သူ့စိတ်တွေ ပေါ့ပါးသွားရလေသည်။ ဒေါသတွေ နည်းနည်းငြိမ်သက်သွားရ၏။ အခန်းထဲမှာ အကွဲအရှ တွေနှင့် ပြန့်ကြဲနေလေသည်။ ဒေါက်ဟာမေတ္တာဘုံရဲ့ အရိပ်တွေက အခန်းထဲက ပျောက်ကွယ်မသွားသေးဟု နေ ခံစားနေရပြီး မကျေ မနပ် ဖြစ်ချင်လာရ၏။ မိထွေး၊ မိထွေးဆိုတာကို သူမုန်းတယ်။ လကိုလည်း ညီအဖြစ် မသတ်မှတ်ချင်ဘူး။ မာမီ့ကို ရှုံးသွပ်သွား အောင် စိတ်သောကရောက်စေခဲ့တဲ့ မိထွေးပဲ။ နေ ငယ်စဉ်လေးထဲက ဒက်ဒီနှင့် မာမီ့ကြားမှာ မိထွေးဆိုတဲ့ ခါးသီးနာကျင်ဖွယ် ရင်ဆိုင်ခဲ့ ရသည်။

"ကိုရန်နောင်ရယ် ကျွန်မတောင်းပန်ပါတယ်၊ ရှင်ဘာဖြ လို့ ကျွန်မမျက်စိရှေ့မှာ ရှိနေတဲ့ မိန်းမတွေကိုမှရွေးပြီး ချစ်နေရတာ လဲ၊ ကျွန်မကို မငဲ့ညှာမထောက်ထားချင်ရင်တောင် ကျွန်မသားလေး မျက်နှာကို ထောက်ထားပါဦး"

ဒက်ဒီက မပြင်ပေ။ လုပ်မြဲလုပ်နေသည်။ မာမီ





ဂရုမစိုက်ခဲ့။ ဘွားလည်း ဆုံးမပေမယ့် မနာခံပေ။ မာမီ ကြိတ်မှိတ် ခံစားနေရရှာလေသည်။ ဒက်ဒီက နေ့ကိုတော့ ချစ်၏။ အရေးပေး သည်။ မာမီဆုံးသွားတော့ နေ့အပေါ် ချစ်ခင်ယုယစွာ ဆက်ဆံခဲ့ သည်။ ဒါတွေက မိထွေးဒေါ်မြင့်မြတ်မာလာ မရောက်ခင်လေးပဲ။

"မာလာက ဒက်ဒီ့ဘဝတစ်သက်လုံး ချစ်မြတ်နိုးစွာ လက်တွဲမယ့် မိန်းမပဲ သားနေ၊ မင်းလက်ခံပါ၊ အမေအဖြစ် လက်ခံ ပါ"

"လက်မခံနိုင်ဘူး ဒက်ဒီ၊ မိထွေးကို နေမုန်းတယ်၊ အရမ်း မုန်းတယ်၊ နေ့မာမီကို အရူးမဘဝနဲ့ အဆုံးသတ်ပေးကြတာ မိထွေး တွေပဲ"

"နေ မင်းကလေးမဟုတ်တော့ဘူး၊ စဉ်းစားဆင်ခြင်စမ်း ပါ၊ ဒက်ဒီက အလိုလိုက်ထားလို့ အမိုက်စော်ကားချင်တာလား"

ဒက်ဒီက ဒေါ်မြင့်မြတ်မာလာအား ချစ်ခင်နှစ်သက်စွာ အရေးတယူရှိလွန်းနေတော့သည်။ နေ လက်မခံနိုင်ပေ။ နေစိတ်ထဲ မှာ ဒေါ်မြင့်မြတ်မာလာက အကောက်ကြံမည့်သူဟုပဲ ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါက်တာမေတ္တာဘုံကိုလည်း အနက်ရောင်စံအိမ်ကြီးကို ဖျက်စီးပစ်ဖို့ လာရောက်နေသည်ဟု ထင်မိနေသည်။ ဒေါက်တာ မေတ္တာဘုံနှင့်သူ အမြဲတမ်း ပတ်သက်ဆုံစည်းနေရတာ စိတ်ပျက်စရာပင်။

"ဟင်"

သူ့အကြည့်တွေက သူ့ခေါင်းအုံးဆီသို့ ရောက်သွားချိ တွင် ဆွဲကြိုးလေးတစ်ကုံးကို တွေ့လိုက်ရသည်။ ဒေါက်တာ မေတ္တာဘုံရဲ့ ဆွဲကြိုးလေးပဲ။ သူကောက်ယူဆုပ်ကိုင်ထားလိုက်၏ သူ့ရင်ထဲမှာ နာကျင်စူးရှတဲ့ ဝေဒနာတွေ ပြင်းပြစွာ ခံစားနေ သည်။ ဆွဲကြိုးလေးကို လွှင့်ပစ်ဖို့ စိတ်ကူးလိုက်ပေမယ့် သူ့လ တွေက တင်းကြပ်စွာ ဆုပ်ကိုင်ထားနေမိ၏။ ဒေါက်တာမေတ္တာဘုံ သူ ဘယ်လိုအခြေအနေမျိုးအထိ ရောက်သွားခဲ့ရတာလဲ။ သူ သ အသိမဲ့စွာ ဒေါက်တာမေတ္တာဘုံကို။ မင်း မင်း ငါ့ကိုထောင်ချော ဆင်လိုက်တာပဲ။ အသိမဲ့နေတဲ့ ငါ့အိပ်ခန်းထဲ မင်းဘာဖြစ်လို့ ဝ ရတာလဲ။





"တောက် မင်းယုတ်မာတာပဲ၊ ငါ့ကို အမိဖမ်းတာပဲ၊ မင်းကို ငါမုန်းတယ်၊ မင်း ဒီကနေထွက်သွားစေရမယ်"

ဒေါက်တာမေတ္တာဘုံရဲ့ ဆွဲကြိုးလေးကို သူ အပိုင်းပိုင်း ဆွဲဖြတ်ပြီး အဝေးကိုလွှင့်ပစ်ဖို့ ကြံစည်တိုင်း သူ့လက်တွေက တွန့်ဆုတ်နေသည်။ နောက်ဆုံးတော့ ဆွဲကြိုးအပြတ်တွေကို ဘီရို ထဲ လွှင့်ပစ်ထည့်ထားလိုက်၏။ သူ့စိတ်တွေ ယောက်ယက်ခတ်နေ တာတော့ အမှန်ပဲ။ ဒေါက်တာမေတ္တာဘုံရှိနေတာကို သူ မလိုလား င်ပေ။

"မင်း တစ်နေ့ကျရင် ငါ့အကြောင်းသိစေရမယ် တ္တာဘုံ၊ မင်း ဖြူစင်ရိုးသားချင်ယောင် ဆောင်နေတာပဲ၊ ငါသိ ယ်၊ မင်းနဲ့ ငါ့မိထွေး ပူးပေါင်းပြီးကြံစည်နေကြတာပါ"

"တောက်"

သူ့စိတ်တွေက ဆောက်တည်ရာမရစွာ ပေါက်ကွဲနေမိပြီး သတွေရဲ့ ထွက်ပေါက်အဖြစ် သူ့ရှေ့မှာ ရှိနေတဲ့ စန္ဒယားကြီး သံစဉ်မဲ့စွာ တီးခတ်ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင် ဒေါင်"

"ဒင်"

"ဒင်"

"ဒေါင်"

"နေ"

"ဟင်"

"မြေးကြီး ဒေါသတွေပေါက်ကွဲနေပြန်ပြီလား"

"ဟင် ဘွား"

ဒေါ်မဟာဆန် မျက်စိမမြင်ရပေမယ့် မြေးကြီးနေမင်းထင်အခန်းကိုတော့ သွားလာတတ်သည်။

"ဘွားမဟာ စိတ်ထဲမှာ မြေးကြီးနေ ဒေါသတွေ ပေါက်ကွဲပြီး စိတ်သောကတွေ ခံစားနေရပြီလားလို့ အတွေးဝင်လာလို့ လာကြည့်တာ"

ဒေါ်မဟာဆန် ထင်ထားတဲ့အတိုင်းပင် မြေးကြီးနေ ဒေါသတွေ ပေါက်ကွဲနေလေသည်။





"ဘွား စိတ်ပူလိုက်တာကွယ်၊ မြေးနေ ဘာဖြစ်နေတာလဲ၊ ဘာတွေများ ဒီလောက်အထိ ဒေါသတွေ ပေါက်ကွဲနေရတာလဲ"

"ဘွား"

"မြေးရယ်"

သူ့ ဘွားမဟာဆန်ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားမိသည်။ မျက်မမြင်ဒုက္ခိတဘဝ ရောက်နေရတဲ့ ဘွားကိုလည်း စိတ်သောကတွေ မရောက်စေလိုပေ။ နေ့ကို နားအလည်ဆုံးနဲ့ အချစ်ဆုံးက ဘွားမဟာဆန်ပဲ။

"နေ ဘာမှမဖြစ်ပါဘူး၊ မာမီ့ကို သတိရနေလို့ပါ၊ နေ့စိတ်တွေ မွန်းကြပ်လာလို့ပါ ဘွားရယ်"

ဘွားမဟာဆန်က နေ့ကို ဖက်လိုက်ပြီး ရင်ခွင်ထဲမှာ ထွေးပွေ့ထားလေသည်။ မာမီမရှိတဲ့နောက် မျက်မမြင် ဒုက္ခိတကြီး ဘွားရင်ခွင်က နေ့ရဲ့နားခိုရာပါပဲလေ။

"မြေးနေကို နေမင်းထင်ဆိုတဲ့ နာမည်ကြီး ပေးတာ ဘွားမကြိုက်ပါဘူး၊ ဒါပေမယ့် မင်းမာမီက ခွတ်ပဲ၊ ဒီနာမည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို မှည့်တယ်၊ သူ့သားက အမြဲထက်မြက်နေစေချင်လို့တဲ့၊ အခု တော့”

“တော်ပါတော့ ဘွားရယ်၊ ဘယ်လိုနာမည်ပဲပေးပေး နေ့ဘဝက ငယ်စဉ်လေးထဲက ပူပြင်းလောင်မြိုက်လာခဲ့ရတာပါဗျာ”

“မဟုတ်သေးပါဘူး၊ ငါ့မြေးက စိတ်ရင်းကောင်းပါ တယ်၊ တည်ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ပဲ၊ ဉာဏ် ပညာလည်း ထက်မြက်တယ်၊ စိတ်တစ်ခုပဲ၊ စိတ်တွေကို လျှော့ပါ လားကွယ်”

နေမင်းထင်ဆိုတဲ့ နာမည်ကပဲ နေကို လောင်မြိုက်စေခဲ့ တာလား။ မာမီက နေ့ကို ထက်မြက်စေချင်သည်။ ကြောက်ရွံ့ တုန်လှုပ်အားငယ်နေတာမျိုး မဖြစ်စေချင်ဘူးတဲ့။ နေကပဲ အရာရာ ကို ဦးဆောင်နိုင်အောင် ကြိုးစားပါတဲ့။

“မာလာက မဆိုးပါဘူးကွယ်၊ အနက်ရောင်စံအိမ်ကြီးရဲ့ မိသားစုဝင်တွေအပေါ် စေတနာထားပါတယ်၊ မိန်းမတစ်ယောက် ကို အရူးအမူးစွဲလမ်းပြီး ချစ်ခင်နှစ်သက်နေမှ မင်းဒက်ဒီ ခြေငြိမ်





မှာလေ၊ နောက်ထပ်မိထွေး မိထွေးတွေ အများကြီးကိုလည်း သား ရင်မဆိုင်ရတော့ဘူးပေါ့”

ဘွားမဟာဆန်ရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံနေတာလည်း နေ မတွေ့လိုပေ။ ဘွားအသက်ကြီးပါပြီ။ နေ စိတ်တွေကို ထိန်းချုပ်လိုက်သည်။

“နေ ဘာမှမဖြစ်ပါဘူး၊ ဘွားကို လိုက်ပို့ပေးမယ်နော်၊ လာ”

ဘွားလက်တွေကို နေ ဆွဲကိုင်ပြီး ထွက်လာခဲ့သည်။ အနက်ရောင်စံအိမ်ကြီးထဲမှာ လိုက်ကာကအစ အနက်ရောင်တွေ သွမ်းမိုးနေ၏။ မာမီ့ကို ဂုဏ်ပြုထားတာပါ။ ဒက်ဒီကလည်း နေ့ကို ဆွက်ပေါက်ပေးတဲ့အနေနှင့် နေသဘောဆန္ဒတွေအတိုင်း ဖြစ်စေလေ ခဲ့သည်။ ဒါပေမယ့် မိထွေးဆိုတဲ့ ဝေါဟာရကို သူအမုန်းဆုံးပါပဲ။ ဒက်ဒီက မိထွေးနှင့် ရင်ဆိုင်စေရပြန်ပြီ။ ဘွားလက်တွေကို ဆုပ်ကိုင် ပြီး ဘွားအခန်းထဲ ပို့ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ညက တိတ်ဆိတ်ငြိမ်သက်စွာ အမှောင်ထုက လွှမ်း
နေလေသည်။ အပြင်ဘက်မှာ လရောင်ကင်းမဲ့ပြီး မဲမှောင်နေပေ
အခန်းထဲမှာရှိနေတဲ့ လမင်းသာကတော့ ပြတင်းပေါက်က
အမှောင်ထုကို ရူးစိုက်ကြည့်မိနေသည်။ လရဲ့အတွေးတွေထဲ
ဒေါက်တာမေတ္တာဘုံက လွှမ်းမိုးနေ၏။ လှုပ်ရှားစက်နေတဲ့ မျက်
လေးကို မေ့ဖျောက်ပစ်လို့မရအောင် စွဲမက်နေရသည်။

"ကိုယ် အစွန့်ပစ်ခံဘဝပါ ဘုံရယ်၊ မိသားစုဝင်
အားလုံးက ကိုယ့်ကို အဖက်မလုပ်ချင်ကြဘူး၊ ဒက်ဒီက သ
တာပဲလက်ခံပြီး ကိုယ့်မှာ ဘာအခွင့်အရေးမှ မရခဲ့ဘူးလေ"





ဒေါက်တာမေတ္တာဘုံရဲ့ အလှအပတွေကို လ စွဲမက်နေမိ
ည်။ ပတ်သက်ရင်းနှီးဖို့ ကြိုးစားပေမယ့် ဘုံက ခပ်ရှောင်ရှောင်
ပ်နေ၏။ လစိတ်တွေ ပြင်းစွာ မကျေမနပ်ဖြစ်နေရသည်။ သူ့မာမီ
န်ခဲ့တဲ့ပစ္စည်းလေးကို အမှတ်တရပေးခဲ့ပေမယ့် လက်မခံခဲ့ပေ။
သားစုဝင်တွေရဲ့ အချစ်ကို ပယ်နေရတဲ့လကို မင်းဘာဖြစ်လို့များ
တ္တာတွေမပေးချင်ရတာလဲ ဘုံရယ်။ ကိုယ့်နှလုံးသားတွေထဲမှာ
တ္တာဘုံဆိုတဲ့ မိန်းကလေးကို ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားဖို့
ဖြတ်ထားပြီးပြီ။ မေတ္တာဘုံရဲ့ အချစ်တွေကိုတော့ လ ရယူရမှာ
လရဲ့အကြည့်တွေက နက်မှောင်နေတဲ့ အမှောင်ထုကို ရူးရဲစွာ
ည့်မိနေလေသည်။

"ငါ့အမေ အရွှးမကြီးဘဝနဲ့ လူ့လောကကြီးထဲကနေ
တွေနဲ့ ထွက်ခွာသွားခဲ့ရတယ်၊ မင်းအမေကြောင့်ပဲ မင်းကို
ဖြစ် ငါဘယ်တော့မှ အသိအမှတ်မပြုနိုင်ဘူး လမင်းသာ"

ကိုကိုက သူ့ကို ညီအဖြစ် အသိအမှတ်မပြုခဲ့။ ဘွားမဟာ
လည်း ကိုကိုမှ ကိုကိုပဲ။ ဒက်ဒီကသာ လကို သ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ် အသိအမှတ်ပြုရုံပဲ ရှိလေသည်။ သူဏ အနိ

ဘဝ၊ အပြစ်ပယ်ခံဘဝ။

"သူတို့သားက နေမင်းထင်တဲ့၊ အစွမ်းထက်မြက်ဆေ

တဲ့လေ' မာမီသားကိုတော့ ဆန့်ကျင်ဘက်ပေးရမယ်၊ လမင်း

လို့"

မာမီကလည်း အိမ်ဖော်ဘဝကနေ ဒက်ဒီကို ရယူ

မယ့် နှိမ်နှိမ်ချချမနေခဲ့ပေ။ ကိုကိုလိုပဲ ဒက်ဒီ မာမီဟု ခေါ်

သည်။ ဒက်ဒီကလည်း မိန်းမတွေနှင့် ထပ်၍ ရှုပ်ပွေနေ

ဟမီလည်း စိတ်သောကတွေ ခံစားပြီး သေခဲ့ရတာပါပဲ။

"အနက်ရောင်စံအိမ်ကြီးထဲကနေ ဘယ်တော့မှ

မသွားနဲ့သား လ၊ မင်းအမွေဆိုင်တယ်၊ ရအောင်ယူ"

သူ အနက်ရောင်စံအိမ်ကြီးထဲက လူတွေအားလုံးကို

တယ်။ သူ့ကိုနှိမ်ချဆက်ဆံနေကြလို့လေ။ ဒါပေမယ့် သူ့အ

ကို မပေါ်လွင်စေပေ။ ရင်ထဲမှာပဲ သိမ်းထားခဲ့လေသည်။ အ

ရောင်စံအိမ်ကြီးရဲ့ သွေးသားတစ်ယောက်အဖြစ် ရသင့်တဲ့အ





ယူရမည်။ ပြီးတော့ သူနှစ်သက်မြတ်နိုးတဲ့ ဒေါက်တာမေတ္တာဘုံ

ကိုလည်း ရအောင်ယူရဦးမယ်။ ကိုယ်ဆုံးဖြတ်ထားပြီးပြီ မေတ္တာဘုံ

ခင်းကို ကိုယ်ပဲ ရယူပိုင်ဆိုင်မယ်။ ကိုယ်အချစ်မြတ်နိုးဆုံး မိန်းက

လေးက မင်းပါပဲ။ ကိုယ် အဲဒီ့အတွက် ဘယ်တော့မှ နောင်တ

ရဘူး။

"လ"

"ဟင်"

"မင်းမအိပ်သေးဘူးလား"

"ဗျာ"

သူ့အိပ်ခန်းအပြင်မှ ဒေါ်မြင့်မြတ်မာလာရဲ့ အသံကို ခပ်အုပ်

ပ်လေး ကြားလိုက်ရလေသည်။ အနက်ရောင်စံအိမ်ကြီးထဲမှာ

ဒေါ်မြင့်မြတ်မာလာကလည်း အဓိကကျနေ၏။ ဘယ်မိန်းမကိုမှ

စ်ခဲ့တဲ့ ဒက်ဒီရဲ့ အချစ်မြတ်နိုးဆုံး မိန်းမ။ သူ အခန်းတံခါးကို

ပေးလိုက်သည်။

"အိပ်တော့လေ လ၊ ဘယ်အချိန်ရှိနေပြီလဲ၊ မင်းအခန်း

www.burmeseclassic.com

www.burmeseclassic.com



လင်းနေလို့ မာမီဝင်လာတာပါ''

''လ ညတိုင်းပဲ စောစောမအိပ်တတ်ဘူးလေ မာမီ''

''မင်း ဘာတွေစဉ်းစားတွေးတောနေတာလဲ လရယ်။ အားငယ်နေတာလား၊ မာမီရှိပါသေးတယ်''

လသည် ယောက်ျားပီသပြီး ခန့်ညားချောမောသော ယောက်ျားတစ်ယောက်ပဲဟု ဒေါ်မာယာဘုံ တွေးမိနေသည်။ မိ တွေ့ကြုံခဲ့သမျှ ယောက်ျားတွေက ကြမ်းတမ်းပြီး အသက်အရွယ် ကြီးရင့်သူတွေပဲ ဖြစ်နေရ၏။ လင်ကံမကောင်းခဲ့ပေ။ ဦးရန်နော ကတော့ မိမိအား ချစ်မြတ်နိုးပေမယ့် အသက်အရွယ်က ကွာလှ နေ၏။ မာယာဘုံ့အသက်က သုံးဆယ်ပဲရှိသေးတာပါ။ တူမဖြစ်သူ မေတ္တာဘုံနှင့် အသက်သိပ်မကွာပေ။

''ကျွန်တော်အိပ်တော့မယ် မမမာယာ''

''လ''

''ဗျာ''

''မမ ကော်ဖီဖျော်ပေးမယ်၊ မင်း ညအိပ်ရာဝင်ခါနီး





ကော်ဖီသောက်တတ်တယ်မဟုတ်လား''

''အင်း''

''ကြည့်ပါဦးကွယ်၊ အိပ်ရာတွေက တွန့်ကြေနေတာပဲ၊ ဒီဟာမလေးညိုပြာက နေ့အခန်းပဲ ဂရုစိုက်ရှင်းတာ၊ သင်းတို့က ဒီနေ့ပဲ၊ လကိုတော့ မမပဲ ဂရုစိုက်ရတော့မယ်လေ''

မမမာယာကို လ မကြည့်ပေ။ ညဝတ်အင်္ကျီဖရိုဖရဲနှင့် အသက်အရွယ်ကလည်း လတို့နှင့်မကွာပေ။ ဒါပေမယ့် မမမာယာ က ကိုနေထက်ပင် သြဇာအာဏာ ရှိနေသေးလေသည်။

''လ ဘာကြိုက်တတ်လဲဆိုတာ မမမာယာ မေးမြန်းထား တာလေ၊ အထီးကျန်နေတဲ့ လကို မမ အားပေးနှစ်သိမ့်ပေးချင်တာ ကွယ်''

''လ အိပ်တော့မယ်''

''အိပ်တော့၊ အနားယူနော်၊ မနက်စာအတွက်လည်း မမ ချိုထားမယ်''

''မမ''



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"လကို သိပ်ဂရုမစိုက်ပါနဲ့၊ ဒီမှာရှိတဲ့လူတွေက လကို အရေးတယူလုပ်နေရင် ကြိုက်ကြမှာမဟုတ်ဘူးထင်တယ်"

"ဘာဆိုင်လဲ မမကတော့ အမှန်တရားဘက်ကပဲလေ လကို ဖေးမကူညီမှာပဲ"

လရဲ့ပခုံးကို မမမာလာက လာဖက်တော့ မသိမသာ ရုန်းထွက်လိုက်ပြီး အိပ်ရာပေါ် ပြစ်လှဲချလိုက်မိသည်။

"လ အိပ်တော့နော်၊ မမ စောင်ခြုံပေးခဲ့မယ်၊ လကို မမချစ်တယ်၊ သနားတယ်၊ ဖေးမကူညီချင်ပါတယ်လေ"

လမျက်လုံးတွေကို မှိတ်ပြီး ငြိမ်သက်နေလိုက်လေသည်။ လ သတိရတမ်းတမိနေတာက မေတ္တာဘုံပဲ။ ဘုံ မင်းကရော ကိုယ့်ကို အထင်သေးချင်နေတာလား။ ကိုယ့်အမေက အိမ်ဖော် တာ မင်းကို တစ်ယောက်ယောက်က ပြောပြကြမှာပါ။ ဘယ်သူ ဖြစ်ဖြစ် ကိုယ့်ကို အဖက်မလုပ်ချင်နေကြပါစေ ဘုံကတော့ ကိုယ့် ကို ဥပေက္ခာမပြုပါနဲ့ကွာ။ သူ မေးခန်း အိပ်ပျော်သွားချိန်တွင်





မက်ထဲမှာ ဘုံနှင့် ဆုံတွေ့နေရသည်။ ဘုံကိုယ်လုံးအိအိစက် လေးက သူ့ရင်ခွင်ထဲရောက်နေတော့၏။ သူ့ရဲ့ သန်မာတဲ့ က်မောင်းတွေနှင့် ဘုံကိုယ်လုံးလေးကို တင်းကြပ်စွာ ပွေ့ဖက် ထားမိသည်။

"ကိုယ် ဘုံ့ကိုချစ်တယ်၊ အရမ်းချစ်တယ်၊ ကိုယ့်ကို က်ထပ်ပါဘုံရယ်နော်၊ ကိုယ့်အမေက အိမ်ဖော်ဆိုပေမယ့် ကိုယ်က နေ့နောင်ရဲ့သားပါပဲ၊ အမွေတွေရမှာလေ"

"ဘာ လအမေက အိမ်ဖော်မဟုတ်လား၊ မဖြစ်ဘူး၊ ဘူး၊ အဲဒါဆို ရှင့်ကို ဘုံမချစ်နိုင်တော့ဘူး၊ ရှင်က မျိုးမှမစစ် ပဲ"

"ဘုံ"

သူ့ရင်ခွင်ထဲကနေ ဘုံက အတင်းအကြပ် ရုန်းဖယ်ထွက် လေသည်။

"မရဘူး၊ မင်း ကိုယ့်ရင်ခွင်ထဲကနေ ထွက်မသွားရဘူး၊ မင်းကို ပိုင်ဆိုင်ရမှဖြစ်မယ်၊ မင်းက ကိုယ်အချစ်မြတ်နိုးဆုံး

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပဲ”

သူ့လက်မောင်းတွေနှင့် ဘုံ့ကိုယ်လေးအား ရစ်ပတ်သိုင်းဖက်ထားလိုက်သည်။ ဘုံက ရုန်းဖယ်နေ၏။ လကိုမုန်းတယ် မချစ်နိုင်တော့ဘူးဟု အော်ဟစ်ပြောဆိုနေလေသည်။

“အိမ်ဖော်မသားကို ဘုံ လက်မထပ်နိုင်ဘူး၊ ရှင် လူယုတ်မာ၊ ရှင့်ကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူး”

သူ့ရင်ခွင်ထဲမှာ ဘုံ့ကိုယ်လေး လူးလွန့်နေသည်။ သူ့လက်တွေက ဘုံ့ကို တင်းကြပ်စွာ ပွေ့ဖက်ထား၏။ ခပ်မော့မော့လေး ဖြစ်နေတဲ့ ဘုံ့မျက်နှာလေးကို စူးစိုက်ကြည့်မိနေပြီး နှင်းဆီရောင်နှုတ်ခမ်းဖူးဖူးငုံငုံလေးအား နမ်းရှိုက်ဖို့ ကြိုးစားနေမိလေသည်။

“ဖယ်နော်၊ ရှင့်ကိုရွံတယ်၊ ရှင်နဲ့ကျွန်မ တူတန်လို့လား ဖယ်ပါ”

“မဖယ်ဘူးကွာ၊ မဖယ်ဘူး၊ ကိုယ်ကတော့ မင်းကို ဘယ်လိုနည်းနဲ့မဆို မင်းကို ရအောင်ယူမှာပဲ၊ ကိုယ့်ရင်ခွင်ထဲကနေ မင်းကို ထွက်သွားခွင့် လုံးဝမပြုနိုင်ဘူး”





သူ စိတ်ရိုင်းတွေဝင်လာပြီး ဘုံ့နှုတ်ခမ်းလေးကို နမ်းသည်။ ခန္ဓာကိုယ်လေးကိုလည်း သန်မာတဲ့လက်တွေနှင့် ပွေ့ဖက်ရစ်သိုင်းထားမိနေ၏။ ဘုံက ရုန်းဖယ်ရင်း လအား ချွန်ထက်တဲ့အရာတစ်ခုနှင့် ထိုးစိုက်လိုက်တော့သည်။

“အား”

နာကျင်စွာ အော်ဟစ်ရင်း သူလန့်နိုးသွားရလေသည်။

“ဟင်”

ရင်ထဲမှာ နာကျင်လှိုက်မောနေပြီး နှလုံးသားတွေ တဆတ်ဆတ် တုန်ရီနေဆဲပင် ဖြစ်နေသည်။ သူအိပ်မက်မက်နေတာပဲ။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေ ရွှဲနစ်နေ၏။ အာခေါင်တွေခြောက်ကပ်လာပြီး ရေသောက်ဖို့ ရေခဲသေတ္တာဆီ လျှောက်လှမ်းဖို့ပင် ယိမ်းယိုင်ချင်နေရသည်။

“ရှင့်အမေက အိမ်ဖော်မလား၊ အိမ်ဖော်မသားကို ဘုံ လက်မထပ်နိုင်ဘူး”

အိပ်မက်ထဲမှာ သူ့အမေက အိမ်ဖော်မဆိုတာနှင့် ဘုံက



www.burmeseclassic.com

www.burmeseclassic.com



ခါးသီးစွာ ငြင်းဆန်လေတော့သည်။ သူ့ခြေလှမ်းတွေက လေးလံစွာ ရေခဲသေတ္တာနား ရောက်သွားရပြီး ရေတစ်ခွက်ကို မော့သောက်လိုက်ရလေသည်။ အိပ်ရာပေါ်မှာ ပြန်ထိုင်လိုက်၏။ သူပြန်အိပ်မရတော့။ စိတ်တွေ ချောက်ချားတုန်ရီနေဆဲပင်။

"ဘုံရယ် ကိုယ်က အနိမ်ခံပါ၊ မင်းကိုယ်တိုင်လည်း ကိုယ့်ကို အထင်သေးနေမှာပါ"

သူက အိမ်ဖော်မက မွေးတဲ့သားဆိုတာ ဘုံသိသွားပြီလား ခပ်ရှောင်ရှောင်နေတာလည်း ဒီအချက်ကြောင့်လားဆိုတာ လ တွေးနေမိသည်။

"ဘုံ ကိုယ့်ကို ဥပေက္ခာမပြုပါနဲ့၊ အဖက်မတန်သလို မလုပ်ပါနဲ့၊ ကိုယ့်ဘေးနားမှာ ဘုံရှိနေပေးပါ၊ ဘုံမရှိလို့မဖြစ်ဘူး"

ဘုံ့ကို တမ်းတမ်းတတလေး ပြောနေမိလေသည်။ လဘဝ မှာ ချစ်ခြင်းမေတ္တာဆိုတာ မာမီ့ဆီကပဲ ရခဲ့၏။ မာမီမရှိတော့တဲ့ နောက်ပိုင်း လူတွေအားလုံးရဲ့ အစွန်းပစ်ခံဘဝမှာ နေခဲ့ရသည်။

"ဘုံ မင်းရှိရင် ကိုယ့်ဘဝအတွက် ပြည့်စုံပါပြီ၊ မင်းထ





တော့ ကိုယ့်အနားမှာနေရမယ်နော်"

သူ ဆက်အိပ်လို့မရတော့သဖြင့် ရေချိုးခန်းထဲ ဝင်လိုက်လေသည်။ ရေပန်းအောက်ဝင်ပြီး ရေကို တဝကြီးချိုးလိုက်၏။ ဘုံ့ကိုတွေ့ဖို့ ကြိုးစားရမယ်။ ဘုံနှင့် ရင်းနှီးကျွမ်းဝင်အောင် လုပ်ရမယ်။ သူ့အမေက အိမ်ဖော်မဆိုတာ ဘုံသိချင်မှ သိထားမှာပါ။

"လရေ"

"ဗျာ"

"မင်းအတွက်မနက်စာလေ၊ မမလာပို့တာပါ"

"ဟုတ်ကဲ့မမ"

မမမာလာကိုပဲ အားကိုးတကြီးနှင့် အကူအညီတောင်းခံဖို့ လ စဉ်းစားမိနေသည်။ ဒေါက်တာမေတ္တာဘုံက မမမာလာနဲ့ ပတ်သက်တာမဟုတ်လား။ အခန်းတံခါးကို ဖွင့်ပေးပြီး မမမာလာ အား ကပျာကယာ ဆီးကြိုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဘုံရဲ့ မအောင်မြင်တဲ့ ဖျားယောင်းသွေးဆောင်မှုအတွက် ဒေါ်လေးမာယာ ဒေါသတွေ အကြီးအကျယ်ထွက်နေလေ‌တော့သည်။ နေကို ရယူပိုင်ဆိုင်ဖို့ဆိုတာ ဘုံကိုယ်တိုင်တောင် လိုလိုလားလားနဲ့ ဖြားယောင်းသွေးဆောင်ချင်ပါတယ်။ ဒါပေမယ့် နေက ဘုံကို အရမ်းမုန်းနေတာပါ။ အခုတော့ ပိုပြီးတောင် အထင်သေး သွားပြီလေ။

"မေတ္တာဘုံ"

"ဒေါ်လေး"

"ညည်း တော်တော်အသုံးမကျတာပဲ၊ ညည်းရဲ့ အလှ





အပတွေကို နေ မစွဲလမ်းဘဲနေမှာ မဟုတ်ဘူး မေတ္တာဘုံ၊ ထားလိုက်တော့ နည်းလမ်းတွေအများကြီး ရှိပါတယ်အေ၊ ဆက်ပြီး ကြိုးစည်ရမယ်"

"ဘုံမလုပ်ချင်ဘူးဒေါ်လေး ယောကျ်ားတစ်ယောက်ကို ချဖို့"

"တိတ်စမ်း ညည်းဘာဝအတွက်လေ နေက အနက်ရောင် အိမ်ကြီးရဲ့ အရှင်သခင်ပဲ၊ ညည်း မဖြစ်မနေကြိုးစားရမယ်"

"ဘုံ အရမ်းရှက်တယ်၊ သူက ဘုံ့ကို အထင်အမြင်သေးတဲ့ မျက်လုံးတွေနဲ့ကြည့်တယ်၊ ပြီးတော့ အကျင့်ပျက်တဲ့ မိန်းမတဲ့"

"တောက်"

ဒေါ်မာယာဘုံ မကျေမနပ် ဖြစ်နေမိလေသည်။ မေတ္တာဘုံက အရှက်အကြောက်ကြီးတဲ့ မိန်းမဖြစ်၏။ နေ့ကို မေတ္တာဘုံ ချုပ်ကိုင်နိုင်ရင်ပြီးပြီ။

"စိတ်မပျက်ပါနဲ့အေ၊ ထပ်ကြိုးစားကြမယ်၊ ဒီအိမ်မှာ နေရတာကာ စပ်စုပြီး မဆီမဆိုင် မကျေမနပ်ဖြစ်နေတဲ့ အိမ်‌ဖော်



www.burmeseclassic.com

www.burmeseclassic.com



စိုးကြီး သားအမိကိုလည်း ရှင်းပစ်ရမယ်''

''ဒေါ်လေးမာယာ''

''အလုပ်ကနေ ထုတ်ပစ်ရမယ်လို့ ပြောတာအေ့၊ အနော်ရောင်စံအိမ်ကြီးကို ကျုပ် ပိုင်စိုးရမှုဖြစ်မယ်လေ၊ ကျုပ်ကိုလက်ခံဖို့ ခါးခါးသီးသီး ငြင်းဆန်နေတဲ့ နေမင်းထင် တစ်နေ့တော့ သိစေရမယ်''

မာယာဘုံစိတ်တွေက လောဘရမ္မက်တွေကြီးနေပြီ။ အချိန်တွေကို စောင့်ဆိုင်းနိုင်ခြင်းတောင် မရှိတော့ဘူး။ နေမင်းထင်ရော၊ အဘွားကြီး ဒေါ်မဟာဆန်ရော၊ ကိုရန်နောင်ရော၊ အပြီးဆုံး ရှင်းပစ်ချင်ပြီ။ အဓိက နေမင်းထင်ပဲ။ မေတ္တာဘုံနဲ့ လက်ထပ်ပြီးရင် သင်းကို ချောင်ထိုးထားလို့ရတယ်။

''ဘုံ''

''ရှင်''

''ရော့''

''ရှင်''





''ရေကူးဝတ်စုံ''

''ရှင်''

''စံအိမ်ကြီးရဲ့ရှေ့မှာ ရေကူးကန်ရှိတယ်လေ၊ နေ့အခန်းရှေ့ပဲ၊ ညည်းလည်း ရေကူးတတ်တာပဲ''

ဒေါ်လေးမာယာ ဘယ်လိုအကွက်တွေ ဖန်တီးပြန်ပြီလည်း မသိပါဘူး၊ ဘုံက ခန္ဓာကိုယ်အစိတ်အပိုင်းတွေပေါ်မှာ အရှမ်းရှက်တာပဲ၊ ကိုနေမင်းထင် အထင်သေးစေမယ့် အလုပ်တွေ ဘုံက တစ်ခုမှ မလုပ်ချင်ပါဘူး၊ သေချင်လောက်အောင် စိတ်ညစ်နေရလေသည်။

''ဝတ်ကြည့်စမ်း''

''ဟင့်အင်း''

''ဝတ်လေ ဘာရှက်စရာရှိလဲ၊ ဒေါ်လေးမာယာ အစီအစဉ်အတိုင်းလုပ်ပါ ဘုံလေးရယ်၊ တူမလေးကို ချမ်းသာစေချင်လို့ပါ''

''ဘုံမလုပ်ချင်ဘူး၊ မချမ်းသာရင်လည်း နေပါစေ၊ ဘုံ့ကို



www.burmeseclassic.com

www.burmeseclassic.com



နားခိုရာလေး ပေးထားရင်ပဲ၊ ဘုံ ကျေးဇူးတင်ပါတယ်"

"မရဘူး၊ နှင် ငါခိုင်းသလိုပဲ လုပ်စမ်းပါ၊ နှင့်အလှအဆ တွေကို နေမင်းထင်မြင်အောင် ပြရမယ်"

"ဒီမှာ ယောကျ်ားတွေ အများကြီးပဲ ဒေါ်လေးရယ်၊ တော်ကြာ တခြားသူတွေ တွေ့သွားရင် ဘုံ ဘုံ"

"စကားများမနေစမ်းပါနဲ့ မေတ္တာဘုံ၊ ကျုပ်ခိုင်းတာပဲ လုပ်၊ ညည်းလေး ငြင်းဆန်နေရင် ညည်း ရဲလက်ထဲပဲ အပ်ရလိမ့် မယ်"

"ရက်စက်လိုက်တာ ဒေါ်လေးမာယာရယ်၊ ဘုံက ဒေါ်လေးမာယာရဲ့ တူမအရင်းပဲ၊ ဘုံ ဘယ်လိုနေထိုင်တတ်တယ်ဆို တာ ဒေါ်လေးသိပါတယ်"

မေတ္တာဘုံကို ဒေါ်မာယာဘုံ စူးစူးဝါးဝါး ကြည့်မိသေး သည်။ နှင်က ငါ့တူမအရင်းမဟုတ်ဘူး။ ပြီးတော့ နှင့်အမေ လည်း ငါမုန်းတယ်။ မွေးစားထားတဲ့ငါ့ကို မတူမတန်သည် ဆက်ဆံချင်တာလေ။





"ဒီကောင်မလေးကို ဘာဖြစ်လို့ ခေါ်လာရတာလဲ၊ မိမရှိ ရှိနဲ့ မျိုးရိုးလည်းမသိဘဲနဲ့မေမေရယ် ပြန်ပို့လိုက်ပါ"

ဒေါ်မာယာဘုံ အံသွားတွေကို တင်းကြပ်စွာ ဖိကိုက်ထား သည်။ မွေးစားမိဘတွေကတော့ မမနှင့် တန်းတူကျွေးမွေးစောင့် ရှောက်ထားခဲ့လေသည်။ ငါ့ကို မာယာများတဲ့ မိန်းမအဖြစ် နှင့် အမေကပဲ မာယာဘုံလို့ ပေးခဲ့တာလေ။ ညည်းကို အသုံးချရမှာပဲ။ အရေးကြီးတာက ငါ့ဘဝပဲ။ အကြီးကျယ်ဆုံးဘဝကို ပိုင်ဆိုင်ရမယ်။ အချစ်မြတ်နိုးဆုံး ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်မယ်။ စည်းစိမ်တွေ အပြည့်ခံစားမယ်။ နှင်က ငါ့ရဲ့အဖြည့်ခံပဲလေ။ နေမင်း ထင်ရော နှင်ရော ချောင်ထဲထိုးထားလိုက်ရမယ်။

"ဘုံ"

"ရှင်"

"နှင် ရေကူးဝတ်စုံနဲ့ မနက်ဖြန်မနက် ရေကူးကန်မှာ သွားရမယ်၊ နေမင်းထင်က မနက်ဆို ရေကူးကန်နားမှာ ထိုင် တတ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် နှင်ဖျားယောင်းသွေးဆောင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရူးရဲတဲ့အကြည့်တွေနှင့် ကြည့်ပြီး ဘုံ အနားကနေ ပြ
ထွက်သွားတော့သည်။



## အခန်း (၁၃)

BURMESE CLASSIC

ဒေါ်လေးမာယာဘုံကို ဘုံ အလွန်အမင်း ကြောက်နေမိ
သည်။ တူမအရင်းအပေါ်မှာတောင် ရက်စက်လွန်းနေ၏။
ပွဲဖော်ခံရဖို့ ဘုံမကြောက်ပေမယ့် အမှုရဲဖြစ်စဉ်တွေကို ရှင်းလင်း
ပြရမှာ ရှက်ရွံ့ကြောက်လန့်နေမိလေသည်။ ဘုံ့ကို လောင်မြိုက်
ယ့် နေမင်းဆီ တိုးဝင်သွားစေရန် ဒေါ်လေးမာယာဘုံက အတ္တ
ဗွာ အမိန့်ပေးစေခိုင်းနေ၏။ ယောကျ်ားတစ်ယောက်ကို ဖြား
ာင်းသွေးဆောင် မြူဆွယ်ဖို့ဆိုတာ ဘုံ မလုပ်ချင်ဆုံးသော
ုပ်တစ်ခုဖြစ်နေရသည်။ ရေကူးဝတ်စုံလေးကို ဘုံ တင်းကြပ်
ုပ်ကိုင်ထားမိသည်။ အနက်ရောင် ရေကူးဝတ်စုံက ဘုံ့အသား



www.burmeseclassic.com

www.burmeseclassic.com



အရှည် ဝင်းဝင်းအိအိလေးနှင့် လိုက်ဖက်နေ၏။

"နေက အနက်ရောင်ကို ကြိုက်နှစ်သက်တယ်၊ သူ့အ
နာမည်က ဒေါ်နှင်းဆီနက်လေ၊ ဘုံလေး အသားအရေနဲ့ အ
လိုက်ဖက်မယ်လေ၊ နေကလည်း စိတ်ဝင်စားမှာပဲ"

ဒေါ်လေးမာယာ စကားတွေက ဘုံနားထဲသို့ ပူလောင်
တိုးဝင်နေသည်။ မေမေရယ် ဘုံရဲ့ အရှက်သိက္ခာတွေ ဘယ်ရော
ကုန်ပြီလဲဟင်။ နေက ဘုံကို အထင်သေးနေမှာပါ။ နေ့ကို ဘယ်
နည်းနဲ့မှ ဘုံ ဖြားယောင်းသွေးဆောင်နိုင်မှာ မဟုတ်ပါဘူးရော
ဒေါ်လေး မာယာဘုံရဲ့ စကားကိုလည်း ဘုံ မဆန့်ကျင်ရဲ
ဘုံက ရေကူးကျွမ်းကျင်သည်။ ငယ်စဉ်လေးထဲက ဝါသနာပါ
မထူးတော့ပါဘူး။ ဒေါ်လေးမာယာရဲ့ အမိန့်ကို နာခံလိုက်
အကောင်းဆုံးပါပဲ။ ဘုံ စိတ်တွေကို တင်းပစ်လိုက်ပြီး အနက်
ရေကူးဝတ်စုံလေးကို ဝတ်လိုက်သည်။ မှန်ရှေ့မှာ သူမခန္ဓာ
အလှက အချိုးအစားကျနစွာ ပေါ်လွင်လာရ၏။ ဘုံ ရှက်မနေ
ပါဘူး။ ဘုံ့ဘဝက ရှောင်လွှဲလို့မရတာပဲလေ။





"မေတ္တာဘုံ"

"ရှင်"

"ညည်း အရမ်းလှတာပဲကွယ်၊ အတော်ပဲ နေရှိတယ်၊
ရေကန်နားမှာ စာဖတ်နေတယ်"

"ဟင်"

ကိုနေမင်းထင်ရဲ့ ရှေ့ကို ဒီဝတ်စုံနှင့် ထွက်သွားရမှာ
ဘုံ တွန့်သွားရလေသည်။ အခန်းထဲ ပြန်ဝင်တော့မလို ပြင်လိုက်၍
ဒေါ်လေးမာယာဘုံက ဆွဲထားလိုက်၏။

"ဘာမှရှက်စရာမလိုဘူး ဘုံ၊ သွားပါ၊ ဘယ်သူ့ကိုမှ
ရှုမစိုက်နဲ့၊ ဒေါ်လေးတစ်ယောက်လုံးရှိတယ်"

ဒေါ်လေးမာယာဘုံရဲ့ အမိန့်ကိုပဲ နာခံဖို့ ဆုံးဖြတ်လိုက်လေ
သည်။ ဒေါ်အိုစာ ရောက်လာသဖြင့် ဒေါ်လေးမာယာက…

"ဩော် ဒေါက်တာ ရေကူးမလို့လားဟင်၊ ကောင်းတယ်
ချမ်းကောင်းတယ်၊ သွားပါ ဒေါက်တာနေတတ်သလို နေပါနော်၊
အားမနာပါနဲ့၊ ဒီမှာ ဒေါက်တာရှိနေဖို့ပဲ လိုအပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုစာ မျက်နှာကြီးက တင်းမာခက်ထန်သွားလေသည်။ ဘုံလည်း မလုပ်ချင်ပါဘူး။ ဒေါ်လေးမာယာဘုံကို ကြောက်၍ဖြစ်၏။

"ဟင်း နေရာတကာ စပ်စုချင်တယ်၊ သင်းတို့ကိုလည်း အမြန်ဆုံး ဖယ်ရှားပစ်ရမယ်၊ အလကားဟာတွေ"

ဘုံ လှည့်ထွက်လာခဲ့တော့သည်။ ညိုပြာဆိုတဲ့ ကောင်မလေးကလည်း ပြုံးတုံးပြုံတဲ့နှင့် ရောက်လာ၏။ ဘုံကတော့ အနေအားလုံးကို သတ္တိရှိစွာ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားမိ၏။

"ဒေါက်တာ ဒီပုံနဲ့အပြင်ထွက်မလို့လား"

"ဟုတ်တယ်၊ ကျွန်မ ရေကူးချင်လို့ ရေမှာ ရေကူးကန်တော့ အတော်ပဲလေ၊ ကျွန်မ နေ့စဉ်တစ်ကြိမ်တော့ ရေကူးတတ်ပါတယ် မညိုပြာ"

"အစ်ကိုကြီးနေက မကြိုက်ဘူး၊ မိန်းကလေးဆိုရင် ယုံခြုံခြုံနေမှကြိုက်တာ"

"ရေကူးတာပဲလေ ကျွန်းမာရေးအရပါ"





ဘုံ ထွက်လာခဲ့သည်။ မတတ်နိုင်တော့ဘူး ကိုနေမင်းထင်ရှေ့ကို ဒီလိုပုံစံမျိုးနဲ့ ထွက်ရမှာပဲလေ။ ဘုံ ခြံထဲရောက်လာသည်။ အနက်ရောင်စံအိမ်ကြီးကို ကြည့်ပြီး စိတ်တွေပင် တုန်လှုပ်ချောက်ချားရ၏။ ပြီးတော့ ခြံစောင့်ကြီးကလည်း အလိုမကျသလို ကြည့်နေသည်။ ဘုံ ရှက်လိုက်တာ။ နှလုံးသားတွေ တဒိန်းဒိန်းခုန်နေပြီး တစ်ကိုယ်လုံး ထူပူနေရ၏။ ဘုံ ဘာကိုမှ ဂရုမစိုက်တော့ဘဲ ရေကူးကန်ရှိရာကို လျှောက်လာခဲ့သည်။

"ဟင်"

နေမင်းထင်ရဲ့ အကြည့်တွေက ရုတ်တရက် အနက်ရောင် ရေကူးဝတ်စုံလေး ဝတ်ထားတဲ့ ကောင်မလေး ချောချောလေးဆီ ရောက်သွားရသည်။ ဘယ်သူလဲ အနက်ရောင် ရေကူးဝတ်စုံလေး အောက်မှာ ဖြူဝင်းအိစက်နေတဲ့ အသားစိုင်တွေက တောင့်ဖြောင့်နေပြီး လမ်းလျှောက်ကာပင် စတိုင်လ်ကျလွန်းနေ၏။ သူရှိနေရာ ရေကူးကန်ဆီသို့ လာနေခြင်းပင်။

"ဒေါက်တာမေတ္တာဘုံ ဘယ်လိုမိန်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြည့်ကို ဆတ်ခနဲ တစ်ဖက်သို့ လွှဲပစ်လိုက်မိသည်
ဒေါက်တာမေတ္တာဘုံဟာ ရုပ်ရည်လေး အေးချမ်းငြိမ်သက်
ချောမောသလောက် သူ့အား မြူဆွယ်ဖြားယောင်း သွေးဆောင်
သည်ဟု ထင်မိသည်။ ဟိုနေ့ကလည်း သူရှိနေတဲ့ အိပ်ခန်း
ရောက်လာခဲ့၏။ သူ့ရင်ခွင်ထဲ တိုးဝင်ခဲ့သည်။ အိပ်ရာပေါ်
ကျွတ်ကျန်ခဲ့တဲ့ သူ့မရွှေဆွဲကြိုးလေးကိုပင် အမှတ်ရနေသည်
ဒီမိန်းမကို မေ့ပစ်ရမယ်။ မရိုးသားဘူး။ လုံးဝမရိုးသားတာ
သူထပြီးထွက်သွားဖို့ စိတ်ကူးမိပေမယ့် အနက်ရောင်နှင့် ဒေါ်
မေတ္တာဘုံ ဆွဲဆောင်ဖြားယောင်း သွေးဆောင်ခြင်းကို ခံလိုက်ရ
ပင် အကြည့်က ဆတ်ခနဲ ပြန်ရောက်သွားလေသည်။

“တောက်”

အရှက်ကင်းမဲ့လွန်းနေတဲ့ ဒေါက်တာမေတ္တာဘုံ ဘ
များ နေ မေ့ဖျောက်ပစ်လို့ မရတာလဲ။ သူ့ကို ဖြားယောင်း
ဆောင်နေတာပါ။ နေ ဒေါသတွေ ပေါက်ကွဲချင်နေသည်။
ဖြောင့်ဝင်းအိ နုထွတ်နေသော ဒေါက်တာမေတ္တာဘုံသည်





ဒီမိုင်းမျိုးနှင့် သူ့ရှေ့သို့ တမင်လာရောက် ဟန်ရေးပြနေခြင်းဟု ထင်မှတ်နေမိသည်။

“ဗွမ်း ဗွမ်း”

“ဗွမ်း”

ရေကန်ထဲမှာ ငါးရံ့ပြောင်ချောချောလေးတစ်ကောင် ကူးခတ်နေသည်။ မေတ္တာဘုံကတော့ အရှက်တွေကို ရေထဲမှာ နှစ်မြှုပ်ပစ်လိုက်ပြီး ရေပဲကူးနေ၏။ ကိုနေမင်းထင် ရှင်က ဘုံ့ကို ရွံရှာမုန်းတီးနေမှာပါ။ အရှက်ကင်းမဲ့ မိန်းမအဖြစ် အထင်သေးရှုံ့ချ နေပြီမဟုတ်လား။ ဘုံ မလုပ်ချင်ပါဘူး။ ဘုံ့ခန္ဓာကိုယ်အလှအပ တွေကို ယောကျ်ားတစ်ယောက်ရှေ့မှာ မပြောနဲ့ မိန်းကလေးချင်းရှေ့ မှာတောင် လုံခြုံအောင် ဝတ်စားနေထိုင်ခဲ့သည်။ ဘုံ ငိုချင်လာရ ၏။ ရှင် ကျွန်မကို ရွံရှာမုန်းတီးလို့ မကြည့်ချင်လောက်အောင် ဖြစ်နေတယ်မဟုတ်လား။ ဒေါ်လေးမာယာဘုံရဲ့ အမိန့်က ရေကန် ဘောင်ပေါ်မှာ ထိုင်ပြရမယ်တဲ့။ အေးစက်နေတဲ့ရေတွေက ဘုံ့ နှလုံးသားတွေကို ပွက်ပွက်ဆူနေသော ရေပူတွေအဖြစ် လာရောက်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခတ်နေလေသည်။ အိမ်ကြီးထဲကနေ ဘုံရဲ့ လှုပ်ရှားမှုတွေကို ဒေါ်လေးမာယာဘုံက စောင့်ကြည့်နေမှာပါ။

"ဗွမ်း"

ကန်ဘောင်ပေါ် တက်ပြီးထိုင်လိုက်သည်။ ကိုနေမင်းထင်ရဲ့ စူးစူးဝါးဝါးအကြည့်က ဆတ်ခနဲ ရောက်လာပြီး အကြည့်ကို လွှဲပစ်လိုက်၏။ မလှုပ်ချင်လွန်းသော အလုပ်ကို ဘုံ နာကျင်ကြေကွဲစွာ လုပ်ဆောင်နေရသည်။ ဒေါ်လေးမာယာဘုံ ရက်စက်တယ်။ အတ္တကြီးတယ်။ ရေကန်ဘောင်ပေါ်မှာ မထိုင်ချင်တော့သဖြင့် ရေကန်ထဲ ပြန်ဆင်းလိုက်သည်။

"ဗွမ်း"

"အား"

သူမ ခြေသလုံးမှ ထိုးအောင့်လာပြီး ကြွက်တက်လာတော့သည်။ ဘုံ ရေဆက်ကူးလို့မရတော့။ ကိုယ်လုံးလေးကိုဖော့ပြီး ခြေသလုံးကို နှိပ်ရင်း အကူအညီ ရလိုရငြား လက်ပြလိုက်သည်။ အနားမှာရှိနေသော နေမင်းထင်က တစ်ချက်ကြည့်ပြီး





စာဆက်ဖတ်နေ၏။

"အား"

"ကျွတ် ကျွတ်"

ဘုံကိုယ်လေးက ရေထဲသို့ မြုပ်မတတ်ဖြစ်နေသည်။ ရေကလည်း ဆက်ကူးလို့မရတော့။ တစ်ကိုယ်လုံး လေးလံ၍ ကိုယ်ဖော့ထား၍မရတော့ပေ။

"ဗွမ်း ဗွမ်း"

"ဗွမ်း"

ရေပြင်ကို ရိုက်ခတ်ရင်း ဘုံ အကူအညီတောင်းမိသည်။ ဒါပေမယ့် ကိုနေမင်းထင် မလှုပ်ပေ။ ရှင်တော်တော်ရက်စက်တဲ့ လူပဲ။ ဘုံ ရေနစ်ပြီးသေတော့မယ်။ သေပါစေ ဘုံ အရှက်နဲ့အသက် ထိုပဲ လဲသွားမယ်။ ရေနစ်သေတာလည်း ကောင်းပါတယ်လေ။ ဘုံ ခန္ဓာကိုယ်လေးက ရေထဲသို့ တဖြည်းဖြည်း နစ်မြုပ်သွားလေသည်။

"ဘုံ ဘယ်လိုဖြစ်တာလဲ၊ ဘုံ ရေနစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



“မွမ်း”

ရေကန်နားသို့ လ အပြေးအလွှားရောက်လာပြီး ရေ ဆင်းလိုက်သည်။ အနက်ရောင်ကောင်မချောလေးကို လ ကြည့် ကောင်းကောင်းနှင့် ကြည့်နေရာမှ ရေနစ်နေ၍ လ ပြေးဆင်းလာ ခဲ့၏။

“ဘုံ မေတ္တာဘုံ၊ မင်းမသေရဘူး၊ ကိုယ့်အသက်ပေးရ ပေးရပါစေ မင်းအသက်ကိုပဲ ကယ်တင်မယ်”

ခန္ဓာကိုယ် ပြောင်ချောချောလေးကို လ စမ်းမိသွား သည်။ လွတ်ထွက်မသွားအောင် အမိအရ ဆွဲယူပြီး ပွေ့ဖက်ထား လိုက်၏။ သန်မာတဲ့ လက်တွေနှင့် ဘုံကိုယ်လုံးကို သိုင်းဖက်ပြီး ကန်ဘောင်ပေါ် ပြန်ကူးခတ်လာခဲ့သည်။ ကန်ဘောင်ပေါ်ရောက် တော့ ဘုံ ခန္ဓာကိုယ်ကို ထမ်းပြီး ရေတွေပြန်ထွက်အောင် လုပ် သည်။ နေလည်း မေတ္တာဘုံရဲ့အနားကို ဆတ်ခနဲ ရောက်လာ သူဘယ်လောက်ပဲ မာနတွေတင်းခံနေပါစေ ဒေါက်တာမေတ္တာ တစ်ခုခုဖြစ်သွားမှာကိုတော့ စိတ်ပူပြီး အနားသို့ရောက်လာ





သည်။

“ကန်ဘောင်ပေါ် ချလိုက်တော့ လ၊ အမြန်ဆုံးအသက် ရှူအောင် လုပ်ရမယ်”

အသက်ကို ပြင်းပြင်းရှူသွင်းရင်း မောဟိုက်နေတဲ့ လဆီ က ဒေါက်တာမေတ္တာဘုံအား သူပွေ့ယူပြီး ကန်ဘောင်ပေါ်မှာ ချလိုက်သည်။ အိမ်ကြီးထဲက လူတွေလည်း ပြေးထွက်လာကြ၏။ နေကတော့ ဘာမှစဉ်းစားမနေတော့ဘဲ ဒေါက်တာမေတ္တာဘုံကို အသက်ပြန်ရှူစေရန် ရှေးဦးသူနာပြုနည်းနှင့် နှုတ်ခမ်းချင်းတေ့လိုက် သည်။ လကတော့ မလှုပ်နိုင်။ ခြေကုန်လက်ပန်းကျပြီး ငြိမ်သက် နေ၏။ ဒေါက်တာမေတ္တာဘုံ ရေနစ်ပြီဆိုထဲက သူကယ်ဖို့ ပြင်လိုက် ခဲ့မှာပဲ လက ပြေးထွက်လာတာပဲဖြစ်သည်။

“ဒေါက်တာ ဘယ်လိုဖြစ်ရတာလဲဟင်၊ သားနေ မင်းရှိ ဘယ်မဟုတ်လား၊ ဘာဖြစ်လို့ ဒီလောက်အထိ ဖြစ်ရတာလဲကွာ”

ဒီမိန်းမ ဟန်ဆောင်မာယာများပြီး တကယ်ရေနစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဖြစ်နိုင်လေသည်။ နေလည်း မာနတွေနဲ့ တင်းခံနေပြီးမှ ဒီမိန်းမရဲ့ မာယာညွှတ်ကွင်းထဲ သက်ဆင်းသွားသလို ဖြစ်နေ၍ သူ့ကိုယ်သူတော့ မကျေမနပ်ဖြစ်နေရ၏။ ဒါပေမယ့် ဥပေက္ခာမပြုနိုင်ခဲ့ပေ။ ဒေါက်တာမေတ္တာဘုံ အသက်ပြန်ရှုလာစေရန် ကြိုးစားပြုစုပေးနေမိသည်။

"အင်း"

"ဒေါက်တာ သတိရလာပြီလား ဒေါက်တာ"

"အင်း"

"အင်း"

ဒေါက်တာမေတ္တာဘုံ လူးလွန့်လာသဖြင့် နေမင်းထင် ပြန်၍ထလိုက်လေသည်။ ဒီလောက်ဆို မင်းမသေနိုင်တော့ပါဘူး ဒေါက်တာမေတ္တာဘုံ ငါ့ကို ဖြားယောင်းသွေးဆောင်ဖို့ ကြိုးစားတာ ကံကောင်းလို့ မသေတာနော်။ အနက်ရောင် ရေကူးဝတ်စုံလေးနှင့် ရေဆေးငါးတစ်ကောင်လို ဖြူဝင်းအိမ့်နေသော





ဒေါက်တာမေတ္တာဘုံကိုတော့ နေမင်းထင် အတော်လေး မေ့ပျောက်ပစ်ဖို့ ကြိုးစားရတော့မည် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ညည်းလေး သရုပ်ဆောင်ချက်က အရမ်းပီပြင်ပြီး အောင်မြင်တယ် မေတ္တာဘုံ"

"ရှင်"

"နေက ညည်းလေး အသက်ရှူဖို့ ရှေးဦးသူနာပြုနည်းနဲ့ နှုတ်ခမ်းချင်းတော့ပြီး ပြုစုခဲ့တာလေ"

"ရှင်"

မေတ္တာဘုံရဲ့ အလှအပတွေက စွဲမက်စရာ ကောင်းလွန်းစွာ နုထွတ်ဝင်းမှည့် အိစက်နေတာကို နေမင်းထင် ဘယ်လိုလုပ်ပြီး မစွဲမက်ဘဲနေမလဲ။ သင်းက ဘာသားနဲ့ထုထားလို့လဲ။ ဒါပေမယ့်





ဘုံကို လက လာရောက်ကယ်တင်တာကိုတော့ မာယာဘုံ သဘော တွေ့မိပေ။

"နေက ညည်းကိုကယ်တော့မလို့ပဲ ဘုံ၊ လ အရောက် သွားလို့ပေါ့၊ ဒေါ်လေးမာယာ ပြောသားပဲ နေက ဘာသားနဲ့ ထုထားလို့လဲ၊ ငြိသွားပြီ"

ကိုနေမင်းထင်က ဘုံ့ကို ရှေးဦးသူနာပြုနည်းနဲ့ အသက် ကယ်တယ်ဆိုတော့လည်း ဘုံ ကျေနပ်သွားသလိုလိုနှင့် ရင်တွေပင် ဆတ်ဆတ် ခုန်သွားရလေသည်။ နေမင်းကြီးကို ဘုံ ဘာဖြစ်လို့ ရင်မှာ ထွေးပွေ့ချင်နေရတာလဲ။ ဘုံရဲ့ မိုက်မဲမှုများလားဟင်။ တာ အသိဉာဏ်ဆင်ခြင်တုံတရား ရှိတယ်လို့ မေမေက ပြောခဲ့ မေမေက ဘုံကို ယုံကြည်စိတ်ချသည်။ ဒါပေမယ့် ကံကြမ္မာ တော့ ဘုံ လက်မြှောက်အရှုံးပေးချင်လာရ၏။ ရှင့်ရဲ့ ဥပေက္ခာ တွေ၊ ရက်စက်မှုတွေကပဲ ဘုံ နှလုံးသားတွေကို မြူဆွယ်ဖြား သောင်း သွေးဆောင်နေတာလားပဲ နေ။ ဘုံရဲ့ ဆိုးဝါးတဲ့ ကံကြမ္မာ ကြောင့်ပဲလားဟင်။



www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာဘုံ"

"ရှင်"

"ညည်းလေးကို ဒေါ်လေးမာယာ တစ်ခုတော့မှာထား
မယ်နော်၊ အဲဒါက လက်ကို စိတ်မဝင်စားဖို့ပဲ"

"ဘုံ ဘယ်သူ့ကိုမှ စိတ်မဝင်စားပါဘူး ဒေါ်လေးရယ်
နေ့ကိုတောင် ဒေါ်လေးခိုင်းစေလို့ပဲ"

"ညည်းလေးဘဝ ရှေ့ရေးအတွက်လည်း ပါပါတယ်
အေ"

ဒေါ်လေးမာယာဘုံက သူမအား ဘယ်လိုမှ စေတနာ
မေတ္တာမထားဘူးဆိုတာ ဘုံ သိနေလေသည်။ ကိုနေမင်းထင်ကို
ချုပ်နှိမ်ထားဖို့အတွက် ကြံစည်ခဲ့တာပါပဲ။ ဒေါ်လေးမာယာ၏
မျက်ဝန်းတွေထဲမှာ ဘယ်တော့မှ ဖြူစင်တဲ့အရိပ်လက္ခဏာတွေ ရှိနေ
ခဲ့ပေ။ လောဘရမ္မက်ကြီးမားစွာ စူးရှတောက်ပနေတတ်လေသည်။

"လနဲ့ အကင်းရှင်းဆုံးနေပါ၊ ညည်းလေး အရယူရှောင
နေပဲ၊ အနက်ရောင်စံအိမ်ကြီးရဲ့ အရှင်သခင်ဟာ နေမင်းထင်





မေတ္တာဘုံ"

ကျွန်မကလည်း နေမင်းထင်ကိုပဲ ချစ်တာပါ ဒေါ်လေး
ယာရယ်။ အပူတွေကိုပဲ ရင်ထဲမှာ ပွေ့ပိုက်ထားချင်နေတယ်။
ကျွန်မ ဘယ်လိုလုပ်ရမလဲဟင်။ နေမင်းထင် အမုန်းဆုံးကလည်း
မိတွေးနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ ကျွန်မကိုပါပဲလေ။ ဘုံ
ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဝင်စားမှုကို ရယူဖို့ မိန်းမမာယာတွေ
မသုံးချင်ပါဘူး။ ဘုံ့ကို ချစ်ခင်နှစ်သက်မြတ်နိုးပြီး ဘဝတစ်သက်
လုံး ယုယကြင်နာမယ့် ယောကျ်ားတစ်ယောက်ကိုပဲ ပိုင်ဆိုင်
ချင်တာပါ။ ဆန္ဒနဲ့ဘဝက ဘာဖြစ်လို့များ တစ်ထပ်တည်းမကျရ
လဲ။

"ညည်းလေး ဘာမှအားငယ်ကြောက်ရွံ့နေစရာ မလိုဘူး
ဘုံ၊ လူသတ်မှုနဲ့ ထောင်ထဲရောက်သွားရင် ညည်းလေးဘဝ
ဆက်တာလုံး သူများတံတွေးခွက်ထဲမှာ ပက်လက်မျောတော့
ညည်း ဘယ်လိုဆက်ပြီး အသက်ရှင်မလဲ မေတ္တာဘုံ"

"ဘုံတစ်ယောက်တည်း နေပါရစေ ဒေါ်လေးမာယာ

www.burmeseclassic.com

www.burmeseclassic.com



ရယ်”

“ကျုပ်သွားမယ်၊ ကျုပ်စီစဉ်ညွှန်ကြားတဲ့အတိုင်းပဲ ဆ လုပ်ပါ မေထ္တာဘုံ၊ ညည်းကို ထပ်ပြောထားချင်တာက လုံးဝမပတ်သက်ဖို့ပဲ”

ဒေါ်လေးမာယာ ပြန်ထွက်သွားမှ ဘုံ စိတ်သက်သာသ ဖြစ်သွားရသည်။ လက်ကိုမှ ရွေးပြီး ဘာဖြစ်လို့ ဟန့်တားနေရတာ ဒေါ်လေးမာယာ မရိုးသားတော့ဘူး။ ဘုရားရေ ကြောက် ကောင်းလွန်းတဲ့ ဒေါ်လေးမာယာပါလား။ ဘုံ့အဒေါ်အ တစ်ယောက်မှ ဟုတ်ရဲ့လားဟင်။ ဘုံ သွေးတွေပင် ဆူပွက်ချင် ရသည်။

“ဒေါက်”

“ဒေါက်”

“တံခါးဖွင့်ထားပါတယ်၊ ဝင်ခဲ့ပါ”

အနက်ရောင်စံအိမ်ကြီးထဲက လူတွေနှင့် ဘုံ လုံး ဆိုင်ပေ။ ထွက်သွားပစ်ချင်စိတ်ပင် ဖြစ်ပေါ်နေရသည်။ တံခါးပွင့်သွားပြီး အထဲကိုဝင်လာသူက လဖြစ်နေ၏။ သူမ



တလန့်နှင့် အိပ်ရာပေါ်မှ လူးလဲထလိုက်မိသည်။

“အိပ်နေပါဦး၊ မင်းကို နေကောင်းလားလို့ လာကြည့်တာပါ”

“နေကောင်းပါတယ် ကိုလမင်းသာ၊ ကောင်းသွားပါပြီ”

“ဘုံ”

“ရှင်”

“ကိုယ် အရမ်းစိတ်ပူသွားတာပဲ၊ အရမ်းကြည့်လို့ကောင်းလို့ အပေါ်ကနေ ကြည့်နေတာလေ၊ တကယ့်ကို ရေသူမလေးတစ်ကောင်လိုပဲ”

“ဘုံလည်း ကြွက်တက်သွားလို့ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားရတယ်၊ လ ကယ်လို့ပဲ၊ ကျေးဇူးတင်ပါတယ်”

လ အခန်းထဲဝင်လာတာတော့ ဘုံ စိတ်မသက်မသာ ဖြစ်သွားရသည်။ ဒေါ်လေးမာယာဘုံက စောင့်ကြည့်နေမှာပဲ။ လရဲ့ အကြည့်တွေက ရွှန်းလဲ့တောက်ပစွာ ဘုံကိုကြည့်နေ၏။ မဖြစ်ဘူး

ပြုံးပြုံး - တပေ

www.burmeseclassic.com

www.burmeseclassic.com



လရှိနေတာ ဒေါ်လေးမာယာရဲ့ ဒေါသတွေကို ဆွပေးသလို ဖြစ်နေတော့မည်။ ဘုံလည်း အပြင်ထွက်ဖို့ စိတ်ကူးရသွားသည်။

"ဘုံ ဘွားမဟာဆန်ဆီ သွားဦးမယ် လ၊ ဟုတ်သား မေ့နေလိုက်တာ ဆေးတိုက်ဖို့လေ"

"ဘုံ အနားယူနေပါ၊ ကိုယ်ပဲ ဘွားဆီသွားပြီး ဆေးတိုက်လိုက်ပါ့မယ်"

"ဘုံ ဘာမှမဖြစ်တော့ပါဘူး၊ နေကောင်းသွားပါပြီလေ"

"ဘုံ"

"ရှင်"

"ကိုယ့်ရဲ့အမှတ်တရပစ္စည်းလေးကို လက်ခံပေးပါလား"

"ဟင့်အင်း ဒီတစ်ခုတော့ ဘုံ့ကိုခွင့်လွှတ်ပါနော်။ လ မခံပါရစေနဲ့၊ လပဲသိမ်းထားပါ။ တစ်နေ့ရှင့်ပစ္စည်းလေးနဲ့ ထိုက်တန် တဲ့မိန်းကလေးတစ်ယောက် ပေါ်လာမှာပါ"

"ကိုယ်အမြတ်နိုးဆုံးက မင်းပဲ။ နောက်တစ်ယောက် ထပ်မပေါ်လာနိုင်တော့ဘူး၊ ကိုယ်ဘုံ့ကို ချစ်တယ်။ ဘုံက ကိုယ့်



အမြတ်နိုးရဆုံး မိန်းကလေးပဲ။ ကိုယ့်အနားမှာနေပေးပါလား ဘုံရယ်"

လ ခြေလှမ်းတွေက ဘုံ့အနားတိုးကပ်လာ၍ ဘုံအထိတ်တလန့်နှင့် အပြင်ကိုထွက်ဖို့ ပြင်လိုက်လေသည်။

"လ ပြန်ပါနော်၊ ကျွန်မ အခန်းထဲမှာ ကြာကြာရှိမနေသင့်ပါဘူး၊ တော်ကြာ လူတွေတစ်မျိုးထင်လိမ့်မယ်နော်"

ဒေါ်လေးမာယာကို အကြောက်ဆုံးပဲ။ မာထန်ဝင်းတောက်နေတဲ့ ရမ္မက်မျက်ဝန်းတွေက ရက်စက်ခြင်းရဲ့ အထိမ်းအမှတ်သင်္ကေတပင်။

"ဘုံ့ကို ကိုယ်ချစ်တယ်၊ အသိအမှတ်ပြုပေးပါ ဘုံ၊ ကိုယ်က အပြစ်ပယ်ခံပါ၊ ကိုယ့်အနားမှာ ဘုံရှိနေပေးပါ"

"ဟို ..ဟို ဘုံက ဒီအိမ်က ဝန်ထမ်းပါ၊ ဘုံ့ကို ဒုက္ခရောက်အောင် မလုပ်ပါနဲ့နော်၊ ထွက်သွားပါ"

"ကိုယ့်မာမီပေးထားတဲ့ ဒီပစ္စည်းလေးကို လက်ခံပေးပါ၊ ရော့ပါ ဘုံ"





www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ...ဟင့်အင်း ဘုံလက်မခံနိုင်ဘူး၊ ဘုံတာ ကိုပဲ ဘုံထမ်းဆောင်နိုင်မယ်၊ ရှင်ထွက်သွားပါ"

ဒေါက်တာမေဇ္ဇာဘုံရဲ့ မျက်ဝန်းတွေက စိမ်းကား သည်။ လုံးဝ လက်မခံနိုင်ကြောင်း ခါးခါးသီးသီး ငြင်း နေ၏။ လ နှလုံးသားတွေ နာကျင်စူးရှနေရသည်။ လ မြတ်နိုး သက်ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ မျက်ဝန်းစိမ်းစိမ်းတွေ ခံနိုင်စွမ်းရှည် မရှိအောင်ပင် စူးနင့်သွားရ၏။

"မင်း ငါ့အနားမှာ မရှိလို့မဖြစ်ဘူးဘုံ။ ဘာလဲကွာ ငါ အိမ်ဖော်မရဲ့သားဖြစ်နေလို့ လား၊ မင်း ငါ့ကိုလက်ခံရ ငါ့အချစ်မြတ်နိုးဆုံး မိန်းကလေးက မင်းကလွဲပြီး ဘယ်သူမှ နိုင်ဘူးဘုံ၊ ကိုယ့်ကို မင်းမချစ် ရင်နေပါဘုံ၊ ဒါပေမယ့် အမှတ်တရပစ္စည်းလေးကိုတော့ မင်းလက်ခံပေးပါ။ ကိုယ်အ နိုးဆုံး မိန်းကလေးလက်ထဲမှာ အပ်ချင်လို့ပါ၊ လက်ခံပါဘုံ

သူကြေကြေကွဲကွဲနှင့် တောင်းတောင်းပန်ပန် ပြော လေသည်။ အိပ်မက်တွေထဲကလို မေဇ္ဇာဘုံရဲ့ ကိုယ်လုံး





တွေးပွေ့ပြီး နူတ်ခမ်းဖူးဖူးလေးအား တပ်မက်စွာ နမ်းရှိုက်ပစ်ချင် တဲ့စိတ်တွေ ပြင်းပြစွာ ဖြစ်ပေါ်လာရသည်။

"ဘုံ ဘုံ လက်ခံထားလိုက်မယ်၊ ဒါပေမယ့် ရှင်ဘုံ့ အခန်းကနေ ထွက်သွားပေးပါနော်၊ တောင်းပန်ပါတယ် လရယ်၊ ထွက်သွားပါ"

သူပေးနေတဲ့ ဆွဲကြိုးလေးကို ကြောက်ကြောက်ရွံ့ရွံ့နှင့် ဘုံ လက်ခံထားလိုက်မိလေသည်။ သူ့မျက်ဝန်းစိုစိုလဲ့လဲ့ တောက် တောက်တွေက ဘုံ့မျက်ဝန်းတွေထဲ ထိုးဖောက်စူးဝင်တော့မတတ် စူးရှနေသည်။

"ကျေးဇူးပါပဲ ဘုံရယ်၊ ကိုယ်အရမ်းမြတ်နိုးချစ်ခင်ရတဲ့ မိန်းကလေးလက်ထဲ အပ်လိုက်ရလို့လေ၊ အဟွန်း ဟွန်း အဟွန်း ဟွန်း"

သူရယ်မောလိုက်၍ ဘုံစိတ်တွေပင် ချောက်ချားသွားရ လေသည်။ သူ ရူးသွပ်သွားပြီလား၊ ရီဝေမှေးစင်းသောမျက်ဝန်းတွေ နှင့် ကြည့်၏။ ဘုံ့ကို တစ်ခုခုလုပ်လိုက်တော့မလားဟုပင်



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်ရသည်။

"ကိုယ်ကျေနပ်ပါတယ်ဘုံ၊ မင်းလက်ခံပေးလို့လေ၊ အဲ
ကိုယ့်နှလုံးသားပဲ၊ မင်းပိုင်ဆိုင်သွားပြီလေ၊ ကိုယ့်နှလုံးသားတွေ
တစ်စစီဖြစ်သွားအောင် မင်းဆုပ်ချေပစ်နိုင်ပါတယ်။ ကိုယ်သွား
မယ်ဘုံ"

သူ ချာခနဲ လှည့်ထွက်သွားတော့လေသည်။ အခု
သေချင်လိုက်တာ၊ လနှင့် အကင်းရှင်းဆုံး နေပါဟု ဒေါ်လေးမာယာ
ဘုံက အထပ်ထပ်မှာထားကာမှနော်။ ဘုံတစ်ကိုယ်လုံး အင်အားနဲ့
နုံးခွေခွေလေးဖြစ်သွားရသည်။ သူပေးတဲ့ပစ္စည်းကိုလည်း
ချောက်ချားစွာ ကြည့်မိနေ၏။ လက သူမကို ချစ်တယ်တဲ့၊ မြတ်နိုး
တယ်တဲ့၊ ဒေါ်လေးမာယာဘုံယာ သိသွားရင် မတွေးရဲစရာပဲ

"ညည်းလေး လကို ပတ်သက်ဖို့ မကြိုးစားနဲ့နော်
လုံးဝအကင်းရှင်းဆုံးနေပါ၊ ကျုပ်ထပ်ပြောမယ်၊ ညည်း လ
မပတ်သက်နဲ့"

အနက်ရောင် စံအိမ်ကြီးထဲက လူတွေက ကြောက်





ကောင်းလွန်းနေသည်။ အားလုံးပါပဲ။ မေတ္တာတွေ၊ စေတနာတွေ
ကိုယ်ချင်းစာနာမှုတွေ ကင်းမဲ့ကြပြီး အတ္တတွေချည်းပါပဲ။ လ
ပေးတဲ့ပစ္စည်းကို သူမအဝတ်ဘီရိုကြီးထဲမှာ ထိုးသိပ်ဖုံးကွယ်ထား
လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဒေါက်တာမေတ္တာဘုံရဲ့ အခန်းထဲကနေ လထွက်လာတာ ကို နေ တွေ့လိုက်ရသည်။ ဒီမိန်းမ ဘာတွေရှုပ်နေလဲ၊ လနှင့်ပြီး နေကြပြီလား၊ နေလည်း စိတ်တွေချုပ်ထိန်းထားသည့်ကြား ဒေါက်တာမေတ္တာဘုံ နေမှကောင်းရဲ့လားလို့ တွေးမိပြီး အခြေအ လာကြည့်မိနေ၏။ သူ့စိတ်တွေထဲမှ ဒေါသတွေ ပေါက်ကွဲချင်လာ သည်။ ဒေါက်တာမေတ္တာဘုံ မင်းက ငါ့ကို မြူဆွယ်ဖြားယောင်းပြီ လနဲ့လည်း ရှုပ်ချင်တာလား၊ မင်းဘာသဘောနဲ့လဲ၊ လ အ ကြောင့် ညီတစ်ယောက်အဖြစ် နေ အသိအမှတ်မပြုသလို နေခဲ့ မယ့် သူ့ညီဆိုတဲ့အသိစိတ်က ရှိနေလေသည်။ အဲဒါကို





အသိဆုံးပါပဲ။

"အိမ်ဖော်မကို သားအဖေက ချစ်ခင်ယုယပြနေတော့ မာမီအရမ်းခံစားရတယ် သားရယ်၊ ရင်ကွဲမတတ်ပဲ"

နေ့မျက်ဝန်းတွေက တင်းမာခက်ထန်သွားရလေသည်။ ဒေါက်တာမေတ္တာဘုံဟာ မာယာများတဲ့ မိန်းမပဲ။ အနက်ရောင် အိမ်ကြီးကို အကောက်ကြံဖို့ ရောက်လာတာ သေချာနေသည်။ င်းမှာ ကောက်ကျစ်ယုတ်မာတဲ့ အကြံအစည်တွေ ရှိနေတယ်ဆို တာ ငါသိလိုက်ပြီ ဒေါက်တာမေတ္တာဘုံ။ ယောက်ျားတစ်ယောက် ကို မင်းအိပ်ခန်းထဲအထိ ခေါ်ယူတွေ့ဆုံတာ မရိုးသားမှုပဲ။ ငါ့အိပ်ခန်းထဲလည်း မင်းဝင်ခဲ့တယ်။ မင်းရဲ့ မလုံ့တလုံခန္ဓာကိုယ် အစိတ်အပိုင်းတွေကိုလည်း ငါမြင်အောင် ပြသခဲ့တာပဲ။ တော်တော် အကြံပက်စက်တာပဲ။ မေတ္တာဘုံတဲ့။ ဒီနာမည်ကကို မရိုးသားတာ ပဲ။

"တောက်"

ဒေါသတွေက ပေါက်ကွဲထွက်ချင်နေရသည်။ မေတ္တာဘုံရဲ့

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်ပြီး မေတ္တာဘုံရဲ့ ကိုယ်ခန္ဓာအား တစ်စစီဖြစ်သွားအောင် ဖွဲ့ခြွေပစ်ချင်လာရ၏။ မိထွေးဒေါ်မာလာနှင့် ပူးပေါင်းပြီး အနက်ရောင်စံအိမ်ကြီးထဲက လူတွေကို စည်းရုံးသိမ်းသွင်းပြီး အကောက်ကြံဖို့ ရောက်လာကြတာပဲ။ တွေ့ကြသေးတာပေါ့ကွာ၊ နေမင်းထင်အကြောင်း ကောင်းကောင်းတွေ့ရမယ်။ စိတ်တွေကို ထိန်းချုပ်ပြီး ပြန်လှည့်ထွက်လာခဲ့မိလေသည်။

"ရှပ်"

"ရှပ် ရှပ်"

သူမ အခန်းနား နီးကပ်လာပြီးမှ ပြန်လှည့်ထွက်သွားတဲ့ ခြေသံပြင်းပြင်းကြောင့် မေတ္တာဘုံ ထွက်အကြည့်တွင် နောက်ကျော ခိုင်းထွက်ခွာသွားသော နေ့ကျောပြင်ကို တွေ့လိုက်ရလေသည်။

"ဟင်"

"နေ"

နေ ဒီနားကို ဘာလာလုပ်တာလဲ။ စောစောကပဲ သူမ အခန်းထဲက လ ထွက်သွားသည်။ ဘုရားရေ လကို တွေ့သွားပြီ





လား။ နဂိုကမှ အထင်သေးချင်နေတဲ့ နေ့စိတ်တွေ ဘုံ့အပေါ် ပို၍ပင် အထင်လွဲသွားနိုင်၏။ ဘုံ ဘာလုပ်ရမလဲ။ မဖြစ်ဘူး၊ နေ့စိတ်ထဲမှာ ဘုံ့ကို လော်မာဖောက်ပြားတဲ့ မိန်းမအဖြစ် မထင် တော်သွားစေရဘူး။ ဘုံ ရှင်းပြရမယ်။ နေ ယုံချင်ယုံ မယုံချင်နေ ပါစေ။ ဘုံ ရှင်းပြမယ်။ ဘုံ အခန်းအပြင်သို့ ပြေးထွက်လာခဲ့သည်။ နေ့ကိုမတွေ့တော့ ဘုံ့စိတ်တွေ လောကြီးနေပြီး နေ့အခန်းထဲအထိ ဝင်လိုက်သွားမိတော့၏။

"ကိုနေမင်းထင်"

"ဟင်…မင်း မင်း"

မထင်မှတ်ဘဲ ဒေါက်တာမေတ္တာဘုံကို တွေ့လိုက်ရသဖြင့် နေ့ဒေါသတွေ ဝုန်းခနဲ ပေါက်ကွဲသွားရသည်။

"မင်း မင်း ငါ့အခန်းထဲ ဘာလာလုပ်တာလဲ၊ ထွက်သွား စမ်း"

"ကျွန်မ ကျွန်မ ရှင့်ကို ရှင်းပြချင်လို့ပါ၊ ဟို ဟို လမင်း ဘက ကျွန်မအခန်းထဲ ကျွန်မခွင့်ပြုချက်မတောင်းခံဘဲ ဝင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ''

''ဘာ''

''ရှင်တွေ့သွားတယ် မဟုတ်လားဟင်၊ ရှင် အထင်လွဲသွားမှာ ကျွန်မ အရမ်းကြောက်တယ်၊ ကျွန်မကိုယုံပါ၊ လမင်းသာက သူ့သဘောနဲ့သူ ဝင်လာတာပါ''

''မင်းကို ငါမယုံဘူး''

''ရှင်''

''မင်းဟာ တော်တော်မာယာများတဲ့ မိန်းမတစ်ယောက်ပဲ မေတ္တာဘုံ၊ ကောက်ကျစ်တယ်၊ ယောကျ်ားတွေကို မင်းအလှအဝတွေနဲ့ မြူဆွယ်ဖြားယောင်းဖို့ ကြံစည်ကြိုးစားနေတာပဲ''

''ရှင်''

ဘုံ ခန္ဓာကိုယ်လေး ယိုင်ခွေကျသွားမတတ်ပင် တုန်ချောက်ချားသွားရလေသည်။ နှလုံးသားတွေထဲသို့ စူးရှနာကျင်မှုတွေ ထိုးဖောက်တိုးဝင်သွားရ၏။ အင်အားချိနဲ့စွာဖြင့် နံရံမှာ ခန္ဓာကိုယ်လေးအား မှီတွယ်ထားလိုက်ရသည်။





''ငါ့မိတွေး ဒေါ်မြင့်မြတ်မာလာနဲ့ ပူးပေါင်းပြီး ငါတို့အနက်ရောင်စံအိမ်ကြီးထဲ ဝင်ခဲ့တာပဲ၊ မင်းရဲ့ မေတ္တာဘုံဆိုတဲ့အမည်ကိုက မရိုးသားတာပဲ၊ မင်း ငါ့ကို မြူဆွယ်ဖြားယောင်းဖို့သည်းအမျိုးမျိုး ကြံစည်လုပ်ဆောင်နေတာ ငါသိတယ်''

''ဟို ဟို ကျွန်မ ကျွန်မ''

''လက မင်းအိပ်ခန်းထဲ အတင်းဝင်လာပါဦး မင်းလက်ခံလို့ရတာပဲ၊ မင်းအခန်းထဲက ဆန့်ကျင်ငြင်းပယ်သံ မကြားရဘူး၊ မင်းလက်ခံထားတာပဲ၊ မင်းကျေကျေနပ်နပ် လက်ခံခဲ့တာပဲ''

''မဟုတ်ဘူး၊ မဟုတ်ပါဘူး ကိုနေမင်းထင်၊ အဲဒီလိုမဟုတ်ပါဘူး''

''မင်း လကိုတွေ့တာ ဒီလိုအဝတ်အစားမျိုးနဲ့လားမေတ္တာဘုံ၊ ငါ့ဆီကိုလည်း မင်း ဘာသဘောနဲ့ လာရတာလဲ၊ ယောကျ်ားလေးတစ်ယောက် ရှိနေတဲ့ အိပ်ခန်းထဲ မင်းဝင်ရဲတဲ့သတ္တိရှိသားပဲ''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"အို"

ဟုတ်ပါရဲ့။ ဘုံ ဝတ်ထားတာက ပါးလွှာနေတဲ့ ညဝတ်အင်္ကျီအဖြူရောင်လေးပဲ။ လမင်းသာ အမှတ်မထင်ဝင်လာ၍ ဘုံ သတိလက်လွတ်ဖြစ်သွားရသည်။ အခုလည်း ဘုံ အစိုးရိမ်လွန်ပြီး မဆင်မခြင် ထွက်လာခဲ့မိတာပါ။ အရှက်တွေဖြင့် သူမခန္ဓာကိုယ်လေး ပူနွေးလောင်မြိုက်သွားရလေသည်။ ရှက်ပြီး ရှင်းပြနေရင်လည်း အပိုပဲဖြစ်မှာမို့ ယိုင်နဲ့နေတဲ့ ခန္ဓာကိုယ်လေးအား အနိုင်နိုင်ထူမတ်ကာ ကျောခိုင်းထွက်လာခဲ့တော့သည်။

"ငါ့ကိုတော့ မင်း မြူဆွယ်ဖြားယောင်းလို့ မရဘူး မေ့လိုက်တော့၊ ငါက မိန်းမတွေကို အထင်မကြီးဘူး၊ ငါ့မာမီကလွဲရင် ပေါ့၊ အခု ငါအမုန်းဆုံး အရွံဆုံး မိန်းမက မင်းပဲ"

ဘုံ ရှက်ရွံ့စွာဖြင့် သူ့အနားမှ ပြေးထွက်လာခဲ့မိလေသည်။ လမ်းတွင် အိမ်တော်စိုးကြီး ဒေါ်အိုစာနှင့် ဝင်တိုးမိ၏။

"ဟင်း ဘယ်လိုဖြစ်လာရတာလဲ၊ အရှက်ကင်းမဲ့လိုက်တာ၊ မလုံတလုံအဝတ်အစားတွေနဲ့ အနက်ရောင်စံအိမ်ကြီးထဲ





ရှိနေတဲ့ ယောကျ်ားတွေတော့ ဒုက္ခပါပဲ"

ဘုံ ဘာတစ်ခုမှ တုံ့ပြန်ပြောဆိုမနေတော့ဘဲ အိပ်ခန်းထဲအထိ ဆက်၍ပြေးလာခဲ့မိလေသည်။ အခန်းထဲရောက်မှ တံခါးကို အသေပိတ်လိုက်ပြီး အိပ်ရာပေါ်သို့ တစ်ယောက်ယောက် ဝင်လာမှာ အကြောက်ကြီး ကြောက်ရွံ့လာရသည်။ ရှက်လိုက်တာ၊ တစ်သက်လုံး ထိန်းသိမ်းခဲ့ပြီး တန်ဖိုးကြီးမားစွာ ထားခဲ့ရတဲ့ ဘုံ့ကိုယ်ကျင့်သိက္ခာတွေ တပြားသားမှ မရှိတော့။ ကိုနေမင်းထင်ရဲ့ စွပ်စွဲပုတ်ခတ် ပြောဆိုမှုတွေက ဘုံ ခန္ဓာကိုယ်လေးအား မီးပုံတစ်ပုံထဲ တိုးဝင်မိသလို ပူပြင်းလောင်မြိုက်ခြင်း ခံနေရပါပြီလေ။ ဘုံ ဘာဆက်လုပ်ရမှာလဲ။ ဘယ်လိုရင်ဆိုင်ဖြတ်သန်းရတော့မှာလဲ။ ဆက်တည်ရာမရစွာ ကြေကွဲလာရပြီး တသိမ့်သိမ့် ရှိုက်ငိုမိနေလေသည်။

"အဟင့် ဟင့် ဟင့်"

"အဟင့်"

"အဟင့် အဟင့်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ သမီးဆောက်တည်ရာ မရတော့ပါဘူး။ သမီးကို လူ့လောကထဲမှာ တစ်ယောက်တည်း ဘာဖြစ်လို့များ ထားခဲ့ရတာလဲဟင်။ ဒေါ်လေးမှာယာဘုံလို အဒေါ်တစ်ယောက်ကိုလည်း ဘာဖြစ်လို့များ ဘုံနဲ့အတူထားခဲ့ရတာလဲ။ ကံကြမ္မာကြောင့်လား ဟင်။ ဘုံကံဆိုးမိုးမှောင် ကျတာလား။ အတိတ်ဘဝက ဝဋ်ကြွေး တွေများလား။ ဘုံ့ကို လာခေါ်ပါမေမေရယ်။ သေခြင်းတရားနဲ့ ဘုံ ရင်ဆိုင်ချင်မိတော့တယ်။'

"အဟင့် ဟင့်"

"အဟင့်"

"ဟင့် ဟင့် ဟင့်"

ငယ်စဉ်က အေးချမ်းပျော်ရွှင်ခဲ့ရတဲ့ မေမေ့ရင်ခွင်တိုး ဘုံ တမ်းတနေရသည်။ မေမေ သေဆုံးသွားတဲ့ နေ့ကစတင်၍ ကံကြမ္မာဆိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရ၏။ အားကိုးရာလည်း ကင်း ကာ ရပ်တည်နိုင်စွမ်းပင် မရှိတော့လောက်အောင် အမှောင်ထု မှာ ဖြတ်သန်းလျှောက်လှမ်းနေခဲ့ရလေသည်။





"မေမေ မေမေရယ်၊ ဘုံကြောက်တယ်၊ အရမ်းကြောက် တာပဲ၊ ဘုံ အသက်ရှင်ရမှာတောင် ကြောက်လာပြီ၊ ကြောက်လိုက် တာ၊ ဘုံ သေချင်တယ်၊ သေပါရစေ"

"အဟင့် ဟင့် အဟင့် အဟင့်"

အခန်းထဲမှာ တသိမ့်သိမ့် ကြေကွဲစွာ ရှိုက်ငိုသံလေးက ပျံ့လွင့်နေလေသည်။ ကိုယ့်ကိုယ်ကို သတ်သေဖို့လည်း ဘုံ့မှာ သတ္တိမရှိပေ။ ငိုကြွေးခြင်းကလွဲပြီး ဘုံ ဘာမှမတတ်နိုင်တော့ပါဘူး။ မျက်ရည်တွေသာ ဘုံရဲ့ အားကိုးရာဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"လာကြပါဦး၊ လာကြပါဦး ဒီမှာအစ်ကိုကြီး မလှုပ်တော့ဘူး ငြိမ်နေတယ်၊ ဘာဖြစ်တာလဲမသိဘူး"

ခေါ်မာယာဘုံရဲ့အသံက အနက်ရောင်စံအိမ်ကြီးထဲသို့ ပျံ့လွင့်သွားပြီး ထိတ်လန့်တုန်လှုပ်စွာဖြင့် မိသားစုဝင်တွေ ပြေး ထွက်လာကြလေသည်။

"လ…နေ မင်းတို့ဒက်ဒီ ဘာဖြစ်နေလဲမသိပါဘူး ခေါ်လို့လည်းမရတော့ဘူး"

နေမင်းထင်ရဲ့ ခြေလှမ်းတွေက သွက်လက်စွာဖြင့် ဒက်ဒီ အိပ်ခန်းထဲသို့ ပြေးဝင်လာခဲ့လေသည်။ အိစက်ညက်ညောနေတဲ့





နီနုရောင် ဖဲမွေ့ယာကြီးပေါ်မှာ ဒက်ဒီ လဲလျောင်းနေ၏။ မျက်ခွံ တွေပိတ်၍ ဒက်ဒီ ငြိမ်သက်နေတာကိုက ဒက်ဒီသေဆုံးသွားပြီဆို တာ နေ သိလိုက်သည်။ နေ့မျက်ဝန်းတွေက တင်းမာခက်ထန်သွား လေသည်။ ဒက်ဒီသေဆုံးသွားတာ ရိုးသားရဲ့လား။ မိထွေးဖြစ်သူ ခေါ်မြင့်မြတ်မာလာကို လုံးဝအယုံအကြည် ကင်းမဲ့နေမိ၏။

"ကယ်ကြပါဦး နေရယ်၊ လ ဒက်ဒီဘာဖြစ်နေတာလဲ၊ မမာလာ အိပ်ရာကနိုးလာတော့ အစ်ကိုကြီးကို နှိုးလို့မရတော့ဘူး"

ခင်ဗျားကြီး ယုတ်မာကောက်ကျစ်တာပဲ။ ဒေါ်မြင့်မြတ် မာလာ အသံက သနားစရာမကောင်းဘဲ မုန်းတီးစရာကောင်းလှန်း သည်။ နေ လက်သီးတွေကို တင်းတင်းကြပ်ကြပ် ဆုပ်ထားမိ၏ ဒက်ဒီသေွးရိုးသားရိုး မဖြစ်နိုင်ဘူး။ လုပ်ကြံမှုတစ်ခုပဲ။

"ဒေါက်တာလာကြည့်ပါဦး၊ အစ်ကိုကြီးကို ခေါ်လို့မရ တော့ဘူး၊ ကယ်ပါဦး ဒေါက်တာ"

သူမမျက်ဝန်းတွေက အန်ကယ်ရန်နောင့်ကို ကြည့်လိုက်မိ သည်နှင့် အသက်ဝိဉာဉ် ကင်းမဲ့သွားပြီဆိုတာ သိသည်။ ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



မာယာ ဘာတွေကြံစည်လိုက်ပြန်ပြီလဲ။ နေ့အကြည့်တွေက မာယာ နေသည်။ ဘုံပင် ရင်ဆိုင်ရမှာ ကြောက်ရွံ့တုန်လှုပ်သွားရပြီး သိမ်ငယ်သွားရ၏။ ဒါပေမယ့်လည်း စိတ်ကိုထိန်းချုပ်လိုက်ပြီး အန်ကယ်ရန်နောင်အား စမ်းသပ်စစ်ဆေးလိုက်ရသည်။

"ဆုံးသွားပြီ"

"ဟင်"

"အမလေး သေချာလို့လား ဒေါက်တာရယ်၊ သေသေ ချာချာစစ်ဆေးပါဦး၊ မဖြစ်နိုင်ပါဘူး၊ အစ်ကိုကြီး ညကအကောင်း ပါ"

ဒေါ်လေးမာယာအကြောင်းကို ဘုံ အသိဆုံးဖြစ်သည်။ ဘုံ့ကိုကြည့်တဲ့ ဒေါ်လေးမာယာရဲ့ အကြည့်တွေက စူးရှလွန်းနေ၏ အမိပွါယ်တွေ မြောက်မြားစွာ ရောယှက်စီးဝင်နေသည်။

"သေချာပါတယ်၊ ဆုံးသွားပါပြီ အန်တီမာယာ အန်ကယ်ရန်နောင့်မှာ အသက်မရှိတော့ပါဘူး"

"အမလေး အစ်ကိုကြီးရယ် မာလာ အားကိုးရာမဲ့ပါပြီ





ဘယ်လိုလုပ်ရမလဲဟင်၊ မဖြစ်နိုင်ပါဘူး သေသေချာချာ စစ်ဆေးပါဦး ဒေါက်တာရယ်၊ ဆေးရုံပို့ရအောင်လုပ်ကြပါ၊ ဘာငိုင်နေကြတာလဲ၊ ဆေးရုံပို့မယ်"

ဒေါ်လေးမာယာကတော့ အကယ်ဒမီရှေ့ပဲ။ ဘုံ စိတ်ပျက်နေမိလေသည်။ အန်ကယ်ရန်နောင်မှာ ဒဏ်ရာမတွေ့ရပေ။ ရုတ်တရက် သေရတဲ့နည်းလမ်းတွေက အများကြီးရှိနေတတ်တာပဲ။

"အန်ကယ်ရန်နောင်ကတော့ အသက်မရှိတော့ပါဘူး၊ အဲဒါသေချာပါတယ် အန်တီ၊ ကြိုက်သလိုသာ လုပ်ကြပါတော့"

နေ့အကြည့်တွေက သူမထံ ခါးသီးမုန်းတီးစွာ ဆတ်ခနဲ ရောက်လာပြီး အကြည့်ကို ပြန်လွှဲပစ်လိုက်၏။ ရှင် ရှင် ကျွန်မကို ယုံသင်္ကာဖြစ်ရပြန်ပြီပဲ။ ကျွန်မနဲ့ ဒေါ်မြင့်မြတ်မာလာတို့ ပူးပေါင်းကြံစည်မှုလို့ ရှင်သတ်မှတ်လိုက်ပြီ မဟုတ်လား။

"ဒေါက်တာ ကျွန်မယောကျ်ား ဘာဖြစ်လို့ ဆုံးရတာလဲ၊ ဒဏ်ရာဒဏ်ချက်လည်း မရှိပါဘူးနော်၊ သေသေချာချာ စစ်ဆေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



''ပြင်ပဒဏ်ရာဒဏ်ချက်တော့ မရှိပါဘူး အန်တီမာလာ ကျွန်တာတော့ ကျွန်မဆုံးဖြတ်လို့ မရပါဘူး၊ သက်ဆိုင်ရာကိုပဲ တင်ပြပြီး စစ်ဆေးပါ''

ဆေးရုံကိုပို့ပြီး စစ်ဆေးဖို့တော့ အရိပ်အမြွက် ပြောလိုက်မိသည်။ ဒေါ်လေးမာယာက မျက်ထောက်နီကြီးနှင့် ကြည့်လိုက်သည်။ နေရဲ့အကြည့်နှင့် ဒေါ်လေးမာယာတို့ရဲ့ အကြည့်တွေကြားမှာ ဘုံ့ကိုယ်လေး ပြာဖြစ်သွားတော့မလားပါပဲ။

''ဘုံ့ကို ခွင့်ပြုပါဦး၊ ကျွန်တာတွေကတော့ မိသားစုဝင်တွေရဲ့ ဆန္ဒအတိုင်းပါပဲ''

အနက်ရောင်မိသားစုဝင်တွေရဲ့ ရှေ့မှောက်မှာ ဘုံ ဆက်ပြီး ရပ်တည်နိုင်စွမ်းပင် မရှိတော့ပေ။ ဘွားမဟာဆန်လည်း ရောက်ရှိလာသည်။

''သားဆုံးသွားပြီ ဟုတ်လား မာလာ၊ ဘယ်လိုဖြစ်ရတာလဲ၊ ညကပဲ မယ်မယ့်ဆီရောက်လာခဲ့တာပါ၊ စကားတွေပြောခဲ့တယ်၊ မာလာ့ကိုပဲ တစ်သက်လုံး သစ္စာရှိရှိချစ်ပြီး သား လိမ်လိမ္မာမာနေပါတော့မယ်တဲ့၊ ဒေါက်တာ ဘယ်မှာလဲ ဒေါက်တာ မေဗ္ဗာဘုံ၊ ဘွားသားကို စစ်ဆေးပါဦး''

''စိတ်ကိုဖြေပါ ဘွား၊ အန်ကယ်တကယ်ပဲ သေဆုံးသွားပါပြီ''

သူမကတော့ အနက်ရောင်မိသားစုဝင် ရှေ့ကနေ ထွက်လာခဲ့လေသည်။ အနက်ရောင်စံအိမ်ကြီးရဲ့ အရှုပ်အထွေးက စတင်ပါပြီ။ ဒေါ်လေးမာယာရဲ့ ကြောက်စရာကောင်းလွန်းတဲ့ ထိုးနှက်ချက်တွေ အကောက်ကြံမှုတွေအောက်မှာ အနက်ရောင်စံအိမ်ကြီး နစ်မြုပ်ရတော့မည်ဖြစ်၏။ ဘုံ ကယ်တင်နိုင်စွမ်းရှိပါ့မလား။ ဒေါ်လေးမာယာကို ဆန့်ကျင်နိုင်တဲ့ အင်အားတွေရှိမနေပေ။ ဘာတွေဆက်ဖြစ်လာမှာလဲ။ ချောက်ကမ္ဘားကြီးတစ်ခုအစွန်းမှာ အနက်ရောင်စံအိမ်ကြီးရဲ့ မိသားစုဝင်တွေ ရပ်တည်နေရပြီဖြစ်သည်။ ဒေါ်လေးမာယာက ချုပ်ကိုင်တော့မှာ သေချာနေ၏။ ဘုံ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့ပြီး စားပွဲမှာ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်မိလျက်သားဖြစ်နေသည်။






www.burmeseclassic.com

www.burmeseclassic.com



"ဘုံ"

"ဟင်"

ဒေါ်လေးမာယာဘုံ အနားကိုရောက်လာသည်။ အကြည့် ချင်း မဆုံချင်ပေ။ ကြောက်တယ်။ ဘုံ စိတ်တွေက တုန်လှုပ် ချောက်ချားလာရ၏။ ဒါပေမယ့် ဘုံ ရှောင်လွှဲလို့မရနိုင်သော မျက်တောင်ကော့တွေကို အနိုင်နိုင်ပင့်တင်ပြီး ဒေါ်လေးမာယာ ကြည့်လိုက်ရသည်။

"ညည်း ဘာဖြစ်လို့ အမူအရာပျက်နေရတာလဲ၊ ဆေး ကိုပို့ပြီး စစ်ဆေးဖို့ အကြံဉာဏ်ပေးတာမဟုတ်လား"

ဘုံမှာ အင်အားတွေမရှိတော့ပါဘူး။ နှုတ်ခမ်းတွေ ထိန်းချုပ်၍မရအောင် တဆတ်ဆတ်တုန်ရီနေသည်။ ဘုံက လူ ရဲ့အသက်ကို ကယ်တင်စောင့်ရှောက်ပေးရတဲ့ ဆရာဝန်မလေး သနားကြင်နာမှုတွေနဲ့ ဘုံ နှလုံးသားတွေက တည်ဆောက်ဖွဲ့စည်း ထားခဲ့တာပါ။ ဘုံက ဒေါ်လေးမာယာဘုံရဲ့ အကောက်ကြံစည် တွေကို သိသိကြီးနှင့် အားပေးကူညီနေရသည်။





"ကိုရန်နောင်က သူ့ဟာသူ သဘောရိုးနဲ့ဆုံးတာပါအေ၊ မင်းထင်က ပေါက်ကွဲသောင်းကျမ်းနေတယ်၊ တစ်နေ့တော့ မာယာဘုံအကြောင်း ကောင်းကောင်းသိရမယ်လေ"

အန်ကယ်ရန်နောင်ရဲ့ အလောင်းကို ဆေးရုံပို့ပြီး စစ်ဆေး ဆိုတာ မဖြစ်နိုင်ကြောင်း ဒေါ်လေးမာယာက သိနေသည်။ အနက် ရောင်စံအိမ်ကြီးထဲက လူတွေအားလုံး ပတ်ဝန်းကျင်နှင့် ရှုပ်ရှုပ်ထွေး ထွေး မနေကြပေ။ ရိုးသားမှုတော့ ရှိကြပါတယ်။ မိသားစုဝင်တွေ ရဲ့ ကံကြမ္မာမုန်တိုင်းကြောင့်ပဲ မဟုတ်လား။

"ညည်း...ကျုပ်ဘက်မှာပဲရပ်စမ်းပါ မေတ္တာဘုံ၊ ငါက ငယ်အဒေါ်လေ၊ ငါ့ကို နင် ထောင်ထဲပို့မလို့လား၊ နင့်အတွက် ငါက အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးနေတာပါ"

ဘုံ ဘာမှဆက်ပြီး မကြားလိုတော့ပေ။ ရင်ထဲမှာ မောပန်း ...န်ရှိုက်ခါနေသည်။ မျက်ရည်တွေက မျက်ဝန်းတွေထဲမှာ ...ည့်အိုင်နေ၏။ ဒါဟာ ရှောင်လွှဲလို့မရတဲ့ ကံကြမ္မာပဲလား။

"နောက်ဆုံးတော့ ကျုပ်ပဲနိုင်မှာပါဘုံရယ်၊ ညည်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ပဲ ပူးပေါင်းစမ်းပါအေ၊ နေမင်းထင်ကိုပဲ ညည်း ချုပ်ကိုင်နိုင်ဖို့ ကြိုးစားစမ်းပါ"

အနက်ရောင်စံအိမ်ကြီးရဲ့ မိသားစုဝင်တွေ ဒေါ်လေးမာယာဘုံရဲ့ ခြေဖဝါးအောက် ပြားပြားဝပ် သက်ဆင်းသွားကြရသည်။ ဘွားမဟာဆန်ကြောင့်ပါပဲ။

"မြေးနေ ဘာဖြစ်လို့ မဟုတ်မဟတ်တွေ စွပ်စွဲချင်နေရတာလဲ၊ ဒေါက်တာမေတ္တာဘုံကို ဘွားယုံတယ်၊ စေတနာမေတ္တာကြီးမားတဲ့ ဆရာဝန်မလေးပါ၊ ဒီဆရာဝန်မလေးရဲ့ အဆုံးအဖြတ်ပဲ ယူမယ်၊ ဒေါက်တာ သားက သွေးရိုးသားရိုး သေဆုံးတာမဟုတ်လား"

ဘုံ့အနေနှင့် စာဒကတက်စရာအကြောင်း မရှိတော့ပေ။ ဒေါ်လေးမာယာဘုံကို ဆန့်ကျင်နိုင်စွမ်းမှ မရှိတာပဲ။ ဘွားမဟာဆန်ရဲ့ ယုံကြည်မှုတွေအတွက် ဘုံ့နှလုံးသားတွေ ကွဲအက်မတတ်နာကျင်ခံစားနေရသည်။

"ဟုတ်ကဲ့"





"မဖြစ်နိုင်ဘူး ဘွား၊ နေ လုံးဝလက်မခံနိုင်ဘူး၊ ဒီဆရာဝန်မကိုလည်း နေ မယုံကြည်ဘူး၊ ဒက်ဒီကို ဆေးရုံခေါ်သွားမယ်"

"ထားလိုက်ပါတော့ မြေးနေရယ်၊ သေတဲ့လူက သေပြီပဲ၊ ကျန်ခဲ့တဲ့မိသားစုဝင်တွေ စိတ်ဝမ်းကွဲပြီး ရှုပ်ထွေးသွားအောင် မလုပ်ပါနဲ့တော့၊ ဘွား အသက်ကြီးပါပြီ၊ အလောင်းကို သင်္ဂြိုလ်ဖို့ပဲ စီစဉ်တော့"

ဘွားမဟာဆန်ရဲ့ အဆုံးအဖြတ်ပဲ အတည်ဖြစ်သွားရလေသည်။ ဒေါ်လေးမာယာဘုံရဲ့ မာယာညွှတ်ကွင်းထဲမှာ ဘွားမဟာဆန် တိုးဝင်ငြိတွယ်သွားရ၏။

"မာလာကိုယုံတယ်၊ မင်းဒက်ဒီရဲ့ အချစ်ဆုံးမိန်းမပဲ နေ၊ ဒေါသတွေကို ထိန်းစမ်းပါ၊ နောက်ပိုင်း စီစဉ်စရာတွေ အများကြီးပဲ လောလောဆယ်တော့ စည်းလုံးညီညွှတ်ကြစမ်းပါကွယ်"

အိမ်တော်ဝန်ထမ်းတွေကို အသုဘကိစ္စ စီစဉ်စေသည်။ ဒေါ်လေးမာယာဘုံနှင့် သူမအပေါ် ဝါးမြိုလောင်မြိုက်တော့ မီးတောက်တွေလို ရဲရဲတောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘွား အသက်ကြီးပါပြီ၊ စိတ်အေးချမ်းသာနေပါရစေ တော့ မြေးနေရယ်၊ မင်းဒက်ဒီကြောင့် ဘွား တစ်သက်လုံး စိတ် သောကတွေ ခံစားခဲ့ရတယ်၊ အဆုံးသတ်ကြပါတော့"

နေက အခန်းထဲမှ ချာခနဲ လှည့်ထွက်သွားသည်။ လက တော့ ခံစားချက်ကင်းမဲ့သလို ရပ်နေ၏။ အနက်ရောင်စံအိမ်ကြီး ရဲ့ မိသားစုဝင်တွေက လက်ကို တိုင်ပင်ခြင်းလည်းမရှိကြ။

"လ"

"ပြောပါဘွား"

"မင်းဒက်ဒီရဲ့ အလောင်းကို အုတ်ဂူလုပ်ဖို့ မင်းပဲ ခေါင်း ဆောင်စီစဉ်ပါ၊ ချွေးမမာလာရဲ့ ဆန္ဒလည်း အဓိကဖြစ်ပါစေ"

"ဟုတ်ကဲ့ပါဘွား"

"မအိုစာ"

"ရှင်"

"ဘယ်သူမှ မကျေနပ်မဖြစ်ကြနဲ့၊ သေတဲ့လူက သေပြီပဲ ကျန်တဲ့လူတွေ အရေးကြီးတယ်၊ ငါ့ကိုလိုက်ပို့စမ်း"





ဘွားမဟာဆန်ရဲ့လက်ကို တွဲခေါ်သွားရင် ဘုံကို မကျေ နပ်နှင့် ကြည့်သွားသေးသည်။ ဒေါ်လေးမာယာဘုံကတော့ တာခမ်းသားတွေ တွန့်မဲ့သွားအောင် ပြုံးလိုက်၏။ အခန်းထဲမှာ ဘယ်သူမှမရှိတော့ဘဲ ဘုံလည်း အပြင်သို့ ပြန်၍ထွက်လာခဲ့လေ သည်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဒေါ်လေးမာယာဘုံကို မသက်ာဖြစ်တဲ့သူတွေထဲတွင် ဘုံ လည်း ပါဝင်နေလေသည်။ ဘွားမဟာဆန်နှင့် နေ့ကို ဘုံ စိတ်ပူထ နေရ၏။ ဒေါ်လေးမာယာဘုံကို အနှောင့်အယှက် ပေးနေသူတွေ ဖြစ်နေသည်။ ဘွားမဟာဆန်ကိုတော့ ဘုံ အကာအကွယ်ပေးရမယ် ဦးရန်နောင်ကို သဂြိုလ်ပြီး၍ ကိစ္စကအေးသွားသည်။ ဘွားမဟာ ဆန်က မိသားစုဝင်တွေ ငြိမ်းငြိမ်းချမ်းချမ်း တစ်လပြည့်အောင် နေပေးပါဆို၍ အခြေအနေတွေက ငြိမ်သက်သလိုဖြစ်နေရသည်။

"ဘုံ"

"ဟင် ရှင် ရှင်"





"ကိုယ့်ကို ဘာဖြစ်လို့ ကြောက်နေရတာလဲ ဘုံရယ်၊ ...ကို တွေ့ရဖို့ အခြေအနေကို စောင့်နေရတာပါ"

ဘုံ ဘွားမဟာဆန် အခန်းကိုအသွားတွင် လမင်းသာနှင့် ...သည်။ ဒေါ်လေးမာယာဘုံက ပြင်းထန်စွာ တားဆီးထား၍ ... စကားပြောရမှာပင် ကြောက်ရွံ့နေရ၏။ လက သူ့မအားရှေ့မှ ...ားဆီးပိတ်ကာ...ားလေသည်။

"ဘုံ"

"လောလောဆယ်မှာ ငြိမ်းငြိမ်းချမ်းချမ်းလေးနေပါ လ၊ ...ယ်ရေးကိုယ်တာကိစ္စတွေအားလုံး ခဏရပ်ထားသင့်ပါတယ်၊ ဘုံ ...က်ကလည်း လကို မိတ်ဆွေတစ်ယောက်အဖြစ်ပဲ ခင်မင်ပါရ ...။"

"ဘုံ"

သူ့လက်တွေက ဘုံ့လက်လေးအား ဆတ်ခနဲ ဆွဲယူဆုပ် ...င်လိုက်သဖြင့် ဘုံ အထိတ်တလန့်ဖြင့် ရုန်းဖယ်ပစ်မိလေသည်။

"ကိုယ့်ကို ဘာဖြစ်လို့ ရှောင်ဖယ်ချင်ရတာလဲဘုံ၊ မ...



www.burmeseclassic.com

www.burmeseclassic.com



မတန်လို့လား''

''မဟုတ်ပါဘူး လရယ်၊ ဘုံက အချစ်အကြောင်းတွေကို မစဉ်းစားချင်တာပါ''

''ဘုံ''

''ဖယ်''

''မဖယ်ဘူးကွာ ဘုံ့ကို ကိုယ်ချစ်တာ ၊ ကိုယ့်ဘဝကို နားလည်ပေးပါ ဘုံရယ်၊ ကိုယ့်အချစ်တွေကို ဘုံ လက်ခံပေးပါ''

''မဖြစ်နိုင်ပါဘူး၊ လကို ဘုံ မချစ်နိုင်ပါဘူး၊ ဘုံ အဖြစ် သားဆုံး ငြင်းဆန်ပါရစေ''

''မရဘူး ဘုံ၊ မင်းကို ကိုယ်ပိုင်ဆိုင်ရမှဖြစ်မယ်၊ ကိုယ့် အချစ်တွေကို လက်ခံပေးပါဘုံရယ်၊ ဘုံ ဥပေက္ခာပြုတာကို ကိုယ် လုံးဝလက်မခံနိုင်ဘူးကွာ၊ ကိုယ့်ဘဝက အနိမ့်ခံဘဝဖြစ်နေလို့ ဘုံ အထင်မကြီးတာလား၊ ကိုယ် အမွေရမှာပါ၊ ဘွားကပေးမယ် ဘုံက ကိုယ်အချစ်မြတ်နိုးဆုံး မိန်းကလေးပါ၊ ကိုယ်မင်းကို လုံး မစွန့်လွှတ်နိုင်ဘူး''





ဘုံ့အချစ်တွေကိုရဖို့ လ အစွမ်းကုန် ကြိုးစားရမယ်။ မဖြစ်ဘူး၊ ဘုံ့ကို လုံးဝမစွန့်လွှတ်နိုင်ပါဘူး။ ချစ်သောဘုံရဲ့ ကိုယ် လေးကိုဖက်ဖို့ ကြိုးစားနေစဉ် ဘုံက အတင်းရုန်းဖယ်ပစ်လေသည်။

''ဒေါက်တာ''

''ဟင်''

ဒေါ်လေးမာယာဘုံရဲ့ မျက်လုံးအကြည့်တွေက ဒေါသ တွေနှင့် ဝင်းဝင်းတောက်နေလေသည်။ ဘုံ ရုန်းဖယ်နေတာ ဒေါ်လေးမြင်မှာပါပဲ။

''လရယ် ဒေါက်တာက နေ့ကိုချစ်နေတာပါ၊ လကို ဘယ်လိုလုပ်ပြီး စိတ်ဝင်စားမှာလဲလို့''

ဒေါ်လေးမာယာဘုံရဲ့ စကားတွေကြောင့် ဘုံ မကျေမနပ် ဖြစ်သွားရပေမယ့် အမှန်တရားကို ဖွင့်ဟပြောဆိုရန် မဖြစ်နိုင်ပေ။ ဘုံ အနားကနေ ချာခနဲ လှည့်ထွက်လာခဲ့မိလေသည်။ ဘွားမဟာ ဆန်ရဲ့ အခန်းထဲ ရောက်တဲ့အထိ တုန်ရီလှိုက်မောနေရ၏။ အခန်းထဲ အမန်းကတမ်း ဝင်လာစဉ် နေ့ကိုတွေ့တော့ ပိုပြီးထိတ်လန့်ရ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်သွားရလေသည်။

"မေတ္တာဘုံလေး လာပြီလား၊ ဘွား စောင့်နေတာ ဒီနေ့ ခေါင်းတွေနည်းနည်းအုံနေတယ်"

ဘုံ စကားမပြောနိုင်သေးဘဲ အသက်ကို ပြင်းပြင်း ရှူသွင်းနေရသည်။ ဘွားမဟာဆန်ကတော့ မမြင်ရပေ။ နေ တွေ့လိုက်ရတော့ ဘုံ ပို၍ပင် ချောက်ချားတုန်ရီသွားရ၏။

"မြေးနေ"

"ဗျာ ဘွား"

"နေဦးနော်၊ ဘွား နေမကောင်းဘူး၊ မြေးနေ အနား နေပေးပါဦး"

"ဟုတ်ကဲ့"

နေကတော့ ဒေါက်တာမေတ္တာဘုံနှင့် ရင်မဆိုင်ချင် ဒက်ဒီဆုံးသွားရတာ နေ လုံးဝမကျေနပ်မိ။ ဘွားမဟာဆန် တစ်လလောက် ငြိမ်းချမ်းစွာနေပေးပါဆို၍ နေစိတ်ကို ထိန်းချုပ် နေရသည်။ ကြည့်လေ ဒီမိန်းမ ဘာတွေဖြစ်လာရတာလဲ။ သူ





တွေ့တော့ တုန်ရီချောက်ချားနေပုံရ၏။ ဘာမဟုတ်တာတွေ လုပ် လာလဲ။ ဘွားကိုပင် စိတ်မချရပေ။ ဒါကြောင့်လည်း ဘွားမဟာ ဆန်အား နေ ဂရုတစိုက် စောင့်ရှောက်နေရလေသည်။

"ဒေါက်တာ"

"ရှင်"

"အဘွား ကျန်းမာရေးအခြေအနေကို အမြန်ဆုံးစစ်ဆေး ပါ"

"မြေးနေရယ် ဖြည်းဖြည်းပေါ့ကွယ်၊ မြေးနေလေသံကြီး က မာလိုက်တာ၊ ဘွားအနားမှာ ဒေါက်တာမရှိလို့ မဖြစ်ဘူးလေ"

"စစ်ဆေးပါ ဒေါက်တာ၊ ကျုပ် အလုပ်ကိစ္စအတွက် သွားစရာရှိလို့ပါ"

"ဟုတ်ကဲ့၊ ဘုံ အခုပဲစစ်ဆေးပေးပါ့မယ်"

ဘုံ ဆေးအိတ်ကိုဖွင့်ပြီး နားကြပ်လေးကို ထုတ်ယူလိုက် သည်။ ဒုက္ခပါပဲ၊ ဘုံ့စိတ်တွေ မငြိမ်သက်သေးဘူး။ တုန်ရီချင်နေ သေး၏။ ရှင့်မျက်လုံးတွေက ဘုံ့ကို မသင်္ကာနေတာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မာထန်နေသည်။ ဘုံ သတ္တိမွေးလိုက်၏။ ဘုံမှမဟုတ်တာ ဒေါ်လေးမာယာဘုံရေ နေမင်းထင်ဆိုတဲ့လူကို ဘုံ ဘယ်လိုနည်းမှ ဖြားယောင်းသွေးဆောင်နိုင်မှာ မဟုတ်ပါဘူး။ သူ သူက ဘုံ့ လူသတ်သမားလို့တောင် ထင်နေမလားပဲ။ ဘုံ စိတ်မလုံမလဲ သူ့ကိုကြည့်မိသွားတော့ နာကြည်းမုန်းတီးနေတဲ့ သူ မျက်ထောင့်နီတွေနှင့် ဆုံမိသွားရသည်။ ဘွားမဟာဆန်ကိုပဲ သွေးပေါင်ချိန်တိုင်းရင်း နားကြပ်လေးနှင့် နှလုံးခုန်နှုန်းတိုင်းတာရင်း စိတ်တွေ ထိန်းချုပ်နေရ၏။ ဘွားမဟာဆန် သွေးတိုးနေတယ်။ နှလုံးခုန်သံ တော့ မှန်ပါတယ်။ မလွဲသာမရှောင်သာ၍ သူ့ကို ရင်ဆိုင်ကြည့်လိုက်ရလေသည်။

“ဘွား သွေးနည်းနည်းတိုးနေပါတယ်၊ နှလုံးခုန်နှုန်း တော့ ကောင်းပါတယ်၊ ဘွားစိတ်ကို ငြိမ်ငြိမ်ထားပါနော်၊ ဆေးတစ်လုံးထိုးပေးပါ့မယ်၊ ခဏနေရင် ကောင်းသွားမှာပါ”

“ကျေးဇူးပါပဲ မေတ္တာဘုံလေးရယ် ဘွားမဟာဆန် ထားခဲ့ပြီးတော့ အနက်ရောင်စံအိမ်ကြီးထဲကနေ ထွက်မသွားရဲနော်”





“ဟုတ်ကဲ့ပါဘွားရယ်၊ မိဘမဲ့တစ်ကောင်ကြွက် ဘုံ့ဘဝမှာ ဘွားကို အဘွားတစ်ယောက်လိုပဲ သံယောဇဉ်တွယ်နေမိပါတယ်လေ”

သူ ယုံချင်မှယုံ မယုံချင်နေပါစေ ဘုံ့ရင်ထဲမှ ဖြစ်သန်းစီးဆင်းလာသော သံယောဇဉ်စကားတွေကို တိုးတိတ်ညင်သာစွာ ပြောလိုက်မိလေသည်။ ဘွားမဟာဆန်အား ဆေးထိုးပေးပြီး သူ့အနားမှာ မနေချင်တော့သဖြင့် အခန်းထဲမှ သွက်သွက်လေး ထွက်လာခဲ့မိလေသည်။

“ဒေါက်တာမေတ္တာဘုံ”

“ရှင်”

သူ အနောက်မှကပ်ပါလာပြီး လသာဆောင်နားမှာ ဆုံမိလေသည်။ သူ့အကြည့်တွေက ဘုံ့ခန္ဓာကိုယ်လေးတစ်ခုလုံး ပြာကျသွားတော့မတတ် ဒေါသတွေ ဝင်းတောက်နေ၏။ ဘုံ ခန္ဓာကိုယ်လေး ယိုင်ခွေကျသွားချင်လာရသည်။

“ငါ့အဘွား သွေးနည်းနည်းလေးတိုးနေတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲလား၊ အားလုံး အခြေအနေကောင်းတယ်ဆိုတာရော အမှန်ပဲလား၊ မင်းကို ငါမယုံဘူး၊ မင်း ဒေါ်မြင့်မြတ်မာလာနဲ့ ပေါင်းပြီး ငါ့ဒက်ဒီကို သတ်လိုက်ကြတာပဲ"

"ရှင်"

"ဘာရှင်လဲ၊ အခု မင်းကြောက်နေတယ်၊ ဘာကိုကြောက်နေတာလဲ၊ မင်းစိတ်တွေ အရမ်းလှုပ်ရှားနေတယ်၊ မင်းမဟုတ်တာ တစ်ခုခုတော့ လုပ်လာခဲ့တယ်မဟုတ်လား"

ဘုံ့ကို သူ စားတော့ဝါးတော့မတတ် မာထန်စူးရှတဲ့ အကြည့်တွေနှင့် ကြည့်နေလေသည်။ လူသတ်တရားခံတဲ့။ ဘုံ လဲပြိုချင်သွားရ၏။ ဘုံ လူသတ်တရားခံမဟုတ်ပါဘူး။ ဘုံ့မှာ ရှင်ထင်သလောက် ယုတ်မာကောက်ကျစ်ပြီး ရက်စက်တဲ့ နှလုံးသားတွေ မပိုင်ဆိုင်ထားပါဘူး။ ကံကြမ္မာကြောင့် ဒေါ်လေးမာယာကြောင့်။ ဘုရားရေ ဘုံ ရပ်တည်နိုင်စွမ်း မရှိတော့ပါဘူး။ နှလုံးသားတွေက ပွဲကြွေပြုတ်ကျမတတ် တုန်ခါနေ၏။ ဘုံ ဘယ်လိုရှင်းပြရမလဲ။ ကိုနေမင်းထင်ရဲ့ မျက်ဝန်းတွေထဲက အမုန်းတွေ





စက်ဆုတ်ရွံရှာနေမှုတွေ အထင်သေးနေတဲ့ အရိပ်တွေကို ဖယ်ရှားပစ်ချင်လိုက်တာ။ ဘုံ့မျက်ဝန်းတွေ ပြာဝေသွားရလေသည်။

"အမလေး"

"ဟာ"

ဒေါက်တာမေတ္တာဘုံ ပြိုလဲကျသွားသဖြင့် သူ အထိတ်တလန့်နှင့် လျင်မြန်စွာ ပွေ့ပိုက်ယူလိုက်ရသည်။ လသာဆောင်ရဲ့ ဝရန်တာမှာဖြစ်၍ ဒေါက်တာမေတ္တာဘုံ အောက်သို့ ပြုတ်ကျသွားတော့မလို ဖြစ်သွား၍ သူ လျင်မြန်စွာ ဆွဲယူထွေးပွေ့လိုက်နိုင်၍သာ ကံကောင်းသွားရလေသည်။ နွေးထွေးတဲ့ ကိုယ်လုံးအိအိထွေးထွေးလေးက သူ့ရင်ခွင်ထဲမှာ လဲပြိုကျလာ၏။ နေ ဘာဖြစ်လို့များ စိုးရိမ်စိတ်တွေနှင့် အထိတ်တလန့် ဖြစ်သွားရပြီး ဒေါက်တာမေတ္တာဘုံ ခန္ဓာကိုယ်အိအိလေးအား သူ့လက်တွေနှင့် စိုးရိမ်တကြီး ပွေ့ဖက်ထားမိလျက်သား ဖြစ်နေသည်။

"ဒေါက်တာမေတ္တာဘုံ မင်းဟန်ဆောင်နေတာ မဟုတ်လား၊ မင်း မာယာများနေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာနှင့် အနီးကပ်ရှိနေသော ဒေါက်တာမေတ္တာဘုံရဲ့ မျက်နှာလေးသည် ဟန်ဆောင်နေခြင်းမဟုတ်ဘဲ အသိကင်းမဲ့နေပုံပင်။ မေတ္တာဘုံ မင်းဟန်ဆောင်နေတာမဟုတ်လား။ အလကားမိန်းမပါ။ မင်းဟာမင်း ဘာပဲဖြစ်ဖြစ် ငါနဲ့ဘာဆိုင်လို့လဲ မေတ္တာဘုံ။ သူ ဒေါသတကြီးနှင့် ဒေါက်တာမေတ္တာဘုံ ကိုယ်လုံးလေးအား ပစ်ချလိုက်ဖို့ ဆုံးဖြတ်လိုက်ပေမယ့် သူ့လက်တွေက ပြေလျော့မသွားပေ။ မေတ္တာဘုံ တစ်ခုခုဖြစ်သွားရင်ဆိုတဲ့ အတွေးက အနိုင်ယူသွားရပြီး မေတ္တာဘုံ အိပ်ခန်းထဲ ဘယ်လိုဖြစ်၍ ရောက်လာမှန်းပင် မသိတော့ပေ။ သူမခန္ဓာကိုယ်လေးကို အိပ်ရာပေါ် ချထားလိုက်သည်။

"မေတ္တာဘုံ မင်းဟန်ဆောင်နေတာလား၊ ငါ့ကို မြူဆွယ် ဖြားယောင်းနေတာလား"

ဖြူစင်နုထွတ်ဝင်းပနေတဲ့ မျက်နှာလေးကို သူ စူးစိုက်ကြည့်မိသွားရလေသည်။ အခုတော့လည်း မင်းက အပြစ်ကင်းစင်နေသလိုပါပဲလား။ နှာတံချွန်ချွန်လေးရယ်၊ နှုတ်ခမ်းဖူးဖူးငုံငုံလေး





ရယ်က သူ့နှလုံးသားတွေကို လှုပ်ခတ်သွားစေပြီး အမြတ်တနိုးနမ်းရှိုက်ချင်လောက်အောင် ညို့ယူဖမ်းစားနေလေသည်။ မျက်တောင်ကော့ကော့လေးတွေက ပိတ်ပြီး အသိကင်းမဲ့နေ၏။ ဆံပင်ရှည်ရှည် ဖြောင့်ဖြောင့်စင်းစင်းလေးတွေက မိန်းမတစ်ယောက်ရဲ့ ကောင်းမြတ်ခြင်းအင်္ဂါရပ်တွေပဲ။ တဒင်္ဂအသိမဲ့သွားပြီးမှ သူ အသိတွေဝင်လာရတော့သည်။ အရာအားလုံးကို မေ့လျော့ပြီး ဒေါက်တာမေတ္တာဘုံရဲ့ ခွဲမက်စရာ အလှအပတွေအကြား နစ်မျောစီးဝင်နေခဲ့၏။ အသိဝင်လာတဲ့အချိန်တွင် ဒေါက်တာမေတ္တာဘုံအား အသိဝင်လာအောင် အမြန်ဆုံး လုပ်ဆောင်ပေးဖို့ပဲ ဆန္ဒတွေစောပြီး သူမခန္ဓာကိုယ်လေးအား လှုပ်နှိုးဖို့ ပြင်လိုက်မိသည်။

"နေ"

"ဟင်"

"ဒေါက်တာ ဘာဖြစ်တာလဲ၊ နေနဲ့ဒေါက်တာ ဘာတွေဖြစ်နေကြတာလဲ"

ဒေါ်မြင့်မြတ်မာလာအသံကြောင့် နေ စိတ်တွေ ဒေါသတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်တောက်လောင်လာပြီး ဒေါက်တာဘုံ အခန်းထဲမှ ပြန်ထွက်လာခဲ့မိလေသည်။



## အခန်း (၁၈)

"မေတ္တာဘုံ ညည်း ဘယ်လိုဖြစ်သွားရတာလဲ၊ ဒီတစ်ခါ ညည်း အကယ်ဒမီရှော့ပဲလေ၊ နေ့ကိုကြည့်ရတာ အရမ်းစိတ်ပူနေတဲ့ ပဲ၊ ညည်းကို နမ်းတော့မလို့သိလား"

"ဟင်"

သူ့ကိုကြောက်ပြီး ဘုံ တကယ်ပဲ သတိလစ်မေ့မျောသွားရ တယ်ပါ။ သတိပြန်ရလာတော့ ဒေါ်လေးမာယာကို တွေ့လိုက်ရ သည်။ ဘုံ ခန္ဓာကိုယ်လေးထဲမှ ပို၍ပင် နွမ်းလျပျော့ခွေချင်သွား ပါ။

"နေက ဒေါ်လေးမာယာနဲ့ ညည်းကို မသက်ာဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ ဘုံ ညည်းလေး အမြန်ဆုံးကြိုးစားလေ၊ နေက ညည်းကို စိတ်ဝင်စားနေပြီ"

"ဘုံ မလုပ်ချင်တော့ဘူး၊ ဘုံ အရမ်းပဲ စိတ်တွေတုန်လှုပ်ချောက်ချားနေပြီ၊ ဘုံ သေချင်တယ်၊ ကိုနေမင်းထင်က ဘုံ့ကို အရမ်းပဲ မုန်းတီးနေတာပါ"

"ဘာအေ့ ညည်းက လကိုစိတ်ဝင်စားနေလို့လား"

"မဟုတ်ပါဘူး ဒေါ်လေးရယ်၊ ဘုံ ဒီကနေထွက်သွားချင်ပြီ၊ ဘုံ မလုပ်ချင်တော့ပါဘူး"

"ညည်းဘာဖြစ်နေတာလဲ၊ အဘွားကြီးကလည်း ညည်းကိုချစ်နေပြီ၊ ယုံကြည်နေတယ်၊ နေကိုယ်တိုင် ညည်းကို စိတ်ဝင်စားနေပြီ၊ ကျုပ်သိတယ်"

"ဘုံ သေချင်တယ်"

"ညည်း ထောင်ထဲသွားနေချင်လို့လား၊ သွား အခုချက်ချင်း ညည်းကို ထောင်ထဲပို့ပစ်မယ်၊ ဘာပဲဖြစ်ဖြစ် အနက်ရောင်စံအိမ်ကြီးက ကျုပ်လက်ထဲရောက်မှာပဲ"





ဘွားမဟာဆုန်အတွက် ဘုံ စိတ်ပူတယ်။ ကိုနေမင်းထင်ကိုလည်း စိတ်မချနိုင်အောင် ဖြစ်နေရသည်။ သူတို့ကို ဘုံ အကာအကွယ်ပေးရမယ်။ ဘုံ ထွက်သွားလို့ မဖြစ်သေးပါဘူး။ ကိုနေမင်းထင်က ဘုံ့ကို အခန်းထဲအထိ ခေါ်လာခဲ့ပုံပင်။

"မေတ္တာဘုံ"

"ရှင်"

"လကိုတော့ လုံးဝထိလို့မရဘူးနော်၊ စောစောက ညည်းကို လ ဘာတွေပြောနေတာလဲ၊ လက ညည်းကို ဘယ်လောက်ပဲ စိတ်ဝင်စားပါစေ ညည်းဘက်က လုံးဝစိတ်ဝင်စားဖို့ မကြိုးစားနဲ့နော်"

"ဘုံ ဘယ်သူ့ကိုမှ စိတ်မဝင်စားပါဘူး၊ ဘုံက ဖြူစင်ရိုးသားတဲ့ ဆရာဝန်မလေးတစ်ယောက် ဖြစ်ချင်တာပါ၊ ဘုံ ရင်ဆိုင်ဖြတ်သန်းနေရတဲ့ဘဝကို အရမ်းမုန်းတီးနေပါပြီ"

ဘုံ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာရသည်။ ကိုနေမင်းထင်ကို ဘုံလည်း ချစ်မိနေပါပြီ ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



မာယာရယ်။ ရှေ့ဆက်ရမယ့် ဘုံ့ဘဝတွေက အရမ်းကြမ်းတမ်းလွန်း ပါတယ်။ ဘုံလေ မိုက်မဲစွာဖြင့် နေကို ချစ်မိနေပါတယ်။

"မျက်ရည်ကျပြမနေစမ်းပါနဲ့ မေတ္တာဘုံ၊ ကျုပ်သနား ထင်မနေနဲ့၊ ကျုပ်ကို ဆန့်ကျင်ဖို့ မစဉ်းစားနဲ့နော်၊ ကိုယ့်အခေါ ညည်းလေးကောင်းစားရေးအတွက် ကြံဖန်ပေးနေတာပါ"

ဒေါ်လေးမာယာ မရိုးသားတော့ဘူး။ အန်ကယ်ရန် သေဆုံးရတာလည်း မသင်္ကာစရာပဲ။ အခု လကို ဖြားယောင်း ဆောင်နေပြီလား။

"ညည်း အားရှိအောင်နေပါ၊ အဓိပ္ပာယ်မရှိတာတွေ မနေနဲ့၊ ကျုပ်ခိုင်းတဲ့အတိုင်းလုပ်၊ အလှအပတွေပြင်စမ်း၊ ဒီလော လှပချောမောနေတဲ့ ကျုပ်တူမလေး နေမင်းထင်လောက်တော့ အ လေးပဲ"

"ဒေါ်လေးရယ်"

ဒေါ်လေးမာယာ ပြန်ထွက်သွားမှ ဘုံ စိတ်သက်သာသ ဖြစ်သွားရလေသည်။ အနက်ရောင်စံအိမ်ရဲ့ မိသားစုတွေ





အေးချမ်းစေချင်နေမိ၏။ ဘွားမဟာဆန်ကလည်း ဒေါ်လေးမာယာ ဘုံအား ယုံကြည်အားကိုးနေသည်။ နေတစ်ယောက်ပဲ မသင်္ကာ ဖြစ်နေ၏။ ပြဿနာတွေက ပို၍ပင် ရှုပ်ထွေးလာတော့မည်ဖြစ်၏။ ဘုံကတော့ ဘွားမဟာဆန်ကိုတော့ စောင့်ရှောက်ကာကွယ်ပေးရ မယ်။ ဘုံ ကျွန်းမာမှဖြစ်မယ်။ စိတ်တွေ အားလျှော့နေလို့မဖြစ်ပါ ဘူး။ ဘွားမဟာဆန် သွေးတိုးနေတယ်။ ဘုံ သွားကြည့်မှဖြစ်မှာ ပါ။ ရှင်ဘယ်လောက်ပဲ ဘုံ့ကို မသင်္ကာဖြစ်နေပါစေ တစ်နေ့ကျရင် တော့ မှန်ကန်တဲ့ အဖြေတစ်ခု ထွက်လာမှာပါ။

ဘုံ အိပ်ရာမှ လူးလဲထပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ လန်းဆန်းသွားအောင် ရေချိုးအဝတ်အစားတွေ လဲလိုက်၏။ အနက် ရောင်စံအိမ်ကြီးထဲမှာ နေရတာ လမင်းသာရဲ့ရန်ကိုလည်း ကြောက် ရသေးတယ်။ ဒေါ်လေးမာယာဘုံက ချောင်းနေတာပါ။ လ ရှင့်ကို ကျွန်မ စိတ်မဝင်စားပါဘူး။ ချစ်လည်းမချစ်ဘူး။ ဘုံ့နှလုံးသားတွေ က တကယ့်ကို ခန့်မှန်းရခက်အောင်ပဲ နေကိုပဲ စိတ်ဝင်စားနေမိ သည်။ နေရယ် ဘုံဟာ ရှင်ထင်ထားသလို ယုတ်မာကောက်ကျစ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ခပ်ပေါ့ပေါ့ပျက်ပျက် မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး နော်။ နောက်ဆုံးတော့ နေနှင့် ဘွားမဟာဆန်ကို ကာကွယ်ရန် ဘုံ ဆုံးဖြတ်ထားမိလေသည်။

"ဒေါက်တာ"

"ဟင်"

ဘုံ့အခန်းရှေ့မှာ မညိုပြာက စားသောက်စရာတွေ ထည့်ထားတဲ့ ဗန်းလေးကိုင်ပြီး ရပ်နေသည်။

"ဒေါက်တာ အပြင်သွားတော့မလို့လား"

"ဟုတ်ပါတယ် မညိုပြာ"

"ကျွန်မ ဒေါက်တာ့အတွက် စားစရာတွေ လာပို့တာပါ စောစောက ဒေါက်တာမူးလဲသွားတယ်မဟုတ်လားဟင်၊ အဲဒါကြောင့် ကျွန်မ စားစရာတွေ လာပို့တာပါ"

"ကျေးဇူးပါပဲ မညိုပြာ၊ ကျွန်မ နေကောင်းသွားပါပြီ"

မညိုပြာရဲ့ မျက်ဝန်းအကြည့်တွေက တစ်မျိုးပဲဟု ထင်မိနေသည်။ စူးရှလွန်းနေ၏။ ဘုံ့အပေါ် စေတနာမေတ္တာ ရှိ





ဘာတော့ မဖြစ်နိုင်ပေ။ မညိုပြာ ဘယ်လောက်ပဲ ဟန်ဆောင်ပြီး နေပါစေ မျက်ဝန်းမာမာတွေထဲက အရိပ်တွေကိုတော့ ဖုံးကွယ်ထားနိုင်ခြင်းမရှိပေ။ ဘုံက ပညာတတ်မိန်းကလေးတစ်ယောက်ပဲ။

"ဒေါက်တာ အအေးသောက်ပါနော်၊ မုန့်တွေလည်း စားပါ၊ ညိုပြာက ဒေါက်တာ့ကို သနားတယ်၊ ဒေါက်တာက အနက်ရောင်စံအိမ်ကြီးရဲ့ အားကိုးရာပဲမဟုတ်လား"

"ဟုတ်ကဲ့၊ စားပါ့မယ်။ ကျေးဇူးပါပဲ ညိုပြာရယ်"

"စားပါ ဒေါက်တာ၊ အားရှိအောင်လို့ပါနော်၊ ညိုပြာက စေတနာနဲ့ ကျွေးတာပါ"

"ဟုတ်ကဲ့"

ညိုပြာ ပြန်ထွက်သွားတော့သည်။ ဘုံ့စိတ်တွေက တစ်မျိုးပဲ။ ညိုပြာရဲ့ မျက်လုံးတွေက မငြိမ်မသက်နှင့် လှုပ်ရှားနေ၏။ သင်္ကာစရာပဲ။ ဘုံ့အပေါ် အမြဲတမ်း မကျေမနပ်နှင့် ရန်စောင်ချင်နေခဲ့တာပါ။ ဘုံ မသင်္ကာသဖြင့် အအေးဗူးကိုဖောက်ပြီး သွန်ကြည့်လိုက်သောအခါ အချိုရည်ထဲမှ အဖြူအနှစ်တချို့ကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟင်"

ညိုပြာက ဘုံကို သကြောင်းကြံစည်ခဲ့တာပဲ။ ထိတ်လန့် တုန်လှုပ်သွားမိလေသည်။ ဒီကိစ္စ အနက်ရောင်စံအိမ်ကြီးထဲက လူတွေကို အသိပေးလိုက်ရင်လည်း ပြဿနာတွေက ပို၍ပင် ရှုပ်ထွေးသွားစေနိုင်လေသည်။ ဒီစားစရာတွေကို ညိုပြာလာပို့သွား ထဲက မသက်သာစရာပဲ။ ညိုပြာတို့သားအမိက ဘုံကို ဘယ်တော့မှ မကြည်ဖြူကြ။ စားစရာဆိုရင်လည်း ဘုံကိုယ်တိုင် စီစဉ်စားသောက် နေရလေသည်။

"ဘုံ ဒါဘာတွေလဲ"

"ဟင် ဒေါ်လေးမာယာ"

"ဒါဘာတွေလဲ၊ စားစရာတွေပါလား၊ မွှေးနေတာပဲဟယ်၊ အအေးသောက်ချင်နေတာနဲ့ အတော်ပဲ"

"ဒေါ်လေး"

ဒေါ်လေးက စားစရာကိုယူပြီး စားဖို့ပြင်လိုက်၍ ဘုံ





တန့်တားလိုက်မိလေသည်။ ဒေါ်လေးမာယာက မျက်ခုံးတွေကို တွန့်ပြီး ကြည့်၏။ အအေးခွက်ကို သေချာစူးစိုက်ကြည့်ပြီး မျက်လုံး တွေ ပြူးသွားပြီး ဘုံကိုကြည့်သည်။

"ဟင် အအေးထဲမှာ အဖြူဖြတ်တွေက ဘာတွေလဲ၊ ဘုံ ဒီစားစရာတွေကို ဘယ်သူလာပို့သွားတာလဲ ပြောစမ်း"

ဘုံ့မျက်နှာလေး ဖြူဖတ်ဖြူရော် ဖြစ်နေ၍ ဒေါ်လေးမာယာ က မသက်သာသလို မေးလေသည်။

"ပြောလေ၊ ဒါ အဆိပ်တွေပဲ၊ ညည်း ညည်းကို သေ ကြောင်းကြံစည်တာပါ၊ ပြောလေ ဒါတွေဘယ်သူလာပို့သွားတာ လဲ"

ညိုပြာဟုပြောရမှာ ဘုံ တွန့်ဆုတ်နေမိလေသည်။ ပြဿနာတွေက အထွတ်အထိပ် ရောက်သွားနိုင်၏။ မပြောလို့လည်း ဖြစ်နိုင်ပေ။ ဒေါ်လေးမာယာက အတင်းအကြပ် မေးနေသည်။

"ဘယ်သူလဲ၊ ဒေါ်လေးကိုပြောစမ်း၊ တစ်အိမ်လုံးကို ပြဿနာရှာရမယ်၊ ငါ့တူမလေးကို ဘယ်သူသေကြောင်းကြံစည်



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

''ထားလိုက်ပါ ဒေါ်လေးရယ်၊ ဘုံ ဘာမှမဖြစ်တာပဲ''

''မရဘူး၊ အဘွားကြီးမဒိုစာလား၊ ဘယ်သူလဲ၊ ညိုပြာလား၊ ဟုတ်တယ် ညိုပြာပဲနေမှာ၊ သင်းက ကျုပ်တို့ကို မကျေနပ်ဘူး၊ ရန်လိုတဲ့ဟာမလေးပဲ၊ နင် သူတော်ကောင်းလုပ်မနေနဲ့၊ ကြည့်စမ်း ဒေါ်လေး ညည်းဆီ နောက်တစ်ခေါက် ထပ်လာလို့ပေါ့''

''ဒေါ်လေးမာယာရယ် ဒီမှာ ပြဿနာတွေတက်နေတာ မပြီးဆုံးသေးပါဘူး၊ ထားလိုက်ပါ''

''မထားဘူး၊ သင်းတို့ကို ပြဿနာရှာချင်နေတာပါ၊ မယ်မယ့်ဆီ တင်ပြပြီး မောင်းထုတ်ပစ်ရမယ် ဘုံ''

''မလုပ်ပါနဲ့ဦး မယ်မယ် သွေးတိုးနေတယ်၊ သားအတွက်လည်း စိတ်ထိခိုက်နေတယ်''

''သေပါစေ သင်းတို့တွေအားလုံး သေသွားရင် ငါတို့ စည်းစိမ်တွေရပြီပဲ၊ အနက်ရောင်စံအိမ်ကြီးထဲမှာ လ တစ်ယောက်ပဲ





ရှိနေရင် တော်ပြီ''

မာယာဘုံကတော့ ဒီအကွက်ကို စောင့်နေမှာပါ။ ဒေါ်အိုစာတို့သားအမိ အရှုပ်တွေ မာယာ့ကို မကျေနပ်သလိုနှင့် အမြဲတမ်း စောင့်ကြည့်နေလေသည်။ သင်းတို့ကို ဖယ်ရှားပစ်ရမယ်။ ဘုံတားနေသည့်ကြားမှ မာယာထွက်လာခဲ့၏။ မဒိုစာတို့ သားအမိကို ပြဿနာရှာတော့သည်။

''ကျွန်မက ဒေါက်တာ့ကို ဘာဖြစ်လို့ သေကြောင်းကြံစည်ရမှာလဲ၊ မဟုတ်တာပဲ ကျွန်မ ဘာစားစရာမှ မပို့ပါဘူး၊ ဒေါက်တာ့ဆီ ဘယ်တုန်းကမှ ဘာမှမပို့ရပါဘူး၊ ဒေါက်တာ ဘာဖြစ်လို့ ညိုပြာ့ကို အကောက်ကြံရတာလဲ၊ စားစရာတွေမပို့ပဲ ပို့တယ်ပြောရတာလဲ၊ ဒေါက်တာယုတ်မာတာပဲ''

''ဖြန်း''

''ဟင်''

''နင့်ပါးစပ်ပိတ်ထားစမ်း၊ ဒေါက်တာ့ကို ဘာဖြစ်လို့ စော်ကားရတာလဲ၊ နင်လာပို့တာမဟုတ်ဘဲ ဒေါက်တာက ပြောမ



www.burmeseclassic.com

www.burmeseclassic.com



လား၊ နင်တို့သားအမိကို အလုပ်ကထွက်ရမယ်၊ မဟုတ်ရင် နင့်ကို ထောင်ထဲပို့ပစ်ရမလား''

''မဟုတ်ဘူး၊ ကျွန်မ ဒေါက်တာ့ဆီ ဘာမှမပို့ဘူး၊ လိမ်တာ ညာတာ ညိုပြာ့ကို အကောက်ကြံတာ''

ကိုနေမင်းထင်ရဲ့ အကြည့်တွေက ဘုံ့မျက်ဝန်းတွေဆီ စူးခနဲ ရောက်လာလေသည်။ ဘုံ သေချင်လိုက်တာ။ ဒေါ်လေးမာယာက ဒေါ်အိုစာတို့ သားအမိကို ပထုတ်ချင်၍ ပြဿနာပို၍ပင် ရှာနေ၏။ ဘုံ ဘာတစ်ခုမှ တုံ့ပြန်ပြောပိုင်ခွင့် မရှိတော့ဘဲ အားလုံးကို ကျောခိုင်းပြီးသား ထွက်လာခဲ့လေသည်။



## အခန်း (၁၉)

''အစ်ကိုကြီး ညိုပြာ ဒီကနေထွက်မသွားပါရစေနဲ့၊ ဒေါက်တာ့ကို ညိုပြာ မလုပ်ကြံပါဘူး၊ ညိုပြာ မတရားအစွပ်စွဲ ခံရတာပါ''

နေလည်းမယုံဘူး။ ဒေါက်တာမေတ္တာဘုံနဲ့ ဒေါ်မြင့်မြတ် မာလာတို့ ပူးပေါင်းပြီး ကြံစည်တာပဲ။ ဒေါ်အိုစာတို့ သားအမိက သူ့ရဲ့ သစ္စာရှိလူယုံတော်တွေပဲ။ အံကို တင်းကြပ်စွာ ဖိကိုက်ထား မိလေသည်။

''ညိုပြာတို့မှာ သွားစရာနေရာ မရှိပါဘူး အစ်ကိုကြီး ရယ်၊ အမေကလည်း အသက်ကြီးပါပြီ၊ ညိုပြာတို့ ဒုက္ခရောက်ပြီရဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ အဟင့် အဟင့် အီး"

ဒေါ်မြင့်မြတ်မာလာကတော့ ဒေါ်အိုစာတို့ သားအမိကို မောင်းထုတ်ပစ်မှာ သေချာနေသည်။ နေ ဘာလုပ်ရမလဲ။ ဘွား ကတော့ ဒေါ်မြင့်မြတ်မာလာနှင့် ဒေါက်တာမေတ္တာဘုံတို့စကားပဲ လက်ခံမှာပါ။

"ညိုပြာ့ကို ကယ်ပါဦး အစ်ကိုကြီးရယ်၊ ဒီဒေါက်တာ မက အစ်ကိုလေးနဲ့လည်း ငြိစွန်းနေတယ်၊ ဟိုနေ့က တစ်ယောက်ကို တစ်ယောက် ဖက်ထားကြတာ ညိုပြာမြင်တယ်"

"ဘာ"

"ဒီဒေါက်တာမ စကားတွေကို အစ်ကိုလေး မယုံပါနဲ့ နော်၊ ညိုပြာတို့သားအမိကို ကယ်ပါ"

"တိတ်တော့ ညိုပြာ၊ မင်းတို့ အနက်ရောင်အိမ်ကြီးထဲ ကနေ ထွက်သွားစရာမလိုဘူး၊ ဒါ အစ်ကိုကြီးပိုင်တဲ့ စံအိမ်ပဲ"

"ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရယ်၊ အမေလည်း အရမ်းဝမ်းသာမှာပါပဲ"



ညိုပြာ ဝမ်းသာပျော်ရွှင်စွာဖြင့် အစ်ကိုကြီးကို ဖက်ထားမိသည်။ အစ်ကိုကြီးရယ် ညိုပြာ မမျှော်မှန်းရဲပေမယ့်လည်း အစ်ကို ကြီး ရယူပိုင်ဆိုင်ခွင့်ကို မျှော်လင့်နေမိပါတယ်။ ညိုပြာ ငယ်စဉ် လေးက ချစ်ခင်လေးစားရတဲ့သူပါ။ ဟွန်း ဟိုဒေါက်တာမက အလှအပတွေနဲ့ အစ်ကိုကြီးကို မြူဆွယ်ဖြားယောင်းနေတာ ညိုပြာ သိတယ်။ ဒါကြောင့် သေကြောင်းကြံတာပါ။ မသေဘူး၊ ရှင်တို့ပဲ ဒီကနေ ထွက်သွားကြရမယ်။ ဒေါ်မြင့်မြတ်မာလာနှင့် ဒေါက်တာ မေတ္တာဘုံတို့အား ချောက်တွန်းဖို့အတွက် ညိုပြာတို့သားအမိ အကွက်ချောင်းနေတာပါ။ ရှင်တို့ပဲ ညိုပြာတို့သားအမိကို ရှင်းနိုင် မလား။ ရှင်တို့ကိုပဲ ရှင်းပစ်နိုင်မလားဆိုတာ စောင့်ကြည့်လေ။

"အစ်ကိုကြီး"

"ဟင်"

"ညိုပြာ ဘာလုပ်ပေးရမလဲဟင်၊ အခန်းတွေ သန့်ရှင်းရေး လုပ်ပေးမယ်လေ"

"မင်းသွားတော့ ညိုပြာ၊ ငါ ဘွားနဲ့သွားတွေ့ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြင့်မြတ်မာလာနဲ့ ဒေါက်တာမေတ္တာဘုံတို့ လုပ်ချင်တိုင်းလုပ်နေတာကို ငါ တားဆီးရမယ်"

သူ့စိတ်တွေက မကျေနပ်မှုတွေ၊ နာကျင်စူးရှမှုတွေနှင့် မွန်းကြပ်နေလေသည်။ ဒေါသတွေက ပေါက်ကွဲလွင့်စင် ထွက်ချင်လာရ၏။ ဆောက်တည်ရာပင်မရတော့။ မေတ္တာဘုံ မင်းတော်တော်ကောက်ကျစ်တဲ့ မိန်းမပဲ။ ရုပ်ရည်နဲ့တောင် မလိုက်ပါလားကွာ။ ငါ့ကိုလည်း မြူဆွယ်တယ်။ လကိုလည်း အမိဖမ်းတယ်။ အနက်ရောင်စံအိမ်ကြီးကို ပိုင်ဆိုင်ချင်လို့လား။ အိမ်တော်စိုးကြီး ဒေါ်အိုစာတို့သားအမိကို ဒေါက်တာမေတ္တာဘုံ လုပ်ကြံတာပဲ။ မဖြစ်နိုင်ဘူး။ ဒေါက်တာမေတ္တာဘုံကို သေကြောင်းကြံစည်တာ လုံးဝမဖြစ်နိုင်ပါဘူး။ မင်းအကောက်ကြံတာပဲ။ ငါမယုံဘူး။

"တောက်"

"ငါ လုံးဝမကျေနပ်ဘူး၊ မင်းကို ငါဘာဖြစ်လို့များ သတ်ပစ်ချင်လောက်အောင် မုန်းတီးမနေရတာလဲ၊ ငါ့နှလုံးသားထဲမှာ မင်းရှိနေရတာလဲ၊ ငါ မင်းကို ဘာဖြစ်လို့ မေ့ပစ်နိုင်စွမ်းမရှိ





ရတာလဲ"

သူတစ်ယောက်တည်း မကျေမနပ်နှင့် ဒေါသတွေပေါက်ကွဲနေရသည်။ လနှင့် ဖက်နေကြသည်ဆိုတဲ့ ညီပြာ့စကားတွေက သူ့နှလုံးသားတွေကို ပြင်းပြစွာ နာကျင်စူးရှနေရလေသည်။ လနဲ့ ဒေါက်တာမေတ္တာဘုံတို့ ငြိစွန်းနေကြတာ နေကိုယ်တိုင် မျက်မြင်ပဲဟာ။

"မင်းရုပ်ရည်လေးနဲ့ မတန်အောင် မင်းအကျင့်တွေက ယုတ်မာတယ်၊ ကောက်ကျစ်တယ်၊ အလကားမိန်းမ"

သူ့စိတ်တွေ မွန်းကြပ်ပိတ်လောင်နေပြီး ဒေါက်တာမေတ္တာဘုံအား လနှင့် ချစ်သူတွေဖြစ်နေတာကို တားဆီးချင်နေရသည်။ ဒါကို သူလုံးဝမကျေနပ်ဆုံးပဲ။ ဒီမိန်းမကို သူမုန်းပစ်ချင်တယ်။ အထင်သေးရွံရှာချင်တဲ့ စိတ်ခံစားမှုတွေ ဘယ်ပျောက်သွားရတာလဲ။ မုန်းချင်တယ်ကွာ။ မင်းကို ငါအရမ်းမုန်းပစ်ချင်တယ်။ မင်းက လကိုပဲချစ်မှာပါ။ လက ငါ့ထက်နူးညံ့တယ်။ အေးဆေးတယ်။ မင်းချစ်တာ လပဲဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဒိုင်း"

"မင်းတို့ပဲ ဒီကနေ ထွက်သွားစေရမယ်၊ အနက်ရောင်စံအိမ်ကြီးကို အပိုင်စီးဖို့ မကြိုးစားပါနဲ့၊ မာမီ နှစ်သက်မြတ်နိုးတဲ့ အနက်ရောင်စံအိမ်ကြီးကို နေ ကာကွယ်မယ်"

"ဝုန်း"

"မြေးနေ"

"ဟင် ဘွား"

"ဘာဖြစ်နေတာလဲကွယ်"

ဘွားနှင့်အတူ ဒေါ်မြင့်မြတ်မာလာလည်း ရောက်လာလေသည်။ သူ အံသွားတွေကို တင်းကြပ်ဖိကိုက်ထားမိ၏။ ဒေါ်မြင့်မြတ်မာလာရဲ့ အပြုံးတွေက ကြောက်စရာကောင်းလွန်းနေသည်ဟု ထင်မိလာရ၏။ ဘွားမဟာဆန်က ဒေါ်မြင့်မြတ်မာလာအား ယုံကြည်လွန်းနေသည်။

"မာလာကပြောတယ် မအိစာသမီး ညိုပြာက ဒေါက်တာ





မလေးကို သေကြောင်းကြံစည်တယ်တဲ့"

"မဖြစ်နိုင်ပါဘူး ဘွား၊ ဘယ်သူမှ မျက်မြင်သက်သေမရှိဘဲ အရမ်းမစွပ်စွဲပါနဲ့ဘွားရယ်"

"နေက တစ်ဖက်သတ် သူတို့ဘက်ကနေ ရပ်တည်နေတာပဲကွယ်၊ ဒေါက်တာကိုယ်တိုင်က ပြောတာပဲလေ၊ အန္တရာယ်ရှိတဲ့သူတွေကို ခပ်ပြတ်ပြတ် အလုပ်ကနေ ထုတ်ပစ်လိုက်တာ အကောင်းဆုံးပါပဲနေရယ်"

"ဒေါ်မြင့်မြတ်မာလာ ဒီဆရာဝန်ကို ကျုပ်လုံးဝမယုံဘူး၊ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားတွေကို ကျုပ် မစွပ်စွဲ ပုတ်ခတ်ချင်ဘူး"

"မြေးနေ"

"ဒေါ်အိစာက အိမ်တော်စိုးကြီးအဖြစ် နှစ်ပေါင်းများစွာ သစ္စာရှိရှိနေထိုင်လာကြတာပါ ဘွား၊ နေကို ထိန်းကျောင်းပြုစုလာတာပါ၊ နေ လုံးဝရက်ရက်စက်စက် မောင်းထုတ်မပစ်နိုင်ဘူး ဘွား"



www.burmeseclassic.com

www.burmeseclassic.com



မာယာဘုံကတော့ ဒေါသတွေ အကြီးအကျယ် ထွက်နေ မိလေသည်။ နေမင်းထင် နင်က ငါ့တူမမေတ္တာဘုံရဲ့ ထောင် ချောက်ထဲကို တိုးမဝင်လာသေးဘဲကိုး။ ညံ့တယ် မေတ္တာဘုံ၊ ညံ့တယ်။ မာယာဘုံကိုတော့ နင်ကျော်ဖို့ ဘယ်တော့မှ မစဉ်းစားနဲ့ နေမင်းထင်။

"အားလုံးကို ဘွားပြောမယ်၊ သားရန်နောင် တစ်လပြည့် ပြီးရင် အားလုံးအမွေခွဲကြမယ်၊ ရသင့်တဲ့သူတွေကိုလည်း ပေးမယ် မာလာ၊ မယ်မယ် တောင်းပန်ပါတယ်ကွယ်၊ အချိန်လေး ခဏစောင့် ပေးပါ၊ မျှမျှတတဖြစ်အောင် မယ်မယ်လုပ်ပေးပါ့မယ်ကွယ်"

"အား"

"မယ်မယ်"

"ဘွား"

"ခေါင်းတွေမူးလိုက်တာကွယ်၊ ဘွား အခန်းပြန်ချင်တယ် အနားယူပါရစေတော့"

"ဒေါက်တာ ဒေါက်တာ့ကို ခေါ်ပါဦး၊ မယ်မယ် ဘာဖြစ်





သဲမသိဘူး"

မာယာဘုံကတော့ သဘောကောင်းချင်ယောင် ဆောင်နေ လိုက်လေသည်။ မေတ္တာဘုံကို အားကိုးနေလို့မဖြစ်တော့ဘူး။ ဒေါ်အိုစာတို့သားအမိကိုလည်း မောင်းထုတ်ပစ်ချင်တာ နေမင်းထင် က လက်မခံဘဲ တားဆီးနေသည်။ အနက်ရောင်စံအိမ်ကြီးကို မာယာဘုံလက်ထဲ အမြန်ဆုံးရောက်အောင် လုပ်ရမယ်။ မဖြစ်တော့ ဘူး။ ဒီအဘွားကြီးကလည်း မသေနိုင်ဘူး။ နေမင်းထင်က မိမိကို ယုံတာက ခံပြင်းစရာကောင်းနေသည်။

"ဒေါက်တာ မယ်မယ့်ကို ကြည့်ပါဦး၊ ဂရုစိုက်ပေးပါ"

ဘုံလည်း ဘွားမဟာဆန်အတွက် စိတ်ပူပြီး စစ်ဆေးလိုက် တာ့ သွေးတွေတိုးနေသည်။ ဒေါ်လေးမာယာဘုံကြောင့် ဘွားမဟာ ဆန် သွေးတိုးတာပဲဖြစ်နိုင်၏။ ဘုံ စိတ်ပူလိုက်တာ။ ကိုနေမင်းထင် က ဘွားမဟာဆန်ကိုပဲ စူးစိုက်ကြည့်နေသည်။ ဒေါ်လေးမာယာကို ပြာယာခတ်အောင် သည်းသည်းလှုပ်ပြနေ၏။ ဘွားမဟာဆန် အတွက်ပဲ ဘုံ စိတ်ပူပင်ရတာပါ။ ဒေါ်လေးမာယာဘုံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်စံအိမ်ကြီးထဲမှလူတွေ ဒုက္ခရောက်ကြရတော့မယ်။ ထိုကိစ္စကို အသိဆုံးက ဘုံဖြစ်နေသည်။

"ဒေါက်တာ"

"ရှင်"

"မယ်မယ့်အခြေအနေလေး ပြောပြပါဦး"

"သွေးပဲတိုးနေတာပါ၊ အခြေအနေအားလုံး ကောင်းပါ တယ်"

"မယ်မယ့်ကို ဂရုစိုက်ပေးပါနော်၊ မယ်မယ်သက်သာ လား၊ မာလာအနားမှာ ရှိပါတယ်၊ အားမငယ်ပါနဲ့"

ဒေါ်လေးမာယာဘုံက ဘွားမဟာဆန်ရဲ့ ခြေသလုံးတွေကို နှိပ်နယ်ပေးနေလေသည်။ ကိုနေမင်းထင်လည်း ရှိနေ၏။

"မာလာ"

"ရှင် မယ်မယ်"

"တစ်လလောက်ပဲ စောင့်ပေးကြပါ၊ မအိုစာတို့ကို အသေ မဖြုတ်ပါနဲ့ဦး၊ မြေးနေရဲ့ဆန္ဒတွေအတိုင်းပဲ လိုက်လျောပေးလိုက်"





"ဟုတ်ကဲ့ပါ မယ်မယ်ရယ်၊ စိတ်အေးအေးထားစမ်းပါ နော်၊ ဒေါက်တာလည်းသတိထားပါ"

ဘုံ ဘာမှမပြောလိုပေ။ မညိုဖြာကတော့ နေကြောင့် ဘုံကို မုန်းတီးနေတာပါ။ မိန်းကလေးပဲ ဘုံသိနေသည်။ ကြောက် စရာအကောင်းဆုံးက ဒေါ်လေးမာယာဘုံပဲ။ အနက်ရောင်စံအိမ်ကြီး ထဲက လူတွေကို ရှင်းပစ်တော့မယ်။ ဘုံ အသိပေးဖွင့်ပြောလိုက် ရင် ကောင်းမလား။ မယ်မယ်နှင့် ကိုနေမင်းထင်က အဓိကပဲ။ သချာပါတယ်။ ဒေါ်လေးမာယာဘုံက ရှင်းပစ်တော့မယ်။

"ဒေါက်တာ"

"ရှင်"

"ရပါပြီ၊ အန်တီမာလာပဲ စောင့်နေမယ်၊ နေလည်း အနား ယူပါ၊ ဘာပဲဖြစ်ဖြစ် အားလုံးငြိမ်သက်နေကြတာ အကောင်းဆုံး ပဲ၊ အစ်ကိုကြီး သေဆုံးရတာ တစ်လမပြည့်မချင်းပေါ့"

ဘုံ ပြန်ထွက်လာခဲ့လေသည်။ ဘွားမဟာဆန်ကိုတော့ ဆက်စက်ဖို့ ဒေါ်လေးမာယာဘုံကို တောင်းပန်ရမယ်။ အသက်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကြီးရင့်နေပြီး မျက်မမြင်ဒုက္ခိတကြီးတစ်ယောက် အပေါ် ညှာတာထောက်ထားသင့်ပါတယ်လေ။

“ဘုံ”

“ဟင် လ”

“အိမ်မှာ ဘာတွေဖြစ်နေတာလဲကွာ၊ ကိုယ်တော့ ထွက် သွားချင်ပြီ၊ ဘုံနဲ့ကိုယ် ဒီကနေထွက်သွားပြီး ဘဝကို ရင်ဆိုင်ကြ အောင်လား”

“လ ဘုံပြောထားပြီးပြီပဲ၊ မိတ်ဆွေတစ်ယောက်လို ခင်မင်နိုင်မယ်လို့၊ အခုအချိန်မှာ ရှုပ်ထွေးနေတယ်၊ ရှင့်ဒက်ဒီ သေ ရတာလည်း တစ်လတောင်မပြည့်သေးဘူး မဟုတ်လား”

“ဘုံ”

“ဘုံ့ကို မနှောင့်ယှက်ပါနဲ့၊ ဖယ်ပါ”

“ကိုယ် နှောင့်ယှက်နေတာ မဟုတ်ပါဘူး ဘုံ၊ မင်းကို လို့ပါ၊ ကိုယ်အရမ်းမြတ်နိုးတယ်၊ ဘုံ ကိုယ့်ကိုချစ်ပါ၊ လက်ထပ် ပါ”





လက သူမလက်တွေကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး တောင်းပန် ကားတွေ ပြောနေသဖြင့် ဘုံ ရုန်းဖယ်လိုက်လေသည်။ ကံဆိုးချင် တော့ နေထွက်လာတာနှင့် တိုး၏။ ဘုံကိုယ်လေး ကျောက်ရုပ်လေး တစ်ရုပ်လို တောင့်တင်းသွားရသည်။ ဆတ်ခနဲရောက်လာတဲ့ နေ အကြည့်တွေက ကြောက်စရာကောင်းလောက်အောင် တင်းမာခက် ထန်နေလေသည်။

❀၂၂❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"လ ရှင့်ကို ကျွန်မပြောပြီးပြီပဲ၊ မချစ်နိုင်ပါဘူးလို့၊ ကျွန်မကိုမနှောင့်ယှက်ဖို့ ပြောပါရစေ၊ ရှင့်ကို လက်မထပ်နိုင်ပါဘူး တောင်းပန်ပါတယ် လမင်းသာရယ်၊ ကျွန်မကို ထပ်ပြီးမနှောင့်ယှက်ပါနဲ့တော့နော်"

"ဘုံ"

"ဖယ်ပါ၊ ကျွန်မက အားကိုးရာမဲ့ပြီး အနက်ရောင်စံအိမ်ကြီးထဲမှာ ခိုနားနေရတဲ့သူပါ၊ ကျွန်မ အနေရခက်အောင် မလုပ်ဖို့ တောင်းပန်ပါရစေ"

ဘုံ ရှောင်ထွက်သွားဖို့ ကြိုးစားစဉ် နောက်မှ လရဲ့လက်





တွေက ဘုံခန္ဓာကိုယ်လေးအား ဆတ်ခနဲ ဆွဲယူသိုင်းဖက်လိုက်လေသည်။ ရုတ်တရက်မို့ ဘုံ့ခန္ဓာကိုယ်လေး ယိုင်ခွေကာ သူ့ရင်ခွင်ထဲရောက်သွား၏။ ဘုံ တွန်းဖယ်ရင်း သူ့လက်တွေကြားမှ လွတ်မြောက်အောင် ကြိုးစားနေမိသည်။

"ဖယ်ပါ၊ ရှင်ဘာလုပ်တာလဲ၊ ကျွန်မကို ဒုက္ခရောက်အောင်မလုပ်ပါနဲ့"

"ဘုံရယ် မရုန်းပါနဲ့ကွယ်၊ လ တောင်းပန်ပါတယ်၊ ဘုံ့ကို ချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ ကိုယ့်အနားမှာ ဘုံရှိနေပေးပါ၊ ကိုယ်ရမယ့်အမွေတွေနဲ့ ကိုယ်နဲ့ဘုံ ဘဝကို အကောင်းဆုံးဖြစ်အောင် ထူထောင်နိုင်ပါတယ်"

"ကျွန်မ ရှင့်ကိုမချစ်ဘူး၊ လက်ထပ်ဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး၊ ဖယ်ပါ"

"မဖယ်ဘူးကွာ၊ မင်းကို လုံးဝအဆုံးရှုံးမခံနိုင်တော့ဘူး၊ ဘာလဲ ကိုယ်က အိမ်ဖော်မရဲ့သားဖြစ်နေလို့ မင်းက လက်မခံချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မရဘူး၊ မင်း ကိုယ့်ကိုချစ်ရမယ်၊ လက်ထပ်ရမယ်၊ ကိုယ်ဘယ်လိုနည်းနဲ့မှ မင်းကို လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး"

သူ အရှူးအမူးနှင့် ဘုံခန္ဓာကိုယ်လေးအား သိုင်းဖက်ရှေ့လေသည်။ သန်မာတဲ့လက်တွေနှင့် ပွေ့ဖက်ထား၏။ ဘုံ့မျက်နှာလေးကို နမ်းရှိုက်ဖို့ပင် ကြိုးစားနေ၏။ ဘုံ စိုးရိမ်ပူပန်မှုတွေနှင့်အတူ လမင်းသာကိုလည်း ရှုံ့ရှာမုန်းတီးနေမိသည်။ ဒေါ်လေးမာယာတို့ တွေ့သွားရင် မလွယ်ဘူး။ ပြီးတော့ နေ့။ သူ ဘုံ့ကို အထင်သေး သွားမှာပဲ။ နေ့အကြည့်တွေက ကြောက်စရာကောင်းလောက်အောင် တင်းမာခက်ထန်နေ၏။ ဘုံ အရှက်ကြီးရှက်ပြီး သတိမေ့မျောသွားချင်လောက်အောင် တုန်ရီလှိုက်ခါနေသည်။ ရုန်းမရ ဖယ်မရ။ သူ ရူးသွပ်နေသူပမာ ဘုံမျက်နှာလေးအား နမ်းရှိုက်ရန် ခပ်ကြမ်းကြမ်း ကြိုးစားနေ၏။ ဘုံ ရုန်းကန်တွန်းဖယ်နေရင်း အင်အားချော့ကုန်ခမ်းသလို မောဟိုက်တုန်ရီနေလေသည်။

"လ"





"ဟင်"

ဒေါ်လေးမာယာဘုံ့ရဲ့ အသံကြောင့် လမင်းသာရဲ့လက်ထဲမှ သူမ ရုန်းထွက်နိုင်ခဲ့လေသည်။ အင်အားမဲ့နေတဲ့ ခန္ဓာကိုယ်လေးအား အနိုင်နိုင်ထိန်းမတ်ကာ ဘုံ ပြေးထွက်လာခဲ့ရ၏။ ဘုံ အခန်းထဲရောက်ချိန်မှာပင် ဒေါ်လေးမာယာဘုံလည်း အခန်းထဲသို့ ထပ်ချပ်မကွာ ရောက်လာလေသည်။ စူးရှသန်မာသော အကြည့်တွေက ဘုံ့တစ်ကိုယ်လုံးကို နင်းချေပါးမိုးတော့မည်။ မာန်ဖီနေသော ကျားနာတစ်ကောင်နှင့် တူနေ၏။ ဘုံအနားသို့ တဖြည်းဖြည်းတိုးကပ်လာတော့သည်။

"ဖြန်း"

"အမေ့"

"ဖြန်း ဖြန်း"

ဒေါ်လေးမာယာဘုံ့ရဲ့ လက်က ဘုံ့မျက်နှာလေးပေါ် ပြင်းထန်စွာ ကျရောက်လာလေသည်။

"နင် နင် ငါ့စကားကို နားမထောင်ဘူး၊ လက်ကိုမြှောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နင်က လက်ကိုကြိုက်နေတယ်"

"မဟုတ်ပါဘူး ဒေါ်လေးရယ်၊ လမင်းသာက ဘုံ့ကို အတင်းအကြပ်လက်ထပ်ဖို့ တောင်းဆိုနေတာပါ"

"တိတ်စမ်း"

မေတ္တာဘုံ ညည်းကို ဒီအတိုင်းထားလို့မဖြစ်တော့ဘူး။ ညည်းလေးက ကျုပ်အတွက် ဘာမှအသုံးမဝင်တော့ဘူး။ နေမင်းထင်ကို ညည်းလေး မြူဆွယ်ဖြားယောင်းနိုင်မှာမဟုတ်ဘူးဆိုတာ ငါသိတယ်။ အနက်ရောင်စံအိမ်က လူတွေကို အနုနည်းနဲ့ ကိုင်တွယ်လို့ မရတော့ဘူး။ အားလုံးရှင်းပစ်ရမယ်။

"နင့်ကို ဒီမှာမထားတော့ဘူး၊ ထောင်ထဲပို့ပစ်မယ်၊ နေမင်းထင်ကလည်း နင့်ကို စိတ်ဝင်စားမှာမဟုတ်ဘူး၊ နင်က ရှုပ်ချင်တယ်၊ ငါ နင့်ကို ဘယ်လောက်သတိပေးထားလဲ လနဲ့မပတ်သက်ရဘူးလို့"

"ဘုံ ဘုံ"

"နင့်ကို ထောင်ထဲပဲပို့ပစ်မယ်၊ အနက်ရောင်စံအိမ်ကြီးထဲ





က လူတွေအားလုံး အနုနည်းနဲ့ကိုင်တွယ်လို့ မရတော့ဘူး"

"ဒေါ်လေးရယ် ဘုံ တောင်းပန်ပါတယ်၊ အနက်ရောင်စံအိမ်ကြီးထဲက လူတွေကို ဒုက္ခမပေးပါနဲ့နော်၊ ဒေါ်လေးလည်း အမွေတွေရမှာပဲ၊ မယ်မယ်က ဒေါ်လေးကို အရမ်းယုံကြည်ပြီး ချစ်ပါတယ်"

"တိတ်စမ်း...နင်နဲ့မဆိုင်ဘူး၊ နင်လည်း သတိထားနေနော် မေတ္တာဘုံ နင်က ငါ့တူမအရင်းလည်း မဟုတ်ဘူး"

"ရှင်"

"ငါက လမ်းပေါ်ကနေ ကောက်ရလာတာလေ၊ နင့်အမေကိုယ်တိုင်က ငါ့ကို လမ်းပေါ်က ကောက်ရလာတဲ့ကလေးဆိုပြီး အဖက်မတန်သလို ဆက်ဆံတာလေ"

"ဟင်"

ဘုံ အထိတ်တလန့် ဖြစ်သွားရလေသည်။ ဒေါ်လေး မာယာဘုံက ဘုံရဲ့အဒေါ်အရင်း မဟုတ်ဘူးတဲ့။ ဒါကြောင့် ဒေါ်လေး မာယာဘုံက သူမအပေါ် ရက်စက်နေတာပဲကိုး။ မေမေကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



မာယာဘုံနဲ့ ကင်းကင်းရှင်းရှင်းနေပါဟု မှာထားခဲ့သည်။

"နင့်ကို ထောင်ထဲပို့ပစ်မယ်၊ နင်က အသုံးမကျတဲ့ကောင်မပဲ"

မာယာဘုံ စိတ်တွေယောက်ယက်ခတ်ပြီး အတွေးတွေလောဘတွေနှင့် မျက်ဝန်းတွေက ဝင်းဝင်းတောက်နေလေသည်။ မေတ္တာဘုံ နင့်ကို လကချစ်နေတယ်။ လက်ထပ်ချင်တယ်တဲ့ဟုတ်လား။ သိမယ်၊ နင် ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်။ မေတ္တာဘုံကို ထောင်ထဲပို့တာထက် အပြတ်ရှင်းပစ်လိုက်တာကကောင်းဦးမယ်။ ညိုပြာတို့သားအမိကို မောင်းမထုတ်တော့ဘူး။ ညိုပြာဆိုတဲ့ကောင်မလေးက နင့်ကိုရှင်းပစ်မှာပဲ။

"နင်သတိထားနေ၊ အခုတော့ နင့်ကို ငါ ထောင်ထဲမပို့သေးဘူး၊ နင်က ငါ့တူမအရင်းမဟုတ်ပေမယ့် နင့်အပေါ်တော့ငါ နည်းနည်းပါးပါး သံယောဇဉ်ရှိပါသေးတယ် မေတ္တာဘုံ"

မာယာဘုံက တမင်အချိုသတ်လိုက်ခြင်း ဖြစ်လေသည်။ မဖြစ်တော့ဘူး။ အချိန်မရှိဘူး။ လက မေတ္တာဘုံကို အတင်းအကြပ်





နိုးပြေးရင် ဒုက္ခပဲ။

"နင် နင် လနဲ့ လုံးဝမပတ်သက်နဲ့နော်၊ လက ဘာအစွမ်းအစမှမရှိဘူး၊ အိမ်ဖော်မရဲ့သား၊ နင်အထင်ကြီးမနေနဲ့"

ဒေါ်လေးမာယာဘုံရဲ့ ကြောက်စရာကောင်းလွန်းတဲ့ ရှမ်းနီးတွေ လှုံ့လှုံ့ညီးညီး တောက်ပနေတဲ့ မျက်လုံးတွေက ဘုံ့မျက်ဝန်းတွေထဲ ထိုးဖောက်မတတ် ဖြစ်နေလေသည်။ ဘုံ စိတ်ပူရတာကဘွားမဟာဆန်ကို တစ်ခုခုလုပ်ပစ်လိုက်မှာကိုပါပဲ။ ဒေါ်လေးမာယာဘုံက ကြိမ်းမောင်းပြီး ထွက်သွားလေသည်။

"အမလေး"

ဘုံ စိတ်မောစွာ အိပ်ရာပေါ်မှာ ထိုင်ချလိုက်ရသည်။ ဘုံ့ပါးပြင်လေးပေါ်မှာ ဒေါ်လေးမာယာဘုံရဲ့ လက်ဝါးရာကထင်ကျန်နေခဲ့၏။ ဒေါ်လေးမာယာဘုံက ဘုံရဲ့ အဒေါ်အရင်းတစ်ယောက် မဟုတ်ဘူးတဲ့။ ဒါကြောင့် ဒေါ်လေးမာယာဘုံကဘုံ့အပေါ် ညှာတာထောက်ထားခြင်း မရှိဘဲ ရက်စက်ချင်တိုင်းရက်စက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ ရှင် ဘုံ့ကို အရှမ်းအထင်သေးသွားပြီပဲ၊ ဘာပဲဖြစ်ဖြစ် ဘုံ ရှင်တို့ အနက်ရောင်စံအိမ်ကြီးရဲ့ မိသားစုဝင်တွေကို ကာကွယ်စောင့်ရှောက်ပေးချင်တယ်၊ ဘုံ ကာကွယ်ပေးနိုင်ပါ့မလား"

အနက်ရောင်စံအိမ်ကြီးမှာရှိတဲ့ မိသားစုဝင်တွေအားလုံး အသက်အန္တရာယ်က စိုးရိမ်ရတဲ့ အခြေအနေ ဖြစ်နေလေသည်။ ဘွားမဟာဆန်ကို ကယ်ရမယ်။ ဒေါ်လေးမာယာဘုံက ကြောက်စရာကောင်းလွန်းတဲ့ မိန်းမတစ်ယောက် ဖြစ်နေသည်။ တွေးမိတိုင်း ကြောက်စရာကောင်းလွန်းနေ၏။ ဘုံ့ပါးပြင်လေးကို ဆေးလိမ်းလိုက်သည်။ ညက တဖြည်းဖြည်း တိတ်ဆိတ်ငြိမ်သက်လာနေ၏။ ဘုံ နေလို့မရပေ။ ဘွားမဟာဆန်အတွက် စိတ်ပူပြီး ဘုံ အိပ်လို့မရဘဲ အခြေအနေကို စောင့်ကြည့်နေမိလေသည်။

"ရှပ် ရှပ်"

"ရှပ် ရှပ်"

"ရှပ်"





"ဟင်"

တိတ်ဆိတ်ငြိမ်သက်နေတဲ့ အိမ်ကြီးထဲမှာ ခြေသံရှပ်ရှပ်ကို သဲ့သဲ့လေး ဘုံ ကြားလိုက်ရသည်။ အိပ်နေရာမှ ဆတ်ခနဲ ထလိုက်မိ၏။ ဘွားမဟာဆန်အတွက်ပဲ စိတ်ပူသွားရပြီး အခန်းအပြင်သို့ ထွက်လာခဲ့မိသည်။

"ဟင်"

"အမေ့"

အခန်းဝတွင် ကိုနေမင်းထင်နှင့် တိုးမိသွား၍ ဘုံ အထိတ်တလန့်ဖြစ်သွားရလေသည်။ သူ ဘာဖြစ်လို့ ဘုံ့အခန်းဝမှာ ရောက်နေရတာလဲ။ ဘုံ အသက်ကိုပင် ပြင်းပြင်းပြွာ ရှူရှိုက်နေရ၏။

"ကျွန်မ ကျွန်မ ခြေသံကြားလို့ ထွက်ကြည့်တာပါ ကိုနေမင်းထင်"

"ဒေါက်တာ အခန်းပြင်ကို မထွက်ပါနဲ့၊ တံခါးသေသေချာချာပိတ်ထားပါ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အနက်ရောင်စံအိမ်ကြီးက ရှုပ်ထွေးနေတယ်၊ သတိထား နေပါ၊ အမိကိုယ်တိုင်ရော ထိတ်လန့်တုန်လှုပ်ချောက်ချားနေတာ မဟုတ်လား"

"ရှင်"

"အထဲဝင်နေပါ ဒေါက်တာ၊ အပြင်ထွက်ပြီး ရှုပ်ရှုပ်ယှက် ယှက်တွေ မလုပ်ပါနဲ့"

ပြန်၍လှည့်ထွက်သွားလေသည်။ နေမင်းထင် ဘာဖြစ်လို့ များ ဘုံ့အခန်းဝအထိ ရောက်နေရတာလဲ။ ပြီးတော့ အပြင်ထွက်ပြီး ရှုပ်ရှုပ်ယှက်ယှက် မလုပ်ပါနဲ့တဲ့။ ရှင်ရော ဘာလာလုပ်တာလဲ။ ဘုံ အခန်းထဲမှာ နေလို့မရပေ။ ဒေါ်လေးမာယာဘုံက ဘွားမဟာ ဆန်ကို တစ်ခုခုလုပ်ပစ်လိုက်မလား။ စိတ်သဘောထားဖြူစင်ပြီး အသက်အရွယ်ကြီးရင့်နေတဲ့ ဘွားမဟာဆန်ကိုတော့ ဘယ်လိုပဲဖြစ် ဖြစ် ဘုံ ကာကွယ်စောင့်ရှောက်ပေးရမယ်။ ဒေါ်လေးမာယာဘုံထ ထောင်ထဲပို့လည်း မတတ်နိုင်တော့ဘူး။ ဘုံ အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပေးရမှာပဲ။ ဘုံက ဆရာဝန်ပဲ။ လူ့အသက်





တစ်ချောင်းကို ကယ်တင်ရမယ်။ ဘုံ စိတ်ပူလွန်း၍ ဆောက်တည် ရာမရအောင် ဖြစ်နေရသည်။

"အနက်ရောင်စံအိမ်ကြီးထဲက လူတွေကို အနုနည်းနဲ့ ကိုင်တွယ်လို့မရတော့ဘူး၊ အလကားလူတွေ"

ဒေါ်လေးမာယာဘုံရဲ့ ကောက်ကျစ်ယုတ်မာမှုတွေကို ဘုံ အသိဆုံးဖြစ်နေလေသည်။ မနက်မိုးလင်းသည်အထိ ဘုံ စောင့်မနေ နိုင်တော့ပေ။ အခန်းအပြင်သို့ ပြန်၍ထွက်လာခဲ့မိ၏။ အဘွားမဟာ ဆန်ရဲ့ အခန်းသို့ အပြေးလာခဲ့သည်။

၂၀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ရှင် ရှင် ဘာလုပ်တာလဲ၊ လွှတ်ပါ"

"ဘုံ"

"ဟင်"

"မင်း ငါ့နောက်ကို အသာတကြည်လိုက်ခဲ့ပါ၊ ငါ ဒီကနေထွက်သွားတော့မယ်၊ မဖြစ်ဘူး၊ ငါဒီမှာဆက်နေလို့ မဖြစ်တော့ဘူး ဘုံ၊ မင်းကို ငါ လုံးဝမစွန့်လွှတ်နိုင်ဘူးကွာ၊ မင်း ငါနဲ့လိုက်ခဲ့ရမယ်"

"ဟင်"

လမင်းသာရဲ့ လက်ထဲမှာ ဓားတွေ့လိုက်သဖြင့်





မျက်လုံးလေး ပြူးကျယ်ဝိုင်းစက်သွားရလေသည်။ နေက ဘုံ့ကို အခန်းထဲမှာပဲနေပါဟု ပြောထားတာကို ဘုံ အပြင်ထွက်လာခဲ့မိ၏။ မထင်မှတ်ဘဲနှင့် လမင်းသာရဲ့ ဖမ်းချုပ်ခြင်း ခံလိုက်ရလေသည်။

"ငါနဲ့မင်း လိုက်ခဲ့ပါ၊ မင်းမရှိလို့မဖြစ်ဘူး၊ ငါ ငါ့ကို မမမာလာက သိမ်းပိုက်တော့မယ်"

"ဟင်"

လမင်းသာကို ကြည့်ရတာ မျက်လုံးတွေ ကြောင်စီစီနှင့် စိတ်ကယောင်ချောက်ချား ဖြစ်နေပုံပင်။ မျက်ဝန်းအရောင်တွေက လက်လက်ထနေပြီး ဘုံအား သူ့လက်တွေနှင့် တင်းကြပ်စွာ ပွေ့ဖက်ထားလေသည်။ ပြီးတော့ သူ့အိပ်ခန်းထဲ ဆွဲခေါ်လာခဲ့၏။

"မင်းကို ဒီအတိုင်းခေါ်သွားလို့ ရမှာမဟုတ်ဘူးဆိုတာ ငါသိတယ် ဘုံ၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မင်းကို ငါလက်ထပ်ဖို့ ကြိုးစားရမှာပဲ"

"လမင်းသာ ဘုံ တောင်းပန်ပါတယ်၊ အဲဒီလိုမလုပ်ပါနဲ့၊ လောလောဆယ် ဘွားမဟာဆန်ရဲ့ အသက်အန္တရာယ်က စိုးရိမ်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့ကို အကာအကွယ်ပေးရမယ်လေ''

''မသိဘူး၊ ငါဘာမှမသိဘူး၊ ဒီမှာရှိနေတဲ့ လူတွေအားလုံးက ငါ့ကို ဥပေက္ခာပြုထားကြတာပဲ၊ ဘယ်သူ့အကြောင်းမှ ငါ မစဉ်းစားဘူး၊ အဓိက မင်းကို ရယူပိုင်ဆိုင်ဖို့ပဲ''

ဘုံ့အား အိပ်ရာပေါ်ပစ်တင်လိုက်ပြီး အခန်းတံခါးကို ပိတ်ပစ်လိုက်လေသည်။ ဘုံ ကြောက်လွန်း၍ အသားလေးတွေပင် တဆတ်ဆတ်တုန်ရီလာရ၏။ ဘုံ ဘယ်လိုလုပ်ရမလဲ။ အော်ဟစ် အကူအညီတောင်းရမလား။ ညက တိတ်ဆိတ်ငြိမ်သက်နေပြီး အနက်ရောင်စံအိမ်ကြီးထဲက လူတွေ အိပ်မောကျနေသည်။ နိုးထနေတဲ့သူက တစ်ယောက်တည်းရှိနေ၏။ ကိုနေမင်းထင်ပဲ။ သူသိသွားရင်လည်း ဘုံ့ကို အထင်သေးရွံရှာမုန်းတီးနေမှာပါပဲ။ လမင်းသာကိုယ်ကြီးက ဘုံ့အနား တဖြည်းဖြည်း တိုးကပ်လာသည်။

''ဟို ဟို ရှင့်စိတ်တွေကို ထိန်းပါ လမင်းသာ၊ ဘွားမဟာဆန့်ဆီ ဘုံသွားပါရစေ၊ ကျွန်မ ကယ်တင်ရမယ်၊ ဘွားမဟာဆန့် တစ်ခုခုဖြစ်တော့မယ်''





''မသွားရဘူး၊ မင်း ငါ့ရဲ့ဇနီးမယားအဖြစ် ငါ့အနားမှာပဲနေရမယ်၊ မင်းကို ငါ ပိုင်ဆိုင်ရမှဖြစ်မယ်၊ ဒီည မင်းနဲ့ငါရဲ့ မင်္ဂလာဦးညပဲ''

''ရှင် ရှင်''

''မနက်ဖြန်ကျရင် မင်းနဲ့ငါ လင်မယားဖြစ်သွားပြီဆိုတဲ့အကြောင်း အနက်ရောင်စံအိမ်ကြီးက လူတွေကို အသိပေးမယ်''

''မလုပ်ပါနဲ့၊ ဘုံ တောင်းပန်ပါတယ်နော်၊ လက်ထပ်ဖို့ကိစ္စ နောက်မှစဉ်းစားပါရစေ၊ လောလောဆယ် ဘွားမဟာဆန့်ဆီသွားရမယ်၊ ရှင့်ကို ဘုံ လက်ထပ်ဖို့ စဉ်းစားပေးပါ့မယ် လမင်းသာ၊ အခု ဘုံ့ကိုလွှတ်ပေးပါ''

ဘုံ ကြောက်လန့်တကြား ဖြစ်နေရပြီး လမင်းသာကို ချော့မော့တောင်းပန်နေမိလေသည်။ လမင်းသာရဲ့ မျက်ဝန်းတွေက အသိမဲ့နေသလို ဘုံ့တစ်ကိုယ်လုံးအား ရွှန်းလဲ့တောက်ပလွန်းနေတဲ့ မျက်ခိုးတွေ ပြည့်လျှံစွာ ကြည့်နေ၏။ ဘုံ့စကားတွေကိုပင် ကြားဟန်မရှိဘဲ လက်ထဲမှာ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဘုံ့အနား တိုးကပ်လာတော့သည်။

"ငါ့ကိုနားလည်ပေးပါ မေတ္တာဘုံ၊ မင်းကို အရမ်းပဲ ချစ်မြတ်နိုးနေမိတာပါ၊ ငါအမြတ်နိုးဆုံး မိန်းကလေးက မင်းပါပဲ မင်းကို လက်လွှတ်အဆုံးရှုံး မခံနိုင်တော့ဘူး၊ ဘယ်လိုနည်းနဲ့မဆို အရယူရတော့မှာပဲ၊ အချစ်ရေးမှာ မတရားတာ ဘာမှမရှိဘူးမဟုတ်လား မေတ္တာဘုံရယ်"

လမင်းသာရဲ့စိတ်ထဲမှာ ရတောင့်ရခဲ အခွင့်အရေးတစ်ခုကို ဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံး မခံနိုင်တော့ပေ။ ဘာမှလည်း စဉ်းစားမနေချင်တော့ဘူး။ မေတ္တာဘုံက သူ့လက်ထဲရောက်နေပြီလေ။ သူမျှော်လင့်အတောင်းတဆုံး အခွင့်အရေးတစ်ခုပဲ။ ကြည့်စမ်းပါဦး မေတ္တာဘုံဆိုတဲ့ မိန်းကလေးက အိစက်ချောမော နုထွတ်နေတာပဲ။ မျက်ဝန်းလဲ့လဲ့လေးတွေ၊ နှုတ်ခမ်းချွန်ချွန်လေးနဲ့ မျက်တောင်ကော့ကော့လေးတွေ။ သူ့အနှစ်သက်ဆုံးက နှုတ်ခမ်းဖူးဖူးငုံငုံလေးပဲ ပန်းသွေးရောင် သန်းနေပြီး ထူထူအမ်းအမ်းလေးပဲ။ မင်းကိုပိုင်ဆိုင်ဖို့ တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ ငါလုပ်ရမှာပဲ မေတ္တာဘုံ





ရယ်။

"မင်္ဂလာဦးညလေးမှာ ကိုယ်တို့နှစ်ယောက် အေးအေး ချမ်းချမ်း ကြည်ကြည်နူးနူးလေး ဖြတ်သန်းကုန်ဆုံးကြရအောင်လား အချစ်ရယ်၊ ကိုယ်လည်း အနက်ရောင်စံအိမ်ကြီးရဲ့ မိသားစုဝင် တစ်ယောက်ပါကွာ၊ အမွေတွေရမှာပါ၊ ကိုယ်တို့ဘဝကို အေးအေး ချမ်းချမ်း တည်ဆောက်လို့ရပါတယ်"

ငါ့ကို မမမာလာက သိမ်းပိုက်တော့မယ်ထင်တယ် မေတ္တာဘုံရယ်။ ငါ့စိတ်တွေက သိနေတယ်။ မမမာလာရဲ့ မျက်လုံးတွေက ရမ္မက်ခိုးတွေနဲ့။ ငါ့ကို မြူဆွယ်ဖြားယောင်းနေတယ်။ တစ်ခါတလေ မလုံ့တလုံအဝတ်အစားတွေနဲ့ ငါ့ဆီလာတတ်တယ်။ ငါအရမ်းကြောက်တာပဲ။ ငါ မမမာလာရဲ့ ညှတ်ကွင်းထဲ တိုးဝင်မိသွားမှာ ကြောက်လို့ပါ။ မင်းရှိမှဖြစ်မယ်။ မင်းကို ငါဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး။ အကြမ်းနည်းနဲ့ပဲ အရယူမယ်။

"မေတ္တာဘုံရယ် ငါ့အချစ်တွေကို လက်ခံပါ၊ ငါ့ကို လက်ထပ်ပါ၊ ချစ်တယ်၊ မင်းကို ငါအရမ်းချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လမင်းသာရဲ့စိတ်တွေ ထိန်းချုပ်လို့မရအောင်ပင် ပေါက်ကွဲ လွင့်ထွက်နေရလေသည်။ ညပေါင်းများစွာ အထီးကျန်စွာ အိပ်ရေး ပျက်ခဲ့ရပြီး စိတ်တွေ ယောက်ယက်ခတ် လှုပ်ရှားနေခဲ့ရ၏။ မမ မာလာကလည်း လအား ဖြူဆွယ်ဖြားယောင်း သွေးဆောင်နေသည်။ သောကဝေဒနာတွေနှင့် နာကျင်ကြေကွဲနေရမှုတွေအတွက် ထွက် ပေါက်ကတော့ ဒေါက်တာမေတ္တာဘုံကို ရယူပိုင်ဆိုင်ခွင့်ရဖို့ပဲ။ ဒီအခွင့်အရေးကိုတော့ ဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံး မခံနိုင် တော့ဘဲ ဒေါက်တာမေတ္တာဘုံအား သူ့ဇနီးမယားအဖြစ် သိမ်းပိုက် လိုက်ရတော့မည် ဖြစ်လေသည်။

"ဘုံ"

"ဟင်"

"ကိုယ်တောင်းဆိုမှုတွေကို လိုက်လျောမယ်မဟုတ်လား"

"ရှင် ရှင် ပြဿနာတွေ ရှုပ်ထွေးအောင် မလုပ်ပါနဲ့၊ ဒေါ်မြင့်မြတ်မာလာက ကျွန်မကို ရှင်နဲ့ လုံးဝကင်းကင်းရှင်းရှင်းနေ ဖို့ မှာထားတာပါ၊ ဒေါ်မြင့်မြတ်မာလာကို ကျွန်မကြောက်တယ်၊





ရှင် ကျွန်မကို လက်ထပ်ချင်တယ်ဆိုရင်လည်း လူကြီးတွေနဲ့ ညှိနှိုင်း ပြီးမှ"

"မရဘူး၊ ငါဒီအခွင့်အရေးကို လက်လွှတ်မခံနိုင်ဘူး၊ မင်းကို ဒီညပဲ ငါသိမ်းပိုက်မယ်၊ မင်း ငြင်းဆန်ရင်တော့ မင်းရော ငါရော နှစ်ယောက်လုံး သေမင်းနိုင်ငံကြမှ ပြန်ပြီးပေါင်းဆုံကြမယ် လေ၊ အဟွန်း ဟွန်း အဟွန်း ဟွန်း"

မေတ္တာဘုံ ကိုယ်လုံးလေးအား အိပ်ရာပေါ် တွန်းလှဲချ ပစ်လိုက်ပြီး သူ့ခန္ဓာကိုယ်က သူမအပေါ်မှ အုပ်မိုးထားလိုက်လေ သည်။ ဓားကို သူလက်လှမ်းမှီနိုင်မယ့်နေရာမှာ ထားလိုက်၏။ ကိုယ့်ဓားကြီးနဲ့ ခြိမ်းခြောက်ပြီး မင်းအချစ်တွေကို မရယူချင်ပါဘူး ဘုံရယ်။ အခြေအနေအရပါ။ ဘယ်လိုနည်းနဲ့မဆို မင်းကို ရယူပိုင် ဆိုင်ဖို့ ငါကြိုးစားရမှာပဲလေ။ မနက်ဖြန်မနက် ရောက်တာနဲ့ ဒေါက်တာမေတ္တာဘုံဟာ လမင်းသာရဲ့ ဇနီးမယားလို့ ကြေငြာ မောင်းခတ်ရမယ်လေ။ မေတ္တာဘုံ ချစ်လို့ပါ။ အရမ်းချစ်မိနေလို့ ပါကွာ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

မေတ္တာဘုံရဲ့ ကိုယ်လုံးလေးကို သိုင်းဖက်လိုက်လေသည်။ သူမက အထိတ်တလန့်နှင့် အော်လိုက်ပြီး သူ့လက်ထဲမှ ရုန်းထွက်ဖို့ ကြိုးစားနေ၏။ လမင်းသာရဲ့ စိတ်တွေက ပေါက်ကွဲလွင့်စင်နေပြီး ရုန်းကန်တွန်းဖယ်နေတဲ့ မေတ္တာဘုံရဲ့ ကိုယ်လုံးလေးအား တင်းကြပ်သထက် တင်းကြပ်စေရန် သူ့လက်မောင်းတွေနှင့် ရစ်သိုင်းပွေ့ဖက်ထားပြီး နှုတ်ခမ်းဖူးဖူးလေးအား နမ်းရှိုက်ရန် ကြိုးစားလိုက်လေသည်။ သူမမျက်နှာချောချောလေးက ဘယ်ညာရမ်းခါပြီး ရှောင်တိမ်းရင်း သူမကို လွှတ်ပေးပါရန် တတွတ်တွတ် တောင်းပန်နေလေသည်။

"ရှင် ဒီလိုမလုပ်ပါနဲ့ လမင်းသာ၊ စိတ်တွေကို ထိန်းချုပ်ပါ၊ အရေးကြီးတာက ဘွားမဟာဆန်ကို ကယ်ဖို့ပါ၊ အနက်ရောင်စံအိမ်ကြီးထဲက လူတွေကို ကယ်တင်ပါရစေ"

"နားမလည်ဘူးကွာ၊ ဒီညက ကိုယ်နဲ့မင်းရဲ့ မင်္ဂလာဦးညပဲ၊ မနက်ဖြန် အနက်ရောင်စံအိမ်ကြီးထဲက လူတွေကို ကြေညာ





ရမယ်၊ မင်းနဲ့ငါ လက်ထပ်တော့မယ်လို့၊ ဟား ဟား ဟား နော် အချစ်ရယ်"

ဘယ်လိုမှ တောင်းပန်ပြောဆိုလို့ မရတဲ့အဆုံး ဘုံ့ဘဝလွတ်မြောက်ရာလမ်းစကိုပဲ ရှာရတော့မည်ဖြစ်လေသည်။ ဦးလေးအဂ္ဂက သူမဘဝလေးအား ဖျက်စီးဖို့ ကြံစည်ခဲ့တာတွေ ပြန်၍အမှတ်ရမြင်ယောင်လာရတော့၏။ မဖြစ်ဘူး၊ လမင်းသာကိုတော့ ဘုံ ဘယ်လိုနည်းနှင့်မှ လက်မထပ်နိုင်ပါဘူး။ ဒေါ်လေးမာယာဘုံက ခွင့်လွှတ်နားလည်ပေးမယ် ထင်လို့လား လမင်းသာရော ဘုံ့ကိုရော သတ်ပစ်မှာပါ။ ဘုံ ကြိုးစားပြီး ရုန်းဖယ်မိသည်။ မရပေ။ လက်တွေက တင်းကြပ်လွန်းနေပြီး သူ့မျက်နှာက ဘုံ့မျက်နှာလေးပေါ်မှာ အုပ်မိုးထားရင်း နမ်းရှိုက်ဖို့ ကြိုးစားနေလေသည်"

"ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်၊ ဒေါ်မြင့်မြတ်မာလာက ခွင့်လွှတ်မှာမဟုတ်ဘူးနော်၊ ဖယ်ပါ၊ လွှတ်ပါ"

"မလွှတ်ဘူးကွာ၊ မင်းအချစ်တွေကိုမရရင်လည်း မင်းဘဝကိုရအောင် ယူရမှာပဲ၊ ငါ့အတွက် မဟာအခွင့်အရေးကြီးပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ မေတ္တာဘုံ၊ ငါ့ကို ဘယ်လိုမှ ဖျောင်းဖျနားချဖို့ မစဉ်းစားပါနဲ့တော့ကွာ၊ ငါ့ဆန္ဒတွေကိုပဲ အသာတကြည် လက်ခံလိုက်ပါတော့"

လမင်းသာကို ဘယ်လိုမှ ဖျောင်းဖျပြောဆိုလို့ မရတော့ဘူးဆိုတာ ဘုံ သိလိုက်လေသည်။ လမင်းသာရဲ့လက်ထဲမှာတော့ ဘုံ့ဘဝကို အပျက်စီးမခံနိုင်ပါဘူး။

ရှိသမျှ အင်အားတွေကို စုစည်းလိုက်ပြီး လမင်းသာရဲ့ ခန္ဓာကိုယ်ကြီးအား ဆောင့်တွန်းဖယ်ရှားပစ်လိုက်သည်။ အဒိုက်မိသွားသဖြင့် လမင်းသာကိုယ်ကြီးက အောက်သို့ပြုတ်ကျသွားတော့၏။

"ဝုန်း"

"အား"

ဘုံ ဘာမှစဉ်းစားမနေတော့ဘဲ အိပ်ရာပေါ်မှ ကဗျာကယာထပြီး အခန်းထဲမှ ပြေးထွက်လာခဲ့မိလေသည်။



## အခန်း (၂၂)

"အင့်"

"အို"

"အမေ့"

"ဟာ"

ဒယိမ်းဒယိုင်နှင့် ပြေးထွက်လာမိတဲ့ ဘုံတစ်ယောက် ဘွားမဟာဆန်ရှိနေတဲ့ အခန်းဘက် အပြေးတွင် တစ်စုံတစ်ယောက်နှင့် ဝင်တိုးမိပြန်လေသည်။ ဘုံ့ခန္ဓာကိုယ်လေး ပြိုလဲကျသွားရ၏။ မောပန်းနွမ်းနယ်လွန်း၍ ဘုံ ယိုင်ခွေကျသွားပြီး သတိလစ်သွားသလို ဖြစ်သွားကာ ထိုသူအား အတင်းအကြပ် ပွေ့ဖက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာမေတ္တာဘုံ မင်းဘာဖြစ်နေတာလဲ၊ မင်း မင်းငါ့ညီအခန်းကို ဘာသွားလုပ်တာလဲ၊ မင်းက ငါထင်ထားတဲ့အတိုင်း ပဲ မရှိးသားပါလား"

"အို"

သူမအသိဝင်လာပြီး ကိုနေမင်းထင် ရင်ခွင်ထဲမှ ရုန်းထွက်ကာ မတ်မတ်ရပ်လိုက်ပေမယ့် ရပ်နိုင်စွမ်းမရှိသေးဘဲ ယိုင်သွားသဖြင့် သူ့လက်တွေက ထိန်းထားဆဲပင် ဖြစ်သွားသည်။

"မင်းစိတ်တွေကို ထိန်းပါဦး မေတ္တာဘုံ၊ မင်းဘာတွေဖြစ်နေရတာလဲ"

"ကျွန်မ ကျွန်မ"

ဘုံ့နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ရီနေလေသည်။ ဘုံ ရှင်းပြဖို့ ကြိုးစားပေမယ့် မရပေ။ အသံတွေက မထွက်နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်တုန်ရီနေ၏။

"ဘွားဆီသွားမလို့ပါ၊ ဘုံ ဘွားမဟာဆန်ဆီ သွားရမယ်"

ဒေါက်တာမေတ္တာဘုံကို နေ မသကာတော့ပေ။ အနက်





ရောင်စံအိမ်ကြီးထဲမှာ သူ့စိတ်တွေ ချောက်ချားနေ၍ နေ အပြင်ထွက်ပြီး အခြေအနေကို စောင့်ကြည့်နေစဉ် ဒေါက်တာမေတ္တာဘုံကို တွေ့ရတာ နှစ်ကြိမ်ရှိပြီ။ သူမကိုကြည့်ရတာ ထိတ်ထိတ်ပြာပြာနှင့် ဖြစ်နေသည်။ တုန်ရီလိုက်မော ကြောက်ရွံ့နေပုံရ၏။ ဒေါက်တာမေတ္တာဘုံက ဖြူးကြောင်တဲ့မျက်ဝန်းတွေနှင့် မော့ကြည့်နေသည်။ ဖူးဖူးငုံငုံ နှုတ်ခမ်းသားလေးက ဆတ်ဆတ်တုန်ရီနေ၏။ သူ့အကြည့်တွေက သူမမျက်ဝန်းလေးတွေထဲ ထိုးဖောက်မတတ်စိုက်ကြည့်နေမိပြီး အဖြစ်မှတင်ရက်တာပင် သူ့စိတ်တွေ မကျေမနပ်ဖြစ်နေရလေသည်။

"ဘွားဆီ ဒီအချိန်ကြီး မင်းဘာသွားလုပ်မှာလဲ၊ မင်းနဲ့ညီ ချစ်သူတွေလား၊ ဒေါက်တာ ဒီအိမ်ကြီးထဲကို မင်း ဘာအကြံအစည်နဲ့တွေနဲ့ ရောက်နေရတာလဲ"

သူမ ဘာမှအဖြေမပေးချင်တော့၍ သူ့ရင်ခွင်ထဲမှရုန်းထွက်ပြီး ခန္ဓာကိုယ်လေးအား မတ်တည်နိုင်အောင် ကြိုးစားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ထင်ချင်သလိုထင်ပါ ကိုနေမင်းထင်၊ အရေးကြီးတ
က ကျွန်မ ဘွားမဟာဆန်အခန်းထဲ သွားရမယ်၊ ကျွန်မစိတ်ထဲ
ဘွားတစ်ခုခုဖြစ်မှာ ကြောက်နေမိသလိုပဲ"

"ကျုပ်လည်း ဘွားအခန်းသွားကြည့်မလို့ပဲ၊ အနက်ရော
စံအိမ်ကြီးထဲမှာ တစ်စုံတစ်ခုဖြစ်တော့မယ်လို့ ကျုပ်ထင်နေလို့
တိတ်ဆိတ်ငြိမ်ယက်နေတဲ့ အိမ်ကြီးထဲမှာ မင်းတစ်ယော
လှုပ်ရှားနေတယ် ဒေါက်တာ"

သူမ ဘာမှပြောမနေတော့ဘဲ ဘွားမဟာဆန် အခန်း
ဝင်လာခဲ့မိလေသည်။ ကိုနေမင်းထင်လည်း နောက်မှ ကပ်ပါ
၏။ ဘွားအခန်းထဲမှာပဲ ဘုံနေရမယ်။ ဒေါ်လေးမာယာဘုံကို
တော့ပေ။ မနက်ကျရင်တော့ အခြေအနေ အစစ်အမှန်တွေကို ဖွင့်
ပြလိုက်ဖို့လည်း ဆုံးဖြတ်ထားလိုက်မိသည်။ သူမစိတ်
ထိန်းချုပ်လိုက်ပြီး အိပ်မောကျနေသော ဘွားအနားသို့ တိုးကပ်
မိလေသည်။

"ဟင်"





"ဘာဖြစ်တာလဲ အမိ၊ ကျုပ်အဘွား ဘာဖြစ်သွားရတာ
လဲ"

ဘွားမဟာဆန် အိပ်ပျော်နေပုံက မသင်္ကာစရာတွေ မြင်
လိုက်ရသည်။ အသက်ရှူသွင်းနေခြင်း မရှိဘဲ ရင်ဘတ်က ငြိမ်
သက်နေ၏။ နှုတ်ခမ်းလေးက ခပ်ဟဟလေးဖြစ်နေသည်။

"ဘွားမဟာဆန်၊ ဘွားမဟာဆန် အိပ်ပျော်နေတာလား
ဘွားမဟာဆန်"

နေက အဘွားမဟာဆန်ရဲ့ လက်တွေကို လှုပ်ကိုင်ပြီး
ခေါ်နေသည်။ ဘုံကတော့ နားကြပ်ကို ယူကာ ဘွားရင်ဘတ်ကို
စမ်းသပ်လိုက်၏။ အသက်ရှုသံ မကြားရတော့ပေ။ အနားမှာရှိနေ
တဲ့ နှလုံးစက်နှင့် ခပ်မြန်မြန်လေး စမ်းသပ်ကြည့်တော့လည်း ဘွား
မဟာဆန် သေဆုံးသွားပြီဖြစ်ကြောင်း သိလိုက်လေသည်။

"ဘွားမဟာဆန် ဆုံးသွားပါပြီ"

"ဟင်"

ဒေါက်တာမေဗွာဘုံရဲ့ မျက်နှာကို သူ ဆတ်ခနဲကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ ဘွားမဟာဆန် ဆုံးသွားပြီတဲ့။ မဖြစ်နိုင်တာပဲ။ မနက်က ဘွားစကားတွေ ပြောနေတာပဲ။

"ကျုပ်အဘွားဆုံးတာ မဖြစ်နိုင်ပါဘူး၊ မနက်ကပဲ အကောင်းပဲ၊ ဒေါက်တာ မင်း မင်း ငါ့အဘွားကို သတ်လိုက်တာပဲ"

"ရှင်"

"မင်း ဒါကြောင့် စိတ်တွေလှုပ်ရှားနေတာ မဟုတ်လား။ တစ်ညလုံး မင်းပဲ စိတ်တွေယောက်ယက်ခတ်နေတာပဲ၊ ငါ့အဘွား အတွက် မင်းဘာဖြစ်လို့ ဒီလောက်အထိ စိတ်ပူနေရတာလဲ"

"ကျွန်မ ကျွန်မ စိတ်ကထင့်နေလို့ပါ၊ ကျွန်မက ဘွား တစ်ခုခုဖြစ်သွားမှာ စိုးရိမ်နေတာပါ၊ ဘွားမဟာဆန်ကို ကျွန်မ ဘာဖြစ်လို့ သတ်ရမှာလဲ"

ဘွားမဟာဆန်ကတော့ ဘုံထင်ထားတဲ့အတိုင်းပဲ လူလော ကထဲမှ ထွက်ခွာသွားခဲ့ရပါပြီ။ ဦးရန်နောင် သေဆုံးသွားတာင် တစ်လမပြည့်သေးပေ။ ဒေါ်လေးမာယာဘုံ လက်ဦးသွားပြီပဲ





အနက်ရောင်စံအိမ်ကြီးထဲက လူတွေကို တဖြည်းဖြည်း ဖဲ့ခြွေသွား တော့မည်ဆိုတာ ဘုံသိနေသည်။

"ဒေါက်တာ ကျုပ်အဘွားဆုံးသွားတာ တကယ်ပဲလား၊ မင်းပြောစမ်းပါ၊ မင်းအစောကြီးထဲက သိနေတာမဟုတ်လား၊ မင်း မင်း ဘာဖြစ်လို့ သိနေရတာလဲ"

ဒေါ်လေးမာယာဘုံအကြောင်း ဖွင့်ပြောလိုက်ရင်လည်း ဒေါ်လေးက ဓွတ်ငြင်းမှာပဲ။ ဘုံ့မှာ သက်သေအထောက်အထား မရှိပေ။ ကိုနေမင်းထင်ကို ဘုံ ဘယ်လိုပြောရမလဲ။ ဘုံ့နှုတ်ခမ်း တွေက စေ့ကပ်နေသည်။ ပြောဖို့အတွက် သတ္တိတွေမရှိပေ။ ဘုံကိုယ်တိုင်လည်း လူသတ်မှုကျူးလွန်ထားပြီး ဥပဒေကို ရှောင်တိမ်းလာရသူ ဖြစ်နေ၏။ ဒူးလေးတွေပင် တဆတ်ဆတ် တုန်ရီလာရသည်။

"နေ ဘာဖြစ်နေတာလဲ၊ မယ်မယ် ဘာဖြစ်လို့လဲဟင်၊ မမော်လာတောင် စိတ်ပူပြီး အိပ်ရာက လန့်နိုးလာတာ ရင်တွေပန်း သွေ တုန်လိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးမာယာဘုံကတော့ သေသပ်ပိရိစွာဖြင့် စိုးရိမ်ပူပန်မှုတွေနှင့် ဘွားမဟာဆန်ကို ကြည့်နေလေသည်။

"ဒေါက်တာ မယ်မယ် ဘာဖြစ်လို့လဲ၊ သွေးတိုးလို့လားဟင်၊ မယ်မယ် အိပ်နေတာပါနော်"

"ကျုပ်အဘွား ဆုံးသွားပြီ"

"ဘာ"

ဘုံ ရပ်နေရာကပင် ယိုင်ခွေလဲပြိုကျသွားချင်နေလေသည်။ ဒေါ်လေးမာယာဘုံနှင့် တုဖက်ပြီး ပြောဆိုနိုင်ခြင်း မရှိဘူးဆိုတာ ဘုံသိလိုက်၏။ မာယာများလွန်းတဲ့ မိန်းမတစ်ယောက်ပဲ။ ဘွားမဟာဆန်း သေဆုံးမှုအား ဘုံဘက် လွှဲချတော့မည် ဖြစ်လေသည်။

"နေပြောတာ ဟုတ်လား ဒေါက်တာ၊ ဒေါက်တာနဲ့ အန်တီတွေ့တုန်းက အကောင်းကြီးပါ၊ မယ်မယ် အသက်မရှိတော့ဘူးဟုတ်လား၊ ဆုံးသွားပြီ ဟုတ်လားဟင်"

ဒေါ်လေးမာယာဘုံက ဘွားမဟာဆန်ရဲ့ အလောင်းကို ဖက်ပြီး ကြေကွဲဝမ်းနည်းစွာ ငိုကြွေးနေလေသည်။ ဘုံ ကျောက်ရုပ်





စ်ရုပ်လို ရပ်နေမိ၏။ ဘွားမဟာဆန် သေဆုံးမှုတွေအတွက် သက်ာစရာ ဘုံပဲရှိနေတော့သည်။

"မယ်မယ်ရယ် ဖြစ်မှဖြစ်ရလေ၊ မယ်မယ် အသက် ည်း ကြီးပါပြီ၊ သွေးလည်းတိုးနေလို့ မာလာစိတ်ပူနေတာပါနော်"

ဒေါ်လေးမာယာဘုံရဲ့ အကြောင်းတွေကို ဖွင့်ပြောပြဖို့ ဘုံ ယ်တိုင် သတ္တိတွေမရှိဘဲ ဖြစ်နေရသည်။ စိတ်တွေက ပြောပြ ဆုံးဖြတ်ထားပေမယ့် ဘုံနှုတ်ခမ်းတွေက စေ့စပ်နေ၏။ အသံပင် ွက်။

"ဘယ်လိုဖြစ်ရတာလဲ မယ်မယ်ရယ် အင်းလေ လူကြီး တော့လည်း ရုတ်တရက် ဖြစ်တတ်တာပါပဲ၊ နေရော ဘယ်လို ပ်ပြီးသိတာလဲ၊ ဒေါက်တာ ဒီကိုဘယ်လိုဖြစ်ပြီး ရောက်လာရ လဲဟင်"

"ဒေါက်တာ မင်းကို ကျုပ်မယုံဘူး၊ မင်း ကျုပ်အဘွား သတ်လိုက်တာပဲ၊ ဒီအိမ်မှာ မသင်္ကာစရာအကောင်းဆုံးက ါက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဘုံ့စိတ်ထဲမှာ ရှင်းပြလိုတဲ့ဆန္ဒတွေ ရှိမနေတော့ပေ။ ဒေါ်မာယာက ဘုံ့အပေါ် အရာအားလုံး လွှဲချတော့မည်။ အတ္တကြီးပြီး ရက်စက်တတ်လွန်းတဲ့ ဒေါ်လေးမာယာဘုံကို ဘုံ ဘယ်လိုယှဉ်နိုင်မှာလဲ ဘွားမဟာဆန်ရယ်။ ဘုံ မကာကွယ်မစောင့်ရှောက်နိုင်ခဲ့ဘူး။ ဘုံ့ရင်ထဲမှာ မောဟိုက်တုန်ရီလှိုက်ခါနေလေသည်။ လမင်းသာရော ဘာတွေဖြစ်နေပြီလဲ။ ဒေါ်လေးမာယာကို တောင်းပန်ပြီး အနက်ရောင်စံအိမ်ကြီးထဲကနေ ဘုံ ထွက်သွားတော့မည်။ ဘွားမဟာဆန် သေဆုံးမှုအတွက် အပေါက်ကွဲဆုံးက နေမင်းထင်ပင်ဖြစ်နေသည်။ လမင်းသာလည်း ရောက်လာပြီး ဘုံ့ကို စူးစူးဝါးဝါးကြည့်နေ၏။

"ဒေါက်တာ မင်း. မင်း ငါ့အဘွားကိုသတ်လိုက်တာပဲ၊ ဒီတစ်ခါတော့ ငါ လုံးဝသည်းမခံနိုင်တော့ဘူး၊ သက်ဆိုင်ရာကိုတိုင်ရမယ်၊ အနက်ရောင်စံအိမ်ကြီးကို မင်းရောက်လာတာ မရိုးသားဘူး"





"ဘုံက ဘွားကိုသတ်တာ မဖြစ်နိုင်ဘူး ကိုကို၊ အစောကြီးထဲက ဘုံက လအိပ်ခန်းထဲ ရောက်နေတာပါ၊ လနဲ့အတူရှိနေတာ သက်သေခံလို့ရတယ်၊ ဘုံမသတ်ဘူး ကိုကိုအရမ်းမစွပ်စွဲပါနဲ့၊ ဘွားကို လုပ်ကြံတာဆိုရင် တခြားသူပဲဖြစ်ရမယ်"

လက ဝင်ရောက်ပြောလိုက်သည်။ ဘွားကို လုပ်ကြံတာဆိုရင် ဒေါက်တာမေတ္တာဘုံတော့ မဖြစ်နိုင်ပါဘူး။ ဘုံက လနဲ့ရှိနေတာပဲ။ ဘွားကိုစောင့်ရှောက်ဖို့ ဘွားအခန်းထဲ သွားချင်နေတာလသိသည်။ ဖြစ်နိုင်တာက မမမာလာပဲ။ လ စိတ်ထဲမှာ ဒက်ဒီနောက်မိန်းမ ဒေါ်မြင့်မြတ်မာလာကို ကြောက်နေမိသည်။ လကိုမြူဆွယ်စည်းရုံးနေတာပါ။

"ဘုံ့မှာ အပြစ်မရှိပါဘူး၊ လ ထောက်ခံတယ်၊ ဘွားအသက်ကြီးလို့ ရုတ်တရက် သေဆုံးသွားတာဖြစ်နိုင်သလို တခြားသူတစ်ယောက်လည်း ဖြစ်နိုင်တာပဲ၊ ကိုကို အရမ်းမစွပ်စွဲပါနဲ့"

ဒေါ်မာယာဘုံကတော့ အခြေအနေကို ထိန်းချုပ်ရန်ကြိုးစားရတော့မည်ဖြစ်လေသည်။ မေတ္တာဘုံက လနဲ့ရှိနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိမိ ဒီလောက်အထိ တားဆီးနေတဲ့ကြားကနေ လကို မြူဆွယ်ဖြားယောင်းတယ်။ ညည်း ကျူပ်အကြောင်း ကောင်းကောင်းသိရမယ် မေတ္တာဘုံ။ ဒေါ်မဟာဆန် သေဆုံးရမှုမှာ မိမိကိုလည်း အမှုပတ်လာနိုင်၍ ဒေါ်မာယာဘုံ အခြေအနေကို ထိန်းလိုက်လေသည်။

"အားလုံးရှုပ်ထွေးသွားအောင် ဘယ်သူ့ကိုမှ စွပ်စွဲမနေကြပါနဲ့တော့၊ နေနဲ့လ အနက်ရောင်စံအိမ်ကြီးရဲ့ ဂုဏ်သိက္ခာက ရှိသေးတယ်၊ ဘွား အသက်ကြီးပါပြီလေ၊ သဘာဝအတိုင်း သေဆုံးတာလည်း ဖြစ်နိုင်ပါတယ်လေ၊ မယ်မယ့်အသုဘအခမ်းအနားကို အကောင်းဆုံးဖြစ်အောင် လုပ်ကြရမယ်၊ ကဲ ပြင်ဆင်ကြတော့"

ဒေါ်မာယာဘုံပဲ ဖွတ်အတင်း အသုဘကိစ္စကို စီစဉ်ပစ်လိုက်လေတော့သည်။

## အခန်း (၂၃)

"ညိုပြာ"

"ရှင်"

"ဒေါက်တာမေတ္တာဘုံက နေ့ကိုကြိုက်နေတာလေ၊ နေ့ကို မြူဆွယ်ဖြားယောင်းနေတာ ဒေါက်တာမေတ္တာဘုံဟာ မရိုးသားတော့ဘူးထင်တယ်"

မာယာဘုံကတော့ အနက်ရောင်စံအိမ်ကြီးကို အုပ်စိုးဖို့ အမြန်ဆုံးကြိုးစားရတော့မည်ဖြစ်သည်။ မေတ္တာဘုံ အားလုံး ညည်း အပေါ်ပုံချရမယ်။ မတတ်နိုင်တော့ဘူး။ ကြာရင် ညည်းက နေ့ အတွက် ကျူပ်ကို ချောက်ထဲတွန်းချတော့မယ်။ လကလည်း ညည်း





www.burmeseclassic.com

www.burmeseclassic.com



မှည့်ည်းဖြစ်နေပြီ။ ကျုပ် သည်းမခံနိုင်တော့ဘူး။ ညိုပြာက နေ့ကို ကြိတ်ပြီး ချစ်နေသည်။ မေတ္တာဘုံအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်နေ၏။ မာယာဘုံရဲ့ခွင်ပဲ။

"ဘွားကိုလည်း ရှင်းပစ်လိုက်တာဖြစ်နိုင်တယ်၊ သက်သေ မရှိလို့ အန်တီမာလာ မစွပ်စွဲတာပါ၊ အနက်ရောင်စံအိမ်ကြီးထဲမှာ ရှိတဲ့ မိသားစုဝင် ဂုဏ်သိက္ခာအတွက် ပြဿနာမရှာတာပါ"

ညိုပြာမျက်ဝန်းတွေကလည်း တင်းမာနေလေသည်။ ဒီဆရာဝန်မကို အရမ်းမုန်းတာပဲ။ သတ်ပစ်ချင်တယ်။ ကိုကြီးကို မြူဆွယ်ဖြားယောင်းနေတာ ဖြစ်နိုင်တာပဲ။ မုန်းလိုက်တာ။ ရှင် ကိုကြီးကို ရယူဖို့ မကြိုးစားနဲ့နော်။ ဟိုနေ့က ညိုပြာ လုပ်ကြံတာပဲ။ ရှင်ကံကောင်းသွားတယ်မှတ်ပါ။

"အန်တီမာလာက ပထမတော့ ဒီဒေါက်တာမကို ရိုးသား တယ်ထင်တာ အခုတော့ မသင်္ကာဖြစ်လာရပြီ၊ နေကိုယ်တိုင်က ဒေါက်တာမေတ္တာဘုံကို ချစ်နေတဲ့ပုံပဲ၊ ညကလည်း သူတို့နှစ် ယောက်ကို တွဲပြီးတွေ့တယ်၊ ညဘက်ချိန်းတွေ့ကြတာလားတောင်





မသိဘူး"

"ဟင်"

ညိုပြာက ပညာမတတ် ဘာမတတ် မိန်းကလေးပဲ။ နေကိုလည်း ကြိတ်ပိုးနေတာ သိသာသည်။ ဒေါက်တာမေတ္တာဘုံ ကိုလည်း မုန်းနေ၏။ သတ်ပစ်ဖို့ပင် ကြံစည်နေ၏။ မာယာဘုံက သွေးထိုးပေးလိုက်သဖြင့် ပို၍ဒေါသတွေ ပေါက်ကွဲနေရသည်။

"နေက မေတ္တာဘုံကို လက်ထပ်တော့မယ် ထင်တာပဲ ကွယ်"

ညိုပြာ ဆက်နားမထောင်တော့ဘဲ ထွက်လာခဲ့လေသည်။ အစ်ကိုကြီးကိုတော့ ဘယ်မိန်းမမှ ယူပိုင်ခွင့်မရှိဘူး။ မရစေရဘူး။ ညိုပြာ့မျက်ဝန်းတွေက တင်းမာခက်ထန်နေလေသည်။ ဒေါက်တာ မေတ္တာဘုံကို ရှင်းပစ်ရမယ်။ သတ်ပစ်ရမယ်။ ကိုကြီးနဲ့ ညိုပြာက ငယ်ငယ်လေးထဲက အတူနေလာခဲ့တာပါ။ ကိုကြီး ဘယ်တော့မှ မိန်းမယူခွင့်မပြုနိုင်ဘူး။ တစ်ခါတလေ ညိုပြာ့အပေါ် ကိုကြီး ကြင်ကြင်နာနာ ဆက်ဆံတယ်။ ဒေါ်မြင့်မြတ်မာလာနဲ့ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဘုံကိုပဲ ရန်ရှာတာပါ။ ဟုတ်တယ်၊ ရှင်က ကိုကြီးကို မြူဆွယ်ဖြားယောင်းနေတာပဲ။ ကိုကြီးအခန်းထဲလည်း ဝင်တယ်။ ညကရော ဘာဖြစ်လို့ အချိန်မတော်ကြီး အတူရှိနေကြတာလဲ။ ညိုပြာ တွေးရင်း ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲနေရလေသည်။

"အနက်ရောင်စံအိမ်ကြီးကို ရှင်အကောက်ကြံဖို့ ရောက်လာတာလဲ၊ ကိုကြီးကို အပိုင်ကြံစည်တာပဲ၊ ရမလား ရှင့်ကို အရမ်းမုန်းတယ်၊ ဒေါက်တာမေတ္တာဘုံ ရှင့်ကို အရှင်မထားဘူး"

ညိုပြာ အိပ်စက်လို့မရအောင် စိတ်တွေ ယောက်ယက်ခတ်နေရသည်။ ဒေါက်တာမေတ္တာဘုံကို ကိုကြီးကိုယ်တိုင် စိတ်ဝင်စားနေပြီလား။ သူမ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။ ဘွားမဟာဆန် အသုဘကိစ္စပြီးသွား၍ အနက်ရောင်စံအိမ်ကြီးထဲ စိတ်ချောက်ချားဖွယ် ကောင်းလောက်အောင် ငြိမ်သက်နေသည်။ ညိုပြာ ခြေသံကို ခပ်ဖွဖွနင်းရင်း ဒေါက်တာမေတ္တာဘုံ အခန်းနားရောက်လာသည်။ အနက်ရောင်စံအိမ်ကြီးမှာ ရှိနေတဲ့ သော့တွေ





အားလုံး အမေက အိမ်တော်စိုးကြီးဖြစ်၍ အမေ့ဆီမှာရှိနေသည်။ ညိုပြာ့လက်ထဲမှာ ကိုင်ထားတဲ့သော့နှင့် အခန်းကို ဖွင့်လိုက်တော့၏။ တစ်ယောက်ယောက်က ညိုပြာ့လက်အား ဖမ်းယူဆုပ်ကိုင်ထားလိုက်သည်။

"ဟင်"

"ညိုပြာ နင်ဘာလုပ်မလို့လဲ၊ ဘုံ့ကို နင်ဘာကြံစည်ဖို့ ရောက်လာရတာလဲ"

"ကိုလေး"

"ပြစမ်း နင့်လက်ထဲက ဘာကြီးလဲ"

"အား"

"ဒေါက်"

ညိုပြာ့လက်ထဲမှ ကိုင်ထားတဲ့ဓားက ပြုတ်ကျသွားတော့သည်။

"နင် နင်က ဘုံ့ကိုသတ်မလို့ပေါ့လေ၊ ဘုံက ငါချစ်သူပဲ၊ ငါနဲ့လက်ထပ်မှာလေ၊ နင် နင် ငါ့ချစ်သူကိုသတ်မယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး"

"ဒုတ်"

"အား"

"ဒုတ်"

"ဒုတ်"

ခွေခနဲလဲကျသွားတဲ့ ညီပြာကို လမင်းသာ ဒေါသတကြီး ဆောင့်ကန်လိုက်သေးသည်။

"ကျွိ"

"ဟင်"

အခန်းအပြင်ဘက်မှ လဲပြိုကျသံတွေကြောင့် ဘုံ လန့်နိုး သွားပြီး အခန်းထဲက ထွက်လာမိလေသည်။

"ဟင်"

"ဘုံ ဒီမှာကြည့်စမ်း ညီပြာက ဘုံ့ကိုသတ်မလို့ ဓားနဲ့ ရောက်လာတာလေ၊ ကိုယ် အချိန်မီရောက်လာလို့ပေါ့၊ ဘုံ့အသက် ကို ကိုယ်အချိန်မီ ကယ်တင်လိုက်နိုင်တာပါ"





"သူ သူသေသွားပြီလားဟင်"

"မသိဘူး ထားခဲ့ပါ၊ ကိုယ် မမမာလာကိုလည်း ရှင်းပစ် ခဲ့ပြီးပြီ"

"ရှင်"

"မမမာလာက ကိုယ့်ကို ယူရမယ်တဲ့၊ သူက ကိုယ့်ကို ချစ်နေပြီတဲ့၊ ကိုယ့်အခန်းထဲဝင်လာပြီး ကိုယ့်ကို အကြပ်ကိုင်တယ် လေ၊ မယူရင် သူ့ကို ကိုယ်က စော်ကားဝါတယ်လို့ အိမ်သားတွေ ကို ဖွင့်ပြောပြီး ရဲကိုတိုင်မယ်တဲ့လေ"

"ဟင်"

လမင်းသာရဲ့ မျက်ဝန်းတွေ ပြူးကြောင်ပြီး စိတ်ဂယောက် ဂယက် ဖြစ်နေကြောင်း သိသာနေသည်။ သူ သူ စိတ်မမှန်တော့ ဘူး။ ဘုံ အထိတ်တလန့်နှင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားရ သည်။ သူ့လက်ထဲမှာလည်း ဓားနှင့်ပါ။

"ဘုံ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သွားကြမယ်၊ ကိုယ်တို့ ဒီစံအိမ်ကြီးထဲကနေ ထွက်သွား ကြမယ်၊ ဘွားအခန်းထဲ မီးခံသေတ္တာဖွင့်ပြီး ကိုယ်ရွှေတွေယူခဲ့တယ် ဒီကနေ ဝေးရာကို ထွက်ပြေးပြီး အေးအေးချမ်းချမ်းနေကြမယ်လေ"

"အင်း…ဘုံလိုက်မယ်၊ လနဲ့အတူ ဘုံလိုက်ခဲ့မယ်နော် ဒေါ်မြင့်မြတ်မာလာကို ဘာလုပ်လိုက်လဲ"

သူ့စိတ်တွေ မူမမှန်တော့၍ ဘုံ အလိုက်အထိုက်ပြော လိုက်ရလေသည်။ ဒေါ်လေးမာယာဘုံ ဘာဖြစ်ကျန်ခဲ့ပြီလဲမသိဘူး သွေးသားမတော်စပ်ပေမယ့် ဘုံ စိတ်တော့ပူပင်နေမိသည်။

"သတ်လိုက်တာလေ၊ ခေါင်းကို ပန်းအိုးနဲ့ရိုက်ပစ်လိုက် တာပဲ၊ အခုလောက်ဆို သေပြီထင်တယ်၊ ဒါတွေ ဘာမှစဉ်းစား မနေပါနဲ့တော့ ဘုံရယ်၊ ကိုယ်တို့ ထွက်ပြေးကြမယ်၊ တားဆီးတဲ့ လူက ရန်သူပဲ၊ ကိုယ်ရှင်းပစ်မယ်"

လမင်းသာက ဘုံ့လက်တွေကို အတင်းဆွဲခေါ်ပြီး ထွက် ပြေးလေတော့သည်။ ဘုံ ဘယ်လိုလုပ်ရမလဲ။ ဒေါ်လေးမာယာ ရော ညိုပြာရော အချိန်မီ အသက်ကယ်ချင်နေမိ၏။ လက





တော့။ စိတ်တော့ ဖောက်ပြန်သွားပြီဖြစ်သည်။ ခြံထဲမှာ ခြံစောင့် ကြီးရှိနေ၏။ ခြံစောင့်ကြီးကို အကူအညီတောင်းရမယ်။ လမင်းသာ ကို အချိန်မီ တားဆီးရမှာပဲ။

"လ မင်းဘယ်သွားမလို့လဲ"

"ကိုကို"

"ဘာတွေဖြစ်ကုန်ပြီလဲ လ၊ မင်းလက်ထဲမှာလည်း ဓားကြီးနဲ့ပါလား"

"လ အကုန်လုံးကိုရှင်းခဲ့ပြီ ကိုကို၊ ဘယ်သူမှမတားနဲ့ တော့၊ ဒီကနေထွက်သွားတော့မယ်၊ ဒေါက်တာနဲ့ လက်ထပ်မယ်၊ လဘဝမှာ ဒေါက်တာမရှိရင် မဖြစ်တော့ဘူး၊ ဒေါက်တာနဲ့ လက ချစ်သူတွေဖြစ်နေပြီ၊ လက်ထပ်ကြတော့မယ်"

"ကိုနေမင်းထင် သူပြောတာတွေ မဟုတ်ဘူး၊ ကျွန်မကို အတင်းအကြပ်ခေါ်သွားတာပါ၊ လောလောဆယ် ဒေါ်မြင့်မြတ် မာလာနဲ့ ညိုပြာ့အသက်ကို ကယ်ရမယ်"

လမင်းသာလက်ထဲကနေ ရှန်းထွက်လိုက်ပြီး ကိုနေမင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်အနား ရောက်သွားလေသည်။

"ဘုံ မင်း ငါ့နောက်ကိုလိုက်မယ်ဆို၊ ငါနဲ့လက်ထပ်မယ်ဆို၊ လာလေ ငါက မင်းကို လုံးဝလက်လွှတ်ခံမှာမဟုတ်ဘူးနော်၊ ကိုကို ဖယ်ပါ၊ တစ်သက်လုံး လက်နှိမ်ပြီး ဘေးဖယ်ထားခဲ့တာ၊ မုန်းတီးနေခဲ့တာတွေ ဒီနေ့ အဆုံးသတ်ပစ်မယ်"

"ကိုနေမင်းထင် ဘုံပြောတာကိုယုံပါ၊ သူ သူ့ စိတ်မမှန်တော့ဘူး၊ ဘုံ့ကို အထင်မလွဲပါနဲ့၊ ဘုံ အားလုံးရှင်းပြပါ့မယ်"

လရဲ့မျက်ဝန်းတွေ မတည်မငြိမ်နှင့် စိတ်မတည်ငြိမ်မှုတွေကို သံသာနေလေသည်။ အနက်ရောင်စံအိမ်ကြီးရဲ့ အရှုပ်အထွေးတွေကို ရှင်းလင်းပစ်ဖို့ နေ ဆုံးဖြတ်လိုက်လေသည်။

"လ ကိုကိုတောင်းပန်ပါတယ်၊ တစ်ချိန်က ကိုကို အတ္တကြီးခဲ့တာပါ၊ တကယ်တော့ လရော ကိုကိုရော သွေးသားရင်း ညီအစ်ကိုတွေပါပဲကွာ၊ ဘွားနဲ့ ဒက်ဒီလည်း ရှိတော့ပါဘူး၊ ကိုကိုတို့ ညီညွတ်သင့်နေပါပြီ"

ညီဖြစ်သူ လအပေါ် သူ အတ္တကြီးခဲ့တာ နောင်တရနေ





ပါသည်။ လ အကြည့်တွေက မြွေကြောင်မှာ နေ့ကို ကြည့်နေပေ နေ စိတ်မကောင်းဖြစ်သွားရ၏။ လထို သူ အစော်ကားခံသလို ပစ်ထားခဲ့လေသည်။ လကို ပထမဆုံးအကြိမ် သံယောဇဉ်တွယ်မိသွားရ၏။

"လရယ် အမှားတွေဆက်မလုပ်ကြရင် ကောင်းမယ်ထင်တယ်၊ ကိုကိုတို့ မှားခဲ့ကြပြီပဲ"

"ကိုကိုဖယ်ပါ၊ ဘုံ မင်းကို ငါ ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူးနော်၊ ကိုကိုဖယ်ပါ၊ ဘုံ့ကိုခေါ်ပြီး လ ထွက်သွားတော့မယ်"

"လဆန္ဒတွေကို ဖြည့်စွမ်းပေးပါ့မယ်၊ ဒေါက်တာမေတ္တာဘုံနဲ့ လက်ထပ်ပေးမယ်၊ ထွက်ပြေးစရာမလိုပါဘူး လရယ်၊ ကိုကိုက အကြီးပဲ၊ လကို စောင့်ရှောက်ရတော့မယ်၊ မေတ္တာဘုံ မင်းကိုယ့်ညီကိုလက်ထပ်၊ မင်းတို့လက်ထပ်ပွဲကို ကိုယ် အခမ်းနားဆုံး ကျင်းပပေးမယ်၊ မင်းလက်ခံပါ"

မေတ္တာဘုံကို သူ မျက်ရိပ်ပြလိုက်သဖြင့် လကို လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ လက်ခံလိုက်လေသည်။ လ ပျော့ရွှင်ကျေနပ်သွားပြီး ဓားကိုပေး၏။ နေကတော့ အစ်ကိုကြီးပီသဖို့ပဲ ဆုံးဖြတ်လိုက်လေသည်။



## အခန်း (၂၄)

အနက်ရောင်စံအိမ်ကြီးက ရှုပ်ထွေးသထက် ရှုပ်ထွေးသွားရလေသည်။

ဒေါ်လေးမာယာဘုံရဲ့ ဒဏ်ရာက သိပ်မကြီးပေမယ့် သွေးထွက်လွန်ပြီး သေဆုံးသွားတော့၏။ အနက်ရောင်စံအိမ်ကြီးရဲ့ ကံကြမ္မာဆိုးကြီးတွေ ကင်းရှင်းလွတ်မြောက်သင့်ပါပြီ။ ညိုပြာကတော့ သတိလစ်ရုံပဲ ဖြစ်လေသည်။

“ကျွန်မ မှားပါတယ် အစ်ကိုကြီးရယ်၊ ဒေါ်မြင့်မြတ်မာလာက သွေးထိုးပေးလို့ပါ၊ ဒေါက်တာ့ကိုလည်း တောင်းပန်ပါတယ်၊ ညိုပြာ နောက်ထပ် အဲဒီလိုပြစ်မှုမျိုးတွေ မလုပ်တော့ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



ညိုပြာ ငိုကြွေးပြီး တောင်းပန်နေလေသည်။ လကတော့ သွက်သွက်ခါအောင် ရူးသွပ်သွားတော့၏။ အနက်ရောင်စံအိမ်ကြီးက လူတွေ ကံကြမ္မာက ကြောက်စရာကောင်းလောက်အောင် ကံဆိုးမိုးမှောင်ကျသွားရလေသည်။

"ကိုနေမင်းထင်"

"ဟင်"

"ဘုံရဲ့ပြစ်မှုတွေကို ဘုံ ဝန်ခံပြောပြချင်ပါတယ်"

"ဟင်"

နေမင်းထင်ကတော့ ဒေါက်တာမေတ္တာဘုံကို အပြစ်ကင်းစင်ပြီး ဖြူစင်တဲ့မိန်းကလေးတစ်ယောက်ပဲ ဖြစ်စေချင်မိသည်။

မေတ္တာဘုံ ဘယ်လိုပြစ်မှုတွေများ ကျူးလွန်ထားလဲ။ သူ့စိတ်တွေ ပူပင်သွားရသည်။

"တကယ်တော့ ဒေါ်မြင့်မြတ်မာလာက ဘုံရဲ့ဒေါ်လေးပါ၊ နာမည်က မာယာဘုံတဲ့၊ ဘုံ ဒီကိုရောက်လာတာလည်း သူ့နဲ့ပတ်သက်ပြီး ရောက်လာတာပါ"





"ဟင်"

ဘုံကတော့ ကိုနေမင်းထင်အား အဖြစ်မှန်တွေ ဖွင့်ပြောလိုက်မိလေသည်။ သက်ဆိုင်ရာကိုလည်း အဖြစ်မှန်တွေ ဖွင့်ပြောပြီး အပြစ်တွေခံယူဖို့ ဆုံးဖြတ်လိုက်၏။ ကျူးလွန်ထားသည့် ပြစ်မှုအား ရှောင်တိမ်းနေခြင်းထက် ရင်ဆိုင်လိုက်တာ အကောင်းဆုံးပါပဲ။ ဘုံ့အပေါ် အုပ်မိုးနေတဲ့ အမဲမှောင်ထုကြီးအား ဖယ်ရှားပစ်ရမည်ဖြစ်လေသည်။

"ဒေါ်လေးမာယာဘုံရဲ့ လှည့်ကွက်ထဲ ဘုံ တိုးဝင်သွားခဲ့ရတာပါ၊ ဘုံ ရှောင်တိမ်းမနေချင်တော့ပါဘူး၊ အပြစ်ကိုခံယူဖို့ ဆုံးဖြတ်လိုက်ပါပြီလေ"

နေစိတ်တွေ တုန်လှုပ်ချောက်ချားစွာဖြင့် ဒေါက်တာမေတ္တာဘုံကို ကြည့်မိလေသည်။ မင်းကို အထင်မသေးတဲ့အပြင် ကို အရမ်းပဲ သနားကြင်နာသွားရပါပြီ။ ကိုယ်လည်း အတွေ့ကြီးခဲ့တာပဲ။ ကိုယ့်ဘဝရဲ့ကံကြမ္မာတွေ ဆိုးဝါးခဲ့တာပဲ။ မာမီရဲ့ စိတ်ဒေါသတွေကို မျှဝေခံစားရင်း သောကဝေဒနာတွေ ခံစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောပဲ အနှိမ်ခံဘဝ၊ ဥပေက္ခာပြုထားတဲ့ဘဝ၊ စိတ်သောကဆေဒနာတွေနှင့် နှစ်ပေါင်းများစွာ ရင်ဆိုင်ဖြတ်သန်းခဲ့ရရှာလေသည်။

"ကျွန်မတောင်းပန်ပါတယ် ကိုနေမင်း!ထင်၊ ကျွန်မကို ရှင့်ဆန္ဒအတိုင်းသာ စီစဉ်လုပ်ဆောင်ပါ၊ ကျွန်မ ကျေကျေနပ်နပ် လက်ခံပါတယ်"

သူကတော့ အမုန်းတွေ၊ အတ္တတွေ၊ နာကြည်းမှုတွေကို ဖယ်ရှားစွန့်ပစ်ချင်နေမိပြီ ဖြစ်လေသည်။ ရင်ဆိုင်ဖြတ်သန်းရတဲ့ ဆိုးကျိုးတွေက ကြောက်စရာကောင်းလောက်အောင် များပြားလွန်းနေ၏။ ရုပ်ရည်ချောမောခန့်ညားပြီး အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် နေတတ်တဲ့ လလည်း အရူးဘဝသို့ ရောက်သွားရရှာလေသည်။ ဒက်ဒီရော နောက်ဆုံး အသေဆိုးနဲ့ သေဆုံးခဲ့ရ၏။ ပြီးတော့ ဒေါ်မြင့်မြတ်မာလာကိုယ်တိုင်ပင် အတ္တရဲ့သားကောင် ဖြစ်သွားရသည်။ နေကိုယ်တိုင်ပင် နှစ်ပေါင်းများစွာ စိတ်သောကတွေနှင့် မငြိမ်းချမ်းစွာ နေခဲ့ရသည်။

"သက်ဆိုင်ရာကို အကြောင်းကြားလိုက်ပါ ကိုနေမင်းထင်၊ ဘုံ လွန်ကျူးခဲ့တဲ့ အပြစ်တွေကို ဥပဒေနဲ့ ဆေးကြောချင်ပါတယ်၊ ဖြူစင်တဲ့ဘဝလေးကို တစ်ကနေ ပြန်စချင်ပါတယ်လေ"





"ဒေါက်တာ ဟို ဟိုလေ ညီပြာလည်း အပြစ်ခံယူမယ်၊ ဒေါက်တာကို သေကြောင်းကြံပါတယ်လို့ ဝန်ခံမယ်"

"ညီပြာလေးက ပြောစရာမလိုပါဘူးကွယ်၊ ဒီလိုပဲ မှားတတ်တာပဲ၊ ဘုံ ခွင့်လွှတ်ပါတယ်၊ ဖွင့်ဟဝန်ခံစရာမလိုပါဘူး"

"အမလေး ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်၊ ညီပြာမှားပါတယ်၊ ညီပြာ့အပြစ်တွေကိုလည်း ရှိခိုးပြီးတောင်းပန်ချင်ပါတယ်"

နေမင်းထင်ကလည်း သက်ဆိုင်ရာကို အကြောင်းကြားဖို့ပဲ ဆုံးဖြတ်လိုက်လေသည်။ အပြစ်တွေကို ဥပဒေနဲ့ပဲ ဆေးကြောချင်နေမိ၏။ ညစ်ထေးညှိုးနွမ်းမနေစေရန် ဘာကိုမှ ဖုံးကွယ်လှို့ဝှက်နေစရာ မလိုတော့ဟု ထင်မိသည်။

"ဒေါက်တာ့အတွက်တော့ ကိုယ်စိတ်မကောင်းပါဘူး၊ ဒါပေမယ့် သက်ဆိုင်ရာကိုတော့ မဖြစ်မနေ ကိုယ်အကြောင်းကြား

www.burmeseclassic.com



ရှမှာပဲလေ”

“ကောင်းပါတယ် ကိုနေမင်းထင်၊ ဘုံလည်း ဆုံးဖြတ်ပြီး ပါပြီ”

အနက်ရောင်စံအိမ်ကြီးကို အုပ်မိုးနေတဲ့ သောကတွေ၊ ဒုက္ခတွေ၊ အတ္တတွေအားလုံးကို ဖယ်ရှားစေချင်နေမိတဲ့ ဆန္ဒတွေ ဘုံ့ရင်ထဲမှာ ပြင်းပြစွာရှိနေမိလေသည်။ ကိုနေမင်းထင်ရဲ့ မျက်ဝန်းတွေထဲမှာ နာကြည်းမှုတွေ ဒေါသတွေ တင်းမာခက်ထန်မှုတွေ ကင်းစင်နေတာပဲ ဘုံ မြင်တွေ့ချင်ပါတယ်လေ။ နေမင်းကြီးဟာ ပူပြင်းလောင်မြိုက်စေပေမယ့်လည်း လူ့လောကကြီးအတွက် အကျိုးပြုစေခဲ့တာတွေရှိပြီး မရှိမဖြစ်လိုအပ်နေတာပဲ မဟုတ်လား။

သက်ဆိုင်ရာတွေ ရောက်လာပြီး စစ်ဆေးမှုတွေ ပြုလုပ်သည်။ ဘုံ့ရဲ့ အဖြစ်အပျက်တွေအားလုံးကို ပြောပြဝန်ခံလိုက်လေသည်။ ဒေါ်လေးမာယာဘုံ အလောင်းကိုလည်း သယ်ဆောင်သွားကြ၏။ လကိုတော့ လူမှန်းမသိအောင် ရူးသွပ်သွား၍ စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဆောင်ရန် စီစဉ်ကြလေသည်။





“ဒေါက်တာမေတ္တာဘုံရဲ့ ဖြစ်မှုအတွက် ရန်ကုန်မှာရှိတဲ့ သက်ဆိုင်ရာဌာနကို အကြောင်းကြားတော့ အမှုဖွင့်တိုင်ကြားခြင်း မရှိဘူးတဲ့”

“ရှင်”

“ဦးအဂ္ဂဆိုတဲ့လူလည်း မသေဘူးတဲ့၊ လွန်ခဲ့တဲ့တစ်လလောက်ကမှ အိမ်ကို အပြီးအပိုင် ရောင်းချပြီး နိုင်ငံခြားကို ထွက်သွားပြီတဲ့”

“ဟင်”

ဘုံ့ကို ဒုက္ခပေးတာ ဒေါ်လေးမာယာဘုံပဲ။ ရက်စက်လိုက်တာ။ ဦးလေးအဂ္ဂမသေဘဲ သေပြီဆိုကာ ဘုံကို အသုံးချခဲ့လေသည်။

“အမှုက ရှုပ်ထွေးနေတော့ ဒေါက်တာ ဒီကနေ ထွက်မသွားပါနဲ့ဦး၊ တကယ်တမ်းကြတော့ ဒေါက်တာ့မှာ အပြစ်မရှိပါဘူး၊ ဒါပေမယ့် သက်သေအဖြစ်တော့ ဒီမှာပဲရှိနေပေးပါ”

“ဟုတ်ကဲ့၊ လိုအပ်သလိုသာ အရေးယူပါ၊ လိုအပ်သလို

www.burmeseclassic.com



ဘုံလုပ်ဆောင်ပေးပါ့မယ်''

ပြဿနာတွေရှင်းပြီးရင်တော့ ဘုံ ရန်ကုန်ပဲ ပြန်ဖို့ဆုံးဖြတ်ထားလေသည်။ စိတ်တွေ မောပန်းနာကျင်ရလွန်းနေ၏။ အနက်ရောင်စံအိမ်ကြီးလည်း တိတ်ဆိတ်ခြောက်သွေ့နေသည်။ လမင်းသာလည်း နှလုံးရောဂါနှင့် ရုတ်တရက် ကွယ်လွန်သွားရရှာ၏။ အမှုတွေကလည်း ဥပဒေကြောင်းအရ ရှင်းလင်းစရာရှိတာတွေ ပြီးဆုံးသွားပြီ ဖြစ်လေသည်။ ဘုံလည်း အနက်ရောင်စံအိမ်ကြီးထဲမှာ နေစရာအကြောင်း မရှိတော့ပေ။ ဘုံ ထွက်သွားဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။

''ကိုနေမင်းထင့် ဘုံ ဒီကနေထွက်သွားပါရစေတော့၊ ဘုံ ကျူးလွန်ခဲ့တဲ့ ဖြစ်မှုတွေအတွက်လည်း တောင်းပန်ပါတယ်၊ အားလုံးအတွက် ဘုံ စိတ်မကောင်းပါဘူးနော်၊ ကိုနေမင်းထင်လည်း အခုလို စိတ်နှလုံးတွေ အေးချမ်းသွားလို့ ဘုံ ဝမ်းသာပါတယ်''

ဘုံ အားလုံးရှေ့ကနေ လှည့်ပြီးထွက်လာခဲ့လေသည်။ ကိုနေမင်းထင်နှင့် ဘုံ ရင်ဆိုင်ဖို့အင်အားတွေ မဲ့သလို ဖြစ်နေရ၏။





ဘုံ့နှလုံးသားတွေထဲမှာ ထာဝရလွှမ်းမိုးနေခဲ့တာက နေပါပဲလေ။ ဒါပေမယ့် ဘုံ ဘဝလေးကို တစ်ကနေ ပြန်စရတော့မှာမို့ ဘုံ အရာအားလုံးကို စွန့်လွှတ်လိုက်ဖို့ပဲ ဖြစ်လေသည်။ ဒေါ်လေးမာယာ ဘုံနှင့် ယှဉ်တွဲပြီး ဘုံ့အား ကိုယ်ကျင့်တရား ပျက်ပြားတဲ့ မိန်းမ တစ်ယောက်အဖြစ် မမြင်စေလိုပေ။ ဘုံ တစ်ကနေပဲ ပြန်စရတော့မယ်။ ဘုံ အခန်းလေးထဲ ပြန်ဝင်လာခဲ့ပြီး ဘုံ့ပစ္စည်းတွေကို သိမ်းနေလိုက်သည်။

''ဘုံ''

''ဟင်''

''ဒီကနေ ပြန်ထွက်သွားတော့မလို့လား''

သူ ဘုံ့အခန်းလေးထဲသို့ ဝင်လာလေသည်။ ဘုံ ပစ္စည်းတွေ သိမ်းပြီး အနက်ရောင်စံအိမ်ကြီးမှ ထွက်သွားရန် ထလိုက်၏။ သူ ထိတ်ထိတ်ပြာပြာနှင့် ဘုံ့ရှေ့မှ တားထားလေသည်။

''ကိုယ့်ကိုထားခဲ့ပြီး ထွက်သွားတော့မလား ဘုံရယ်''

''ရှင်''



www.burmeseclassic.com

www.burmeseclassic.com



"အနက်ရောင်စံအိမ်ကြီးကို ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းတဲ့ စံအိမ်ကြီးအဖြစ် ပြုပြင်ပြောင်းလဲရမယ်လေ၊ ကိုယ်တစ်ယောက်တည်း မင်းထားခဲ့ရက်လားကွာ"

ဘုံ မျက်ဝန်းရွှဲရွှဲကြီးတွေက သူ့ဆီ ဆတ်ခနဲ ရောက်သွားရလေသည်။ မျက်တောင်ကော့လေးတွေ တဖျပ်ဖျပ် ရိုက်ခတ်ကာ အကြည့်တွေကို လွှဲဖယ်ပစ်လိုက်ရ၏။ ဘုံ ခန္ဓာကိုယ်လေးမှာ ရှက်သွေးလေးတွေ ဖြာဝေသွားရပြီး ထူထူအမ်းအမ်းလေး ဖြစ်သွားရလေသည်။

"ဘုံ"

"ဟင်"

"ကိုယ့်ကို တစ်ယောက်တည်း ထားခဲ့တော့မလား ဘုံ၊ အနက်ရောင်စံအိမ်ကြီးကို ပြန်ထူထောင်ဖို့ဆိုတာ မင်းလည်းလိုအပ်တယ်လေ၊ ကိုယ့်ကို ထားခဲ့ပြီး မင်းထွက်မသွားပါနဲ့လား"

ပူနွေးလှိုက်ခါလွန်း၍ ဘုံ ကျောက်ရုပ်လေးတစ်ရုပ်လို ရပ်နေမိလေသည်။ နေက သူ့အနားသို့ တဖြည်းဖြည်း တိုးကပ်





လာတော့၏။ ဘုံ့နှလုံးသားတွေ တဆတ်ဆတ်တုန်ရီလာရသည်။

"ဘုံ"

"ရှင်"

"ကိုယ် ဘုံ့ကိုချစ်တယ်၊ မင်းနဲ့ စတွေ့တွေ့ချင်းပဲ ကိုယ်ချစ်မိသွားရတာပါ၊ ဒါပေမယ့် ကိုယ် အတ္တကြီးနေမိတယ်၊ တစ်လောကလုံးကို မကျေမနပ်ဖြစ်ပြီး ဒေါသတွေ ပေါက်ကွဲနေမိတာပါ"

ဘုံကလည်း နေကို စပြီးတွေ့ဆုံရပြီးထဲက ချစ်ရတာပါ။ သံယောဇဉ်တွယ်ခဲ့ရတာပါလေ။ ဘုံ့ မျက်တောင်ကော့လေးတွေ တဖျပ်ဖျပ်ခါပြီး နေကို မရဲတရဲကြည့်မိလေသည်။

"ဘုံရယ်"

ရှက်သွေးလေးတွေ ဖြာပြီး ပန်းသွေးရောင်ထနေတဲ့ ဘုံရဲ့ မျက်နှာလေးအား ကြည့်ပြီး နေစိတ်တွေ မဝံ့မရဲ ဖြစ်လာကာ ဘုံ့ကိုယ်လုံးလေးအား ဆတ်ခနဲ ပွေ့ယူဖက်ထားလိုက်မိလေသည်။

"ဘုံ့ကို အရမ်းချစ်တာပဲ၊ ကိုယ့်ကို တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး မသွားပါနဲ့တော့၊ ဘုံလည်း ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်"

"ဘုံလည်း နေ့ကိုချစ်ပါတယ်၊ နေ့ကို ထားခဲ့ပြီး ဘုံ ဘယ်လိုလုပ်ပြီး ထွက်သွားရက်မှာလဲ နေရယ်၊ နေ့ကိုချစ်တယ်၊ နေ့ကို အရမ်းပဲချစ်ပါတယ်"

နွေ့လက်တွေက ဘုံ့ခန္ဓာကိုယ်လေးအား တင်းကြပ်စွာဖြင့် သိုင်းယူပွေ့ဖက်ထားလေသည်။ ဘုံကလည်း သူ့ရင်ခွင်ထဲသို့ တိုးဝင် ဖက်တွယ်ထားမိလိုက်တော့၏။ ချိုမြိန်ပူနွေးတဲ့ အနမ်းလေးတွေနှင့် အတူ ချစ်သူနှစ်ယောက်လုံး လှိုက်မောကြည်နူးနေကြလေတော့သည်။

သင်မြတ်နိုး



www.burmeseclassic.com